

mgyoe.com
SAMPLE BOOK
နောက်ဆုံးနတ်သူငယ်
နိုင်းနိုင်းစနေ
THE LAST ELF
ဆဋ္ဌမအကြိမ်
mgyoe.com

mgyoe.com
SAMPLE BOOK

# နောက်ဆုံးနတ်သူငယ်

နိုင်းနိုင်းစနေ

ဒီစာအုပ်က
အီတလီ အင်န်ဒါဆင်ပုံပြင် ရွှေဆု၊
ပြင်သစ်စိတ်ကူးယဉ်စာပေ ပထမဆု၊
အမေရိကန် နိုင်ငံခြားစာပေ တစ်သက်တာဆု စတဲ့
ဆုတွေကို ရရှိခဲ့တဲ့ စာအုပ်ဖြစ်ပါတယ်။

THE LAST ELF
Silvana De Mari

နောက်ဆုံးနတ်သူငယ် [ နိုင်းနိုင်းစနေ ]
9 782023 000045

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၃)

# ပုံနှိပ်မှတ်တမ်း

စာမူ မူပိုင် - စာရိပ်မြိုင်



# နိုင်းနိုင်းစနေ

## နောက်ဆုံးနတ်သူငယ်

ထုတ်ဝေသည့်အကြိမ် ♦ ဆဋ္ဌမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ

မျက်နှာဖုံးဒီဇိုင်း ♦ **Youn illustration**

အတွင်းဒီဇိုင်း ♦ ခိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၁၀၀၀

စာအုပ်တန်ဖိုး ♦ ၁၁၅၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘော်ကျင်း ၂ လမ်း။
သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

နိုင်းနိုင်းစနေ
နောက်ဆုံးနတ်သူငယ် / နိုင်းနိုင်းစနေ။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၃၂၈၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၃) နောက်ဆုံးနတ်သူငယ်

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ့်ဦးတည်ရာ ပျောက်ခဲ့သည့်တိုင်
ကျွန်မအနာဂတ်ကို လမ်းညွှန်ပေးခဲ့သော ဖခင်အား
ရည်စူးလျက်. . .

mgyoe.com

mgyoe.com SAMPLE BOOK

# ပထမပိုင်း

အဘွားပြောတာ မှန်တယ်။ စိတ်ကူးအိပ်မက်ကို အားပိုစိုက်မယ်၊ ပိုလုပ်မယ်၊ မိမိကိုယ်ကို ယုံကြည်မှုအပြည့်ရှိမယ်ဆိုရင် ကိုယ့်မျှော်လင့်ချက်က အကောင်အထည် ပေါ်နိုင်တယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ဒုတိယပိုင်း

ကိုယ်တို့ရဲ့ကံကြမ္မာကို ကိုယ်တို့မျှော်လင့်တဲ့အတိုင်း စီမံလို့ရတယ်။ ကံကြမ္မာဆိုတာ ကျောက်တုံးပေါ် ထွင်းထုထားတဲ့အရာမဟုတ်ဘူး။ ကိုယ်တို့ရဲ့ ကံကြမ္မာက ကိုယ်တို့ရဲ့ဘဝပါ။ တခြားသူရဲ့ စိတ်ကူးအိပ်မက် မဖြစ်သင့်ဘူး။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

မိုးရွာနေတာ ရက်အတန်ကြာပြီ။ ရွှံ့တောင် ခြေချင်းဝတ်မြုပ်နေပြီ။ မိုးသာမတိတ်ရင် ရေကန်ကြီးသဖွယ်ဖြစ်နေပြီဖြစ်တဲ့ လောကတစ်ခွင်မှာ ဖားတောင် ရေနစ် သေနိုင်တယ်။ ခြောက်သွေ့တဲ့နေရာမှာ မိုးအမြန်မခိုနိုင်ရင် နတ်သူငယ် သေရပါတော့မယ်။ ဒီလောကကြီး သိပ်ချမ်းနေတယ်။ အဘွားရဲ့မီးဖိုဘေးက သိပ်နွေးပါတယ်။ ဒါပေမဲ့ ဒါက ဟိုးအရင်တုန်းက အဖြစ်အပျက်ပါ။ နတ်သူငယ်လေး တွေးရင်းတွေးရင်း ရင်နာလာတယ်။

စိတ်ကူးအိပ်မက်ပေါ် အာရုံစူးစိုက်ရင် စိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်နိုင်တယ်လို့ အဘွား ပြောခဲ့ဖူးတယ်။ ဒါပေမဲ့ အဘွားက အိပ်မက်ထပ်မမက်တော့ဘူး။ တစ်ရက်မှာ ဘယ်တော့မှ ပြန်မလာနိုင်တော့တဲ့နေရာဆီ မေမေသွားလိုက်တဲ့နောက် အဘွား အိပ်မက်ထပ်မမက်တော့ဘူး။ နတ်သူငယ်က သိပ်ငယ်သေးတော့ အိပ်မက်မမက်နိုင်ဘူး။ ငယ်သေးလို့ အိပ်မက် မမက်နိုင်ဘူးဆိုတာက ဟုတ်ချင်မှလည်း ဟုတ်မှာပါ။

တစ်အောင့်လောက် မျက်စိမှိတ်ထားပြီး စိတ်ကူးအိပ်မက်ပေါ် နတ်သူငယ် အစွမ်းကုန် အာရုံစိုက်လိုက်တယ်။ အရေပြားခြောက်သွေ့ သွားတယ်လို့ သူခံစားလိုက်ရသလို မီးတောက်မီးညွန့်တွေ တောက်လာပြီး ခြေထောက်နှစ်ဖက် နွေးလာတယ်လို့လည်း ခံစားလိုက်ရတယ်။ တစ်ခုခု စားလိုက်ရတယ်လို့လည်း ခံစားလိုက်

mgyoe.com

mgyoe.com SAMPLE BOOK

ရတယ်။ မျက်စိကိုပြန်ဖွင့်တော့ သူ့ခြေထောက်က ပိုအေးသွားတယ်။ ဗိုက်လည်း ဆာသွားတယ်။ သူ့အာရုံစူးစိုက်မှု မလုံလောက်လို့ ဖြစ်ပါလိမ့်မယ်။

မိုးရေစိုနေတဲ့ ခေါင်းပေါ်က ဦးထုပ်စိုစိုကို သူပြင်လိုက်တယ်။ နတ်သူငယ်တိုင်းက ပုံစံတူ ဦးထုပ်အဝါရောင်လေး ဆောင်းထားကြတယ်။ ဦးထုပ်ကြမ်းက အင်မတန်လေးပြီး လုံလည်းမလုံပါဘူး။ မိုးရေတွေက လည်ပင်းတစ်လျှောက် စီးကျလာပြီး အင်္ကျီကနေတစ်ဆင့် ဘောင်းဘီထဲ စီးဝင်သွားတယ်။ နတ်သူငယ်ရဲ့အဝတ်အစားတွေက အဝါရောင်ပါ။ ကြမ်းပြီး စိုရွှဲရွှဲနဲ့ ညစ်ပတ် စုတ်ပြတ်ပါသေးတယ်။

တစ်နေ့နေ့မှာ စာကလေးအတောင်ပံလို နူးညံ့တဲ့၊ ဘဲမွေးလို နွေးထွေးတဲ့၊ ရွှေဝါရောင်၊ ပင်လယ်ပြာရောင် အဝတ်အစားကို သူပိုင်ဆိုင်မှာပါလေ။

တစ်နေ့နေ့မှာ ခြောက်သွေ့တဲ့ ခြေတစ်စုံ သူပိုင်ဆိုင်လာမယ်။

တစ်နေ့နေ့မှာ အမှောင်ပျောက်ကွယ်မယ်။

ဆီးနှင်းတွေ အရည်ပျော်မယ်။

နေရောင်ခြည် ရောက်လာလိမ့်မယ်။

ကြယ်ကလေးတွေ လင်းလက်လာလိမ့်မယ်။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာပေါ့။

အစာကို နောက်တစ်ကြိမ် သူစိတ်ကူးလိုက်ပြန်တယ်။ အဘွားလုပ်တဲ့ ပေါင်မုန့်ပြားကို သူ သတိရလိုက်တယ်။ လိုအင်ဆန္ဒကြောင့် သူ့ရင်ဘတ် နောက်တစ်ကြိမ် အောင့်လာပြန်တယ်။ သူမွေးလာကတည်းက အဘွားဟာ ပေါင်မုန့်ပြား တစ်ခါပဲ လုပ်ခဲ့ဖူးတာပါ။ အဲဒီတစ်ကြိမ်ကလည်း နောက်ဆုံးအကြိမ် ဆန်းသစ်လပွဲတော်မှာပါ။ အဲဒီတုန်းက နတ်သူငယ်တွေတောင် ဂျုံမှုန့်အိတ်ဝက်စီ ခွဲတမ်းရသေးတယ်။ လရောင်လည်း ကြည်လင်သေးတဲ့အချိန် ဖြစ်တယ်။

မိုးထဲက အခြေအနေကို သေချာကြည့်ချင်လို့ နားထင်ပေါ် နတ်သူငယ်လက်ဖဝါးတင်လိုက်တယ်။ အလင်းရောင် တဖြည်းဖြည်းမှိန်လာပြီ။ မကြာခင်မှောင်လာတော့မယ်။ မမှောင်ခင် ခိုလှုံဖို့နေရာတစ်ခု ရှာရမယ်။ နေရာတစ်ခုခုနဲ့ စားစရာလေးတော့ ရှိရမယ်။ ဒီလိုမှမဟုတ်ရင် တစ်ညလုံး ရွှံ့ထဲ ဗိုက်ဟောင်းလောင်းနဲ့နေရင် မနက်ဖြန်အထိ သူတောင့်ခံနိုင်မှာ မဟုတ်ဘူး။

မျက်လုံးဝိုင်း နှစ်လုံးကိုမှေးပြီး မှိုင်းရီရီ သစ်ရိပ်ကြားထဲ သူရှာဖွေလိုက်တယ်။ ပိုမှိန်တဲ့အရိပ်တစ်ခုကို အဝေးမှာ ခပ်မှုန်မှုန် သူမြင်လိုက်တယ်။ သူ့ရင်ဆတ်ခနဲ ခုန်သွားတယ်။ မျှော်လင့်ချက်က တစ်ဖန် နိုးထလာတယ်။ ရှေ့ကို သူ

mgyoe.com

mgyoe.com  SAMPLE BOOK 

အမြန်ဆုံးသွားလိုက်တယ်။ နွမ်းလျတဲ့ ခြေအစုံ ဒူးခေါင်းအောက်ပိုင်းက လုံးဝအား မရှိ ဆုတ်ယုတ်နေခဲ့ပြီ။ အဲဒီအရိပ်မည်းကို မလွတ်တမ်း သူစိုက်ကြည့်ထားတယ်။ မိုးပိုသည်းလာတယ်။ အဲဒီနေရာက သစ်ပင်ရဲ့ ပိုမှောင်တဲ့အခြမ်း ဖြစ်နေမှာကို သူ စိုးရိမ်သွားမိတယ်။ တစ်ဆက်တည်းမှာပဲ အိမ်ခေါင်မိုးနဲ့ နံရံကို သူမြင်လိုက်တယ်။ သစ်တုံး၊ ကျောက်တုံးနဲ့ဆောက်ထားတဲ့ နွယ်ပင်တွေ တွယ်တက်နေတဲ့ အိမ်ငယ်လေးတစ်လုံးက တောအုပ်မှာ ဘွားခနဲ ပေါ်လာတယ်။

ဒါဟာ သိုးထိန်းသမား ဒါမှမဟုတ် မီးသွေးဖုတ်သမားရဲ့အိမ်ဖြစ်လိမ့်မယ်။ အဘွားပြောတာ မှန်တယ်။ စိတ်ကူးအိပ်မက်ကို အကြိမ်ကြိမ် အာရုံစူးစိုက်ရင် မိမိကိုယ်ကို ယုံကြည်မှုပြည့်စေပြီး ကိုယ့်မျှော်လင့်ချက်ကိုလည်း အကောင်အထည်ပေါ်စေတယ်။ နွေးထွေးတဲ့မီးဖိုတစ်ဖိုကို နတ်သူငယ် စိတ်ကူးအိပ်မက် မက်လိုက်ပြန်တယ်။ သူ့ခေါင်းထဲမှာ အခိုးအငွေ့ရယ်၊ အပူငွေ့နဲ့ သစ်မာစေးနံ့တွေ ပြည့်သွားတယ်။ မိနစ်ပိုင်းလောက်တော့ သူနွေးထွေးသွားတာပဲ။ ဒါပေမဲ့ ခွေးဟောင်သံက သူ့ကို လန့်နိုးလိုက်တယ်။ ဘေးဘီကို သူကြည့်လိုက်တယ်။ သူမှားသွားတယ်။ ဒါအိပ်မက် မဟုတ်ဘူး။ အခိုးအငွေ့၊ အပူငွေ့နဲ့ သစ်မာစေးနံ့က တကယ်ရှိနေတာပါ။ လူသားတွေမှာသာရှိတဲ့ မီးဖိုဘေးကို သူ ရောက်နေတာပါ။

စိတ်ကူးနဲ့ရူးတာက လူကို သေစေနိုင်တယ်။

နားကွဲမတတ် ဟောင်လိုက်တဲ့ ခွေးဟောင်သံကြောင့် နတ်သူငယ် ထွက်ပြေးရတယ်။ သူ လွတ်မှလွတ်ပါ့မလား. . . မတော် လူတွေ ဖမ်းမိသွားရင် ဆာလောင်ရ၊ အေးခဲရတဲ့အထဲ အေးအေးဆေးဆေးတောင် သေရပါ့မလား မသိဘူး။ ခြေတစ်ဖက်က သစ်ကိုင်းနဲ့ ခလုတ်တိုက်မိပြီး ရွံ့ထဲ နတ်သူငယ် ဟပ်ထိုးမှောက်လဲသွားတယ်။ ခွေးက သူ့ကိုယ်ပေါ် ချက်ချင်းခုန်တက်လာတယ်။ သွားပြီလေ။

နတ်သူငယ် အကြောက်လွန်ပြီး အသက်တောင် မရှူရဲဘူး။

တစ်အောင့်ကြာတော့ ခွေးက သူ့လည်ပင်းကို နမ်းရှုပ်ပြီး ဖိထားတယ်။ သူ့ကိုတော့ သွားနဲ့ မခဲလိုက်ဘူး။

"သူ့ကို လွှတ်လိုက်. . . " လူသံပြင်းပြင်း တစ်ချက်ပေါ်လာတယ်။

ခွေးနောက်ဆုတ်သွားတယ်။ နတ်သူငယ် အသက်ပြန်ရှူပြီး ခေါင်းမော့ကြည့်လိုက်တယ်။ အဲဒီလူက အရပ်တော်တော်မြင့်တယ်။ ခေါင်းမှာ အမွေးဝါဝါက ကြိုးလိုတွန့်လိမ်နေတယ်။ မျက်နှာပေါ်မှာ အမွေးမရှိဘူး။ အဘွားပြောဖူးတာက လူသားတွေရဲ့မျက်နှာပေါ်မှာလည်း အမွေးရှိတယ်တဲ့။ နှုတ်ခမ်းမွေးလို့ ခေါ်တယ်

mgyoe.com

SAMPLE BOOK


တဲ့။ ဒါက နတ်သူငယ်တွေနဲ့ မတူတဲ့အရာပေါ့။ နတ်သူငယ် ကြိုးစားတွေးတောပြီး အမှတ်ရလိုက်တယ်။

"နင်က လူသားအမတစ်ယောက်ပေါ့"

သူက ဝမ်းသာအားရပြောလိုက်တယ်။

"ဒါကို 'မိန်းမ' လို့ခေါ်တယ်. . . ငတုံးရဲ့" လို့ လူသားက ပြောတယ်။

"ဩော်. . . ဆောရီး. . . ဆောရီး. . .။ "မိန်းမငတုံး" ကျွန်တော် သိပါပြီ။ အခေါ်အဝေါ်မှန်ဖို့ ကျွန်တော် ပိုသတိထားပါ့မယ်။ မိန်းမငတုံး. . ."

နတ်သူငယ် အားတက်သရော ပြောတယ်။ လူသားရဲ့ ဘာသာစကားက ရှုပ်လိုက်တာ။ သူသိပ်မတတ်သေးဘူး။ ပြီးတော့ လူသားတွေက တော်ရုံ အထိခိုက် မခံဘူး။ အထိခိုက်ခံရရင် လူက ပိုကြမ်းတမ်းလာတတ်တယ်။ ဒါကလည်း အဘွား ပြောခဲ့ဖူးတဲ့ လူသားနဲ့ နတ်သူငယ်တို့ မတူတဲ့အချက်ဖြစ်တယ်။

"ကောင်လေး. . . နင် ပုံဆိုးပန်းဆိုး သေသွားချင်သလား. . ."

"မိန်းမငတုံး" က ခြိမ်းခြောက်တယ်။

နတ်သူငယ် နားမလည်ဖြစ်ရတယ်။ အဘွားပြောပုံအရ ဒါဟာ ဘာကျိုး ကြောင်း ဆီလျော်တဲ့ မေးခွန်းမဟုတ်ဘူး။ "မိုက်မဲ" တဲ့စကားလို့လည်း ပြောနိုင် တယ်။ ဒါဟာ လူသားမျိုးနွယ်နဲ့ နတ်သူငယ်မျိုးနွယ်တို့ကြား အခြေခံကျဆုံး ခြားနားချက် ဖြစ်တယ်။ အဘွား သတိပေးခဲ့ပေမယ့် ဒီမေးခွန်းက မိုက်မဲလွန်း လှတာမို့ သူဘယ်လို ပြန်ဖြေရမှန်းတောင် မသိဘူး။

"ဟင့်အင်း. . . ကျွန်တော် မသေချင်ဘူး. . . မိန်းမငတုံး"

နတ်သူငယ် တိတိကျကျ ပြောလိုက်တယ်။

"ကျွန်တော် ပုံဆိုးပန်းဆိုး မသေချင်ပါဘူး။ ကျွန်တော့်မှာ အဲဒီအစီ အစဉ် မရှိပါဘူး" နတ်သူငယ် အလေးထားပြောပြန်တယ်။

"ငတုံးလို့ နင်ထပ်ပြောကြည့်. . . ခွေးလွှတ်ပြီး ကိုက်ခိုင်းလိုက်မယ်။ အဲဒါဆဲတဲ့စကား၊ သိလား" မိန်းမက စိတ်တိုတိုနဲ့ ရှင်းပြတယ်။

"ဩော်. . . ကျွန်တော် နားလည်ပါပြီ"

တစ်ဖက်က လိမ်ဖြေရင်း တစ်ဖက်က သူပြောတဲ့စကားအဓိပ္ပာယ်ကို နတ် သူငယ် အသည်းအသန် အဖြေရှာတယ်။ ဒီမိန်းမက ဘာလို့ အဆဲခံနေရတာပါလိမ့်။

"နင်က တကယ့် နတ်သူငယ်လား. . ."

နတ်သူငယ် ခေါင်းညိတ်လိုက်တယ်။ စကားနည်းလေ ကောင်းလေပဲ။

mgyobe.com

mgyoe.com SAMPLE BOOK

ခွေးကို သူ စိုးရိမ်တကြီး တစ်ချက်ကြည့်လိုက်တယ်။ ခွေးက သူ့ကို သွားဖြဲပြတယ်။

"တို့. . . နတ်သူငယ်ကို မကြိုက်ဘူး" မိန်းမက ပြောတယ်။

နတ်သူငယ် ခေါင်းညိတ်လိုက်ပြန်တယ်။ ကြောက်ရွံ့စိတ်နဲ့ ချမ်းတဲ့ဒဏ်ကြောင့် သူတုန်နေတယ်။ ဘယ်လူသားကမှ နတ်သူငယ်ကို မကြိုက်ဘူးတဲ့. . . အဘွား အမြဲပြောတယ်။

"နင် ဘာလုပ်ချင်တာလဲ။ နင် ဘာဖြစ်လို့ ဒီကိုရောက်လာတာလဲ. . ." မိန်းမက မေးတယ်။

"ချမ်း. . ." နတ်သူငယ်အသံက ပြတ်တောင်းပြတ်တောင်းနဲ့။ သူ တုန်နေတယ်။

"ဒီအိမ်ငယ်လေး. . ." သူ့အသံ ပြတ်သွားပြန်တယ်။

"အေးပြီး သေသွားမယ့်ပုံစံမျိုး ဟန်မဆောင်ပါနဲ့။ နင်က နတ်သူငယ်မဟုတ်လား. . . နင့်မှာ မှော်အစွမ်းရှိတယ် မဟုတ်လား။ နတ်သူငယ်တွေက ချမ်းမှာ၊ ဆာမှာ မကြောက်ဘူး။ သူတို့က ကိုယ့်ကိုယ်ကိုယ် မချမ်းအောင်၊ မဆာအောင် အချိန်မရွေး လုပ်လို့ရတယ်"

နတ်သူငယ် အကြာကြီး စဉ်းစားပြီးမှ မိန်းမပြောတာကို နားလည်တယ်။ နောက်ဆုံး သူ သဘောပေါက်သွားတယ်။

"တကယ်လား. . ." သူ ဝမ်းသာအားရ မေးတယ်။

"ကျွန်တော် တကယ်ပဲလုပ်နိုင်သလား. . . ဒီလိုဆိုရင် ကျွန်တော် ဘယ်လိုလုပ်ရမလဲ"

"ငါ ဘယ်သိမှာလဲ. . ." မိန်းမက စိတ်တိုတိုနဲ့ ပြောတယ်။

"နင်က နတ်သူငယ်လေ. . . ငါမှမဟုတ်တာ။ ငါက ဆိုးတဲ့လူသား. . . ငါ့လို တုံးတဲ့၊ အ,တဲ့ လူကမှ ငတ်ရ၊ အေးခဲရမှာ"

အဲဒီလူသားရဲ့စကားက စူးရှရှနဲ့ စိတ်မသက်သာစေဘူး။

ကြောက်ရွံ့ခြင်းက နတ်သူငယ်တစ်ကိုယ်လုံး စီးဆင်းသွားပြီး သဲကန္တာရလို ခြောက်ကပ်နေတဲ့ သူ့အာခေါင်ကိုဖြတ်ကာ မျက်နှာပေါ် ရောက်လာတယ်။ သူငိုလိုက်ပေမယ့် မျက်ရည်က စီးကျမလာဘူး။ ကြောက်တဲ့စိတ်ကြောင့် ရှိုက်သံပဲ ထွက်လာတယ်။

"နင် ဘာဖြစ်ပြန်တာလဲ. . . နင့်ကို ငါဘာမှလည်း မလုပ်ရပါလား"

အသံကျယ်ကျယ်နဲ့ မိန်းမပြောလိုက်တယ်။ နတ်သူငယ် ငိုနေတုန်းပဲ။

mgyoe.com

 mgyoe.com SAMPLE BOOK 

ရင်နာစရာငိုသံက စိတ်ဝိညာဉ်ကို တစ်စစီဖဲ့ခြွေလို့. . . တစ်လောကလုံးရဲ့ ဝမ်းနည်းခြင်းတွေ ပါဝင်နေတယ်။

"နင်က ကလေးပဲ ရှိသေးတယ်ထင်တယ်" မိန်းမက မေးတယ်။

"မွေးတာ သိပ်မကြာသေးဘူး လူသားလူကြီးမင်းခင်ဗျား. . ."

နတ်သူငယ် အမှန်အတိုင်းဖြေတယ်။ တစ်ဘက်သားကို စော်ကားမိတဲ့ စကားတစ်ခွန်း မပြောမိဖို့ သူကြိုးစားစဉ်းစားပြီး တဆက်တည်း ပြောလိုက်တယ်။

"နင့်မှာ ဘာမှော်အစွမ်းရှိလဲ. . . ငါ့ကို အမှန်အတိုင်းပြော" မိန်းမ ထပ်မေးလိုက်တယ်။ နတ်သူငယ်က မိန်းမကိုပဲ ကြည့်နေတယ်။ သူပြောတဲ့စကားက အကြောင်း မညီညွတ်ဘူး။

"မှော်အစွမ်းဟုတ်လား. . . ." နတ်သူငယ် မေးလိုက်တယ်။

"နင်လုပ်နိုင်တာ အားလုံးပေါ့"

"ဩော်. . . အဲဒါလား. . . အင်း. . . အများကြီးရှိတယ်။ ကျွန်တော် စဉ်းစားကြည့်မယ်နော်။ အသက်ရှူတာ၊ လမ်းလျှောက်တာ၊ ကြည့်တာ. . . လုပ်တတ်တယ်။ ပြေးလည်း ပြေးတတ်တယ်၊ စကားလည်း ပြောတတ်တယ်၊ စားစရာ ရှိရင် စားတတ်တယ်" နတ်သူငယ်ရဲ့စကားသံက မြန်လာတယ်။ မိန်းမက အိမ်တံခါးဝမှာ ခေါင်းငိုက်စိုက် ထိုင်ချလိုက်တယ်။ တစ်အောင့်ကြာမှ ထရပ်တယ်။

"နင့်ကို အပြင်ဘက်မှာပဲထားရင် ငါ့ကိုယ်ငါ လိပ်ပြာမလုံဘူး။ နင် ဝင်လာပါ။ မီးဖိုဘေးမှာ ထိုင်လို့ရတယ်"

နတ်သူငယ်ရဲ့ မျက်လုံးအစုံမှာ ကြောက်တဲ့ အရိပ်အယောင် ပြည့်သွားပြီး နောက်ကို သူခြေတစ်လှမ်း ဆုတ်လိုက်တယ်။

"တောင်းပန်ပါတယ်. . . လူသားလူကြီးမင်း. . . မ. . . မ. . ."

"နင် ဘာဖြစ်ပြန်တာလဲ"

"မီးမသုံးပါနဲ့. . . ကျွန်တော် အမြဲလိမ္မာပါတယ်။ တောင်းပန်ပါတယ်။ လူသားလူကြီးမင်း. . . ကျွန်တော့်ကို မစားပါနဲ့"

"နင့်ကိုစားမယ် ဟုတ်လား. . . နင် ဘာတွေပြောနေတာလဲ"

"ရိုစ်မယ်ရီ (Rosemary) မှုန့်လည်းဖြူးဦးမယ်လို့ ကျွန်တော် ထင်တယ်။ အဘွားအသက်ရှင်တုန်းက ကျွန်တော့်ကိုပြောဖူးတယ်။ နင်မလိမ္မာရင် လူသားတွေက နင့်ကိုယ်ပေါ် ရိုစ်မယ်ရီမှုန့်ဖြူးပြီး ကင်စားလိမ့်မယ်တဲ့. . ."

"နင့်အဘွားက နင့်ကို ဒီလိုပြောတာလား. . . ကောင်းပြီလေ. . ."

mgyoe.com

ကောင်းပြီဆိုတဲ့ စကားကို ကြားတာနဲ့ နတ်သူငယ် ပျော်သွားတယ်။ ဒီစကားရဲ့အဓိပ္ပာယ်ကို သူသိတာမို့ လုံခြုံသွားပြီလို့ သူထင်တယ်။ သူ့မျက်နှာ ဝင်းပလာပြီး အပြုံးသန်းလာတယ်။

"တကယ်ပါ. . . နည်းနည်းမှ မလွဲပါဘူး။ အဘွားက ပြောတယ်. . . 'လူသားက လူလည်းစားတယ်။ ဒါဟာ သူတို့ကို ချီးကျူးလို့ရနိုင်တဲ့ တစ်ခုတည်း သောအရာပဲ' တဲ့"

ဒီတစ်ခေါက် နတ်သူငယ်ပြောတာ မှန်သွားတယ်။ စကားမှန်တစ်ခွန်း ကို သူ ပြောနိုင်သွားပြီ။ အဲဒီလူသားက စိတ်မဆိုးတဲ့အပြင် သူ့ကိုအတန်ကြာ ကြည့်ပြီး တဟားဟား အော်ရယ်တယ်။

"ဒီည ငါ့မှာ စားဖို့ အစားအစာ လုံလုံလောက်လောက် ရှိတယ်။ နင် ဝင်လာလို့ရတယ်" မိန်းမက သူ့ကို နှစ်သိမ့်လိုက်တယ်။

အိမ်ထဲကို နတ်သူငယ် ဖြည်းဖြည်းချင်း လှမ်းဝင်လိုက်တယ်။ အပြင်မှာပဲ နေရင် အေးခဲပြီး သူသေသွားမှာပါ။ ဘာမှလည်း ထပ်ဆုံးရှုံးစရာ မရှိတော့ပါဘူး။

ထင်းရှူးသီးနဲ့ဖိုထားတဲ့မီးဖိုက တဟုန်းဟုန်း တောက်နေတယ်။ ထင်းရှူး စေ့နံ့ မွှေးကြိုင်နေတယ်။ ဒါဟာ ရက်တော်တော်ကြာမှ သူပထမဆုံး ခြေချတဲ့ ခြောက်သွေ့တဲ့နေရာပါ။ မီးဖိုပေါ်မှာ ပြောင်းဖူးစစ်စစ်တစ်ဖူး ဖုတ်ထားတယ်။ ဒါကို နတ်သူငယ် ငေးစိုက်ကြည့်မိတယ်။

အဲဒီနောက် ထူးခြားမှုတစ်ခု ဖြစ်သွားတယ်။ မိန်းမက ဓားယူပြီး သူ့အရေ ပြား၊ သူ့အသားကို မလှီးဖြတ်ဘဲ ပြောင်းဖူးကို နှစ်ပိုင်းပိုင်းပြီး သူ့ကိုတစ်ပိုင်းပေးတယ်။

နတ်သူငယ်က မိန်းမအပေါ် သံသယနည်းနည်း ဖြစ်သွားမိတယ်။ ဒီမိန်းမ က လူဆိုးတော့ မဟုတ်လောက်ဘူး။ ကြည့်ရတာ သူ့ကိုအရင်ဝအောင် ကျွေးမွေး ပြီး ရိုးစ်မယ်ရီမှုန့်ရမှာပဲ. . . ပြောင်းဖူးကို အရင်စားလိုက်ပါမယ်လေ။ ပြောင်းဖူး ကို တစ်စေ့ချင်း သူစားနေလိုက်တယ်။ အချိန်ဆွဲပြီး စားနေလိုက်တယ်။

ပြောင်းဖူးကုန်သွားတဲ့အချိန် မိုးလည်း စုန်းစုန်းချုပ်နေပြီ။ ပြောင်းဖူး ရိုးပြောင်အောင် သူ ကိုက်စားလိုက်တယ်။ အဲဒီနောက် ကြမ်းတမ်းစိုစွတ်နေတဲ့ ခြုံထည်ကိုခြုံပြီး သူအိပ်လိုက်တယ်။ ယိမ်းနွဲ့နေတဲ့ မီးတောက်ဘေးမှာ နတ်သူငယ် ဟာ ကြွက်ကလေးတစ်ကောင်လို ကွေးကျုံ့အိပ်လိုက်တော့တယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

အရုဏ်အလင်းက ခါတိုင်းအရုဏ်အလင်းလို မှိန်ဖျော့ဖျော့လေးပါပဲ။ အလင်းတန်းတွေက အိမ်နံရံကြားတိုးဝင်လာပြီး လက်ကျန်မီးကျည်ခဲက အူထနေတဲ့ မီးခိုးမည်းမည်းကို ထိုးဖောက်သွားတယ်။

နတ်သူငယ် နိုးထလာတော့ ထူးခြားတဲ့ခံစားချက်ကို ရလိုက်တယ်။ ဘာခံစားချက်လဲ ဆိုတာကို ချက်ချင်း သူမပြောပြတတ်ဘူး။ သူ မချမ်းတော့ဘူး၊ သူ မဆာတော့ဘူးဆိုတာကို တစ်ဆက်တည်း သူသိလိုက်တယ်။ ခြေထောက်နှစ်ဖက်လည်း မစိုတော့ဘူး။

ဘဝက သိပ်သာယာလှပနိုင်ပါတယ်။

ပြီးတော့ မိန်းမက သူ့ကိုလည်း မစားပါဘူး။

နတ်သူငယ် သတိနဲ့ ကုန်းထလိုက်တယ်။ သူ့ကိုယ်ပေါ်မှာ တကယ့်သိုးမွေးစစ်စစ်နဲ့ လုပ်ထားတဲ့ တဘက်ကြီးတစ်ထည် ခြုံထားတယ်။ မီးခိုးရောင်အကြမ်းထည် သိုးမွေးကြီးပါ။ အခြားအမွေးအထည်ထက် အပေါက်တွေ အများကြီး အပိုပါနေပေမယ့် ဒါဟာ တကယ့်သိုးမွေးစစ်စစ်ကြီးပါ။ မိန်းမက သူ့ကိုယ်ပေါ် ခြုံပေးထားတာဖြစ်လို့ သူမချမ်းတော့တာပါ။ မိန်းမက စိတ်မရှုပ်ဘဲ ဘာလို့ ဒီလို လုပ်တာပါလိမ့်။ သူအေးခဲနေရင် စားမကောင်းမှာ စိုးလို့လား။

မိန်းမက အစောကြီးနိုးနေပြီး မီးကို ဖယ်နေတယ်။ တုတ်သေးသေး

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ချောင်းနဲ့ မီးကျည်ခဲတချို့ ညှပ်ပြီး ကောက်ရိုးနဲ့ သစ်ဆွေးထည့်ထားတဲ့ သံစက်လုံးတစ်ခုထဲ ထည့်နေတယ်။

ဒီလိုလုပ်ရပ်က တုံးတိ အ,တနိုင်တယ်လို့ နတ်သူငယ်ထင်တယ်။ ဒါက လူသားတွေပဲ လုပ်တတ်တဲ့အလုပ်ဖြစ်တယ်။ နတ်သူငယ်က ဘာမှမပြောဘဲ တဘက်ကို ပြန်ပေးလိုက်တယ်။

"ယူထားလိုက်ပါ။ မနေ့ညက နင်ချမ်းပြီး တုန်နေတယ်"

မိန်းမက ရေရွတ်တယ်။

မိန်းမက မီးခိုးအူနေတဲ့သံစက်လုံးကို သစ်ကိုင်းတစ်ခုမှာချိတ်ပြီး သားရေတစ်ခုနဲ့ ထုပ်လိုက်တယ်။ ပြီးမှ ကျောပေါ် လွယ်လိုက်တယ်။

"ငါ ဒယ်လီဂါ(Daligar) ပြည်သွားမလို့. . . အဲဒီနေရာက တောင်တွေရှိတဲ့ ကုန်းပြင်မြင့်ပါ။ ရေတွေက ကုန်းပြင်မြင့်ကနေ စီးကျလာတယ်လို့ သူတို့ပြောကြတယ်။ အဲဒီနေရာမှာ လယ်နဲ့ စိုက်ပျိုးလို့ရတဲ့ မြေရှိတယ်"

မိန်းမက ရုတ်တရက် ပြောတယ်။

တစ်လောကလုံး တိတ်ဆိတ်နေတယ်။ အဲဒီစကားရဲ့အဓိပ္ပာယ်ကို နတ်သူငယ် စဉ်းစားနေတယ်။ သူလည်းလိုက်မယ်လို့ သူပြန်ပြောသင့်တယ် ထင်ပါတယ်။

ဒါပေမဲ့ ရှက်စရာကောင်းတာက ဘယ်သွားမယ်ဆိုတာကို သူ မသိပါဘူး။ နဂိုနေရာကနေ သူထွက်လာခဲ့ရတာကလည်း အဲဒီနေရာမရှိတော့လို့ပါ။ မရှိတော့တာ မဟုတ်ဘူး ၁၀ မီတာမြင့်တဲ့ ရေ ရွှံ့နဲ့ သစ်ကျိုးသစ်ပဲ့တွေ ဝါးမျိုလိုက်လို့ ပြောရမယ်။

"ဘာဖြစ်နေတာလဲ. . . နင့်လျှာကို ကြောင်စားသွားလို့လား. . ."

မိန်းမက မေးတယ်။

"ဒီမှာ ကြောင်မှ မရှိတာအရှင်" နတ်သူငယ် ပြောလိုက်တယ်။ လူသားတွေကို ခေါ်ဝေါ်တဲ့စကားကို သူမှတ်မိပါပြီ။

"ဒီအကောင်ကို ခွေးလို့ခေါ်ပါတယ် အရှင်။ သူက ကျွန်တော့်လျှာကို စားလိုက်ရင် အခုအချိန်မှာ ကျွန်တော့်ပါးစပ်တစ်ခုလုံး သွေးတွေ. . ."

သူစိတ်ရှည်လက်ရှည် ယဉ်ယဉ်ကျေးကျေး ရှင်းပြနေမိတယ်။ ဒါပေမဲ့ မိန်းမက သူ့စကားကို ဖြတ်လိုက်တယ်။

"တော်ပြီ. . . တော်ပြီ. . . မပြောနဲ့တော့. . ."

မိန်းမက သူ့ကိုကြည့်ပြီး ခါတိုင်းထက်ပိုရှည်တဲ့ သက်ပြင်းတစ်ချက်

mgyoe.com

mgyoe.com

ချလိုက်တယ်။ အဲဒီနောက် ခေါင်းခါပြီး "အသိဉာဏ်နဲ့ မှော်အစွမ်းက နောက်မှ ရှိလာမယ် ထင်ပါတယ်။ အံသွားပေါက်သလိုမျိုးပေါ့"

"ဘယ်လိုမျိုးလဲ. . . လူကြီးမင်း"

နတ်သူငယ်က 'သွား' ဆိုတဲ့စကားလုံးကိုကြားတာနဲ့ ချောက်ချားလာတယ်။ ယဉ်ကျေးတဲ့ ဘယ်လိုအခေါ်အဝေါ်ကမှ အမှန်လဲဆိုတာ သေချာသိရရင် သိပ်ကောင်းမှာပဲ။

"နောက်ဆုံးမှာပေါက်တဲ့ သွားပေါ့။ တခြားသွားတွေပေါက်ပြီးမှ ပေါက်တဲ့သွား"

မိန်းမက အံသွားနေရာပြလိုက်တယ်။ ကြောက်စရာကောင်းတဲ့ ဒီကိစ္စက နတ်သူငယ်ကို ငိုစေပြန်ပါတယ်။

"ခင်ဗျားပြောတော့ ကျွန်တော့်ကိုမစားဘူးဆို အရှင်. . . "

သူရှိုက်ကြီးတငင် ဆိုတယ်။

မိန်းမက သက်ပြင်းရှည်ကြီးတစ်ချက် မှုတ်ထုတ်လိုက်ပြန်တယ်။

"ဟုတ်တယ်. . . ဟုတ်တယ်. . . နင်ပြောတာမှန်တယ်။ ငါ တကယ်ပြောခဲ့တယ်။ ဒါကြောင့် အခု ဘာမှမဖြစ်ဘူး. . . နင့်ကိုလည်း မစားဘူး" မိန်းမက ဖြေတယ်။

ခွေးကို လက်ဖျောက်တစ်ချက်တီးပြီး တံခါးဘက် မိန်းမသွားလိုက်တယ်။ နတ်သူငယ် စိတ်မကောင်းဖြစ်မိတယ်။ မိန်းမက ရှုးသွပ်လွန်းတယ်၊ စိတ်အပြောင်းအလဲ မြန်လွန်းတယ်ဆိုပေမယ့် တစ်ယောက်တည်းနေတာထက်စာရင် အဖော်ရပါတယ်။ နတ်သူငယ်ရဲ့နှလုံးသား ဆစ်ခနဲဖြစ်သွားတယ်။ အရာအားလုံးက ညမှာရောက်လာတဲ့အမှောင်လို ဝမ်းနည်းစရာတွေ ပြည့်နေတယ်လို့ သူခံစားရတယ်။

ဖြစ်သလိုဆက်ထားတဲ့ ထင်းရှူးသားနဲ့လုပ်ထားပေမယ့် တံခါးက ကြီးပြီး ခိုင်တယ်။ ကြေးသံကွင်းတွေနဲ့ ဆက်ထားတယ်။

"ဒီသစ်သားအိမ်က မုဆိုး ဒါမှမဟုတ် သားရေကုန်သည်ရဲ့အိမ်ဖြစ်မယ်။ မီးသွေးဖုတ်သမားရဲ့အိမ်တော့ မဟုတ်လောက်ဘူး" မိန်းမကပြောတယ်။

ခွေးက မိုးရေထဲ မြူးထူးခုန်ပေါက် ဝင်သွားတယ်။

မိန်းမက အိမ်တံခါးဝမှာရပ်ပြီး အိမ်ထဲကြည့်လိုက်တယ်။ သူ့အကြည့်က အပေါ်ဘက် ကျောက်သွပ်ပေါ် ရောက်သွားတယ်။ အခြေအနေ ကောင်းနေပါသေးတယ်။ အဲဒီနောက် အောက်ဘက် ကျောက်ကြားမှာ လေကာဖို့ ထိုးထည့်ထား

mgyoe.com

mgyoe.com SAMPLE BOOK

တဲ့ သစ်သားတုံးကို သူ အသေးစိတ်လိုက်ကြည့်တယ်။ အဲဒီသစ်သားတုံးက ခြောက်သွေ့နေပြီး မှိုတက်မနေဘူး။ အပေါ်မှာတော့ အနည်းငယ်အက်နေတယ်။

"ဒီအိမ်က စွန့်ပစ်အိမ်မဟုတ်ဘူး။ အိမ်ရှင် အချိန်မရွေး ပြန်လာနိုင်တယ်" မိန်းမကပြောတယ်။ သူ့စကားရဲ့အဓိပ္ပာယ်ကို နတ်သူငယ်လေး နားလည်လိုက်တယ်။

"သူတို့က နတ်သူငယ်ကို စားလား. . ."

"သူတို့က နတ်သူငယ်ကို လုံးဝကြိုက်မှာမဟုတ်ဘူး။ တကယ်လို့ ငါသာနင်ဆိုရင် ဒီမှာနေပြီး သူတို့ကို ဒီမေးခွန်းမေးမှာ မဟုတ်ဘူး"

မိန်းမက ပြောတယ်။

အပြင်ဘက်ကို နတ်သူငယ် တစ်ဟုန်ထိုး ပြေးထွက်သွားတယ်။ ခွေးထက်တောင် အပြေးမြန်သွားတယ်။

ခရီးအတူထွက်တော့ လူသားက နတ်သူငယ်ကို မေးတယ်။

"နင့်မှာ နာမည်ရှိလား. . ."

"ရှိတယ်. . ." နတ်သူငယ်က အသံကျယ်ကျယ်ပြန်ဖြေတယ်။

"အဲဒီနာမည်က ဘာဖြစ်မှာပါလိမ့်" မိန်းမက တစ်ချက်ညည်းလိုက်တယ်။

"မဟုတ်ဘူး. . . ဘာဖြစ်မှာပါလိမ့် မဟုတ်ဘူး။ 'ဘာဖြစ်' ဆိုတာက မသေချာတဲ့အရာကို ညွှန်းတာ။ ဒါကြောင့် ဘာဖြစ်မှာပါလိမ့်လို့ ခင်ဗျား မမေးရဘူး အရှင်။ ဘာလဲလို့ မေးရမှာ. . ." အဘွားသင်ပေးခဲ့တဲ့ လူသားစကားပြောနည်းကို နတ်သူငယ် သတိရလိုက်တယ်။

"နင့် နာ မည် ဘယ် လို ခေါ် လဲ" မိန်းမ အော်လိုက်တယ်။

နတ်သူငယ် လန့်ဖျပ်ပြီး ငိုမဲ့မဲ့ဖြစ်သွားတယ်။

"ဘာမှမဟုတ်ဘူး. . . ဘာမှမဟုတ်ဘူး။ ငါမအော်တော့ဘူးလို့ ကတိပေးတယ်။ မငိုနဲ့. . . နင်မငိုနဲ့ ငါမအော်တော့ဘူး။ နင့်ကိုလည်း ငါမစားဘူး။ နင့်နာမည် ဘယ်လိုခေါ်လဲ ငါ့ကိုပြောပြ"

"Yorshkrunsquarklejolnerstrink"

"နောက်တစ်ခေါက် ထပ်ပြောလို့ရလား" မိန်းမက ပြောတယ်။

"ရတာပေါ့. . . ကျွန်တော် ထပ်ပြောလို့ရတာပေါ့" နတ်သူငယ်လေးက အားရဝမ်းသာ နောက်တစ်ခေါက် ထပ်ပြောလိုက်တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

"နောက်တစ်ခေါက်ထပ်ပြော" မိန်းမက သက်ပြင်းတစ်ချက် ချလိုက်တယ်။

"Yorshkrunsquarklejolnerstrink"

"နာမည်အတိုကောက်ရှိလား"

"ရှိတာပေါ့"

တစ်ခဏလောက် ရပ်လိုက်ပြီး မိန်းမက ရှေ့ကလိုပဲ ထူးထူးဆန်းဆန်း သက်ပြင်းရှည်တစ်ချက် ချလိုက်ပြန်တယ်။ လူသားတွေနဲ့စကားပြောရတာ ကြီးလေးတဲ့ပြစ်ဒဏ်ကျသလိုပဲလို့ အရင်တုန်းက အဘွားပြောခဲ့ဖူးတယ်။

"ဒီလိုဆိုရင် နာမည်အတိုကောက်က ဘာလဲ. . . "

"Yorshkrunsquarklejolnerstrink"

"အေးပါ. . . အေးပါ. . . ဟင်း. . . " မိန်းမက ရုတ်တရက် အရမ်းမောသွားသလိုပဲ။

"နင့်ကို ရော့ရှ်(Yorsh) လို့ ငါခေါ်မယ်။ ငါလေးက ရှေးဘဝမှာ ကြောက်စရာကောင်းတာတွေ ဘာများလုပ်ခဲ့မိလို့ ဒီဘဝမှာ ဝင်္ဂလာခံရတာပါလိမ့်. . . " မိန်းမက တတွတ်တွတ် ရေရွတ်တယ်။

ဒါဟာ အခြေအနေတစ်ခုကို သက်သေပြလိုက်သလိုပဲလို့ နတ်သူငယ် တွေးတယ်။ လူသားတွေဟာ ရူးသွပ်ပြီး တုံးအတာပဲလား။ မေးခွန်း ၈ ခု မေးပြီးမှ ငါ့နာမည်ကို သူသိတော့တယ်လို့ နတ်သူငယ်တွေးလိုက်တယ်။

"ငါ့နာမည်က ဇာချ်ရာ(Sajra)"

ဇာချ်ရာနောက် နတ်သူငယ် အလျှင်စလို လိုက်နေတယ်။ ဒီလို မိတ်ဆက်လိုက်ရတဲ့စကားအတွက် သူဝမ်းသာနေတယ်။

"ဒီခွေးနာမည် ဘာလဲ" နတ်သူငယ်က မေးတယ်။

"သူ့မှာ နာမည်မရှိဘူး။ သူ့ကို 'ခွေး' လို့ခေါ်တယ်။ တခြားနာမည် မရှိဘူး။ စကားလုံးတစ်လုံးပဲ။ ငါက ဘာအင်အားမှ စိုက်ထုတ်စရာမလိုဘဲ သူ့နာမည်ကို ခေါ်လိုက်လို့ရတယ်" ဇာချ်ရာ ပြန်ဖြေတယ်။

နတ်သူငယ် စိတ်မကောင်း ဖြစ်သွားမိတယ်။ သတ္တဝါတစ်ကောင်ဟာ နာမည်မရှိဘဲ သစ်ပင်တစ်ပင် ဒါမှမဟုတ် ကုလားထိုင်တစ်လုံးလို ရိုးရိုး စကားလုံးတစ်လုံးနဲ့ပဲ ခေါ်ဝေါ်လိုက်တယ်တဲ့။ ဇာချ်ရာရဲ့ဒေါသကို သူသိထားတာကြောင့် ဒီကိစ္စကို ရင်ထဲပဲ ထည့်ထားလိုက်ဖို့ သူဆုံးဖြတ်လိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်လိုပဲဖြစ်ဖြစ် ဒီသတ္တဝါနာမည်မရှိမှာကို သူ မလိုလားဘူး။ သူ့ကို နာမည်တစ်ခုတော့ ရင်ထဲကနေ သူပေးမယ်။ ဒါပေမဲ့ ဖြစ်သလို နာမည်တစ်လုံး မပေးမိဖို့ သူသေသေချာချာ စဉ်းစားရမယ်။ နာမည်တစ်လုံး. . . နာမည်တစ်လုံး ပေးဖို့ သိပ်တာဝန်ကြီးပါတယ်။

မိုးရွာနေတုန်းပဲ။

ရွံ့တွေနဲ့မို့ သူတို့ လမ်းမြန်မြန် မလျှောက်နိုင်ကြဘူး။

ဇာချိရာရဲ့ခြေထောက်က နတ်သူငယ်ထက်ရှည်တယ်။ သူ့နောက်ကို သူ အပြေးတစ်ပိုင်း လိုက်ရတာကြောင့် သူမောနေပြီ။ ဟိုခွေးကို ဒီအချိန်မှာ သူနည်းနည်းမှ မကြောက်တော့ဘူး။ ကိုင်တောင်ကိုင်ရဲနေပြီ။ ခွေးကို ခန္ဓာကိုယ်နဲ့ သူမှီထားရဲပြီ။ ခွေးကလည်း နှစ်နှစ်လိုလို လက်ခံတယ်။

"ခင်ဗျားမှာ ဟိုဝါဝါ အစေ့အစေ့နဲ့ဟာ ရှိသေးလား. . ." နတ်သူငယ် ဝေ့လည်ကြောင်ပတ် မေးတယ်။

"ငါ့မှာ ပြောင်းဖူးတစ်ဖူး ရှိသေးတယ်။ ညမှစားဖို့ ချန်ထားတယ်"

"ညမရောက်ခင် ကျွန်တော်တို့ ရွံ့ထဲသေသွားရင် အဲဒီပြောင်းဖူးကို ဘယ်သူစားသွားမှာလဲ"

"နင် အခုဆာနေပြီလား"

"အင်း. . . ဆာ. . . တယ်။ ဩော်. . . မဟုတ်ဘူး. . . မဟုတ် ဘူး။ အခု မဆာဘူး"

"မိုက်တယ်. . . နင် အတတ်မြန်သားပဲ။ ပြောင်းဖူးကို ငါတို့ အခုစား လိုက်ရင် ဒီညငါတို့မှာ စားစရာမရှိတော့ဘူး။ ဒါဟာ ဘယ်လောက်ကြောက်စရာ ကောင်းလိမ့်မယ့်အဖြစ်လဲ။ ဒါကို နင်ထပ်လေ့လာကြည့်"

"ညမရောက်ခင် ဒီလောကကြီး ပျောက်သွားနိုင်တာပဲ။ ညမရောက်ခင် ကျွန်တော်တို့ သေသွားနိုင်တာပဲ"

"နင် ပါးစပ်ပိတ်ပြီး လမ်းကောင်းကောင်းလျှောက်။ ခွန်အားကို လမ်း လျှောက်ဖို့ထားလိုက်"

"ကျွန်တော် အတတ်နိုင်ဆုံး လုပ်နေပါတယ်။ ဩော်. . . မဟုတ်သေး ဘူး။ ကျွန်တော် အကြံထုတ်နေပါတယ်။ အင်း. . . မဟုတ်သေးဘူး။ ကျွန်တော် က အလုပ်တစ်ခုကို တစ်ပြိုင်တည်းလုပ်မလို့ပါ။ တစ်ဖက်က လမ်းလျှောက်ရင်း တစ်ဖက်က ပြောင်းဖူးစားတဲ့အလုပ်။ တကယ်တော့ လမ်းလျှောက်ရင်း စကားပြော

mgyoe.com

 mgyoe.com SAMPLE BOOK 

တာဟာ အဲဒီလောက် မမောစေပါဘူး"

"ပါးစပ်. . . ပိတ်" ဇာချ်ရာ လေသံပြောင်းသွားတယ်။

"ဒါပေမဲ့. . . "

"ပါးစပ်ပိတ်" ဇာချ်ရာ အံကြိတ်ပြီး ပြောတယ်။ အဲဒီနောက် လူမမြင်အောင် နတ်သူငယ်ရှေ့ ဒူးထောက်ချပြီး သူ့ဝပ်ချလိုက်တယ်။ ခွေးက သွားဖြဲလိုက်တယ်။ ဇာချ်ရာရဲ့မျက်လုံးအစုံက ဘေးပတ်လည်က ကြံခင်းနဲ့ နွံတောထဲကျိုးကန်းတောင်းမှောက် လိုက်ကြည့်တယ်။

"ကျွန်တော်တို့ ညမှစားလည်း ရပါတယ်။ ခင်ဗျား စိတ်မဆိုးပါနဲ့"

"အမြန်ပြေး" ဇာချ်ရာ အော်လိုက်တယ်။ ထရပ်ပြီး နတ်သူငယ်လက်ကို ဆွဲပြေးတော့တယ်။

"မြန်မြန်လာ" ခွေးကိုလည်း သူခေါ်လိုက်တယ်။ ခွေးလည်း သူတို့နဲ့အတူ ပြေးတော့တယ်။ နတ်သူငယ်တစ်ချက် လဲသွားတယ်။ ပြန်ထပြီး ပြန်လဲသွားတယ်။ သူ ငိုပါတော့တယ်။

"စိတ်မဆိုးပါနဲ့. . . ခင်ဗျားစိတ်မဆိုးပါနဲ့။ ကျွန်တော်တို့ ညမှစားလည်း ရပါတယ်"

"တစ်ယောက်ယောက် ငါတို့နောက်လိုက်နေတာပါ" ဇာချ်ရာ တစ်ဖက်ကရှင်းပြရင်း တစ်ဖက်ကပြေး တစ်ဖက်က အသက်ပြင်းပြင်း ရှူနေတယ်။

"ဟိုနားက တောင်ကမူကိုတွေ့လား. . . ငါခြေထောက်က နင့်ထက်ရှည်တော့ သူတို့ကိုမျှားပြီး အဲဒီဘက်ကို ငါပြေးမယ်။ နင်က ဒီဆူးချုံထဲမှာ သေချာပုန်းနေ။ မီးကို သေချာဖွက်ပြီး ယူထား။ တစ်အောင့်နေရင် အဲဒီတောင်ကမူထိပ်မှာ ငါတို့ဆုံမယ်"

ဇာချ်ရာက နတ်သူငယ်ကို သံစက်လုံးချိတ်ထားတဲ့ဝါးလုံး လှမ်းပေးလိုက်တယ်။ အဲဒီနောက် ရှေ့ကို အားသွန်ပြေးတယ်။ သစ်ကိုင်းတွေ ကျိုးကြေသွားသလို အသံပြာကြီးလည်း ထွက်လာတယ်။ ဆူးခက်ကြားမှာ နတ်သူငယ် မလှုပ်တမ်း ထိုင်နေလိုက်တယ်။ သူ့နှလုံး တဒိန်းဒိန်း ခုန်နေတယ်။ သူတို့နောက် ဘယ်သူတွေ လိုက်နေတာလဲ သူမသိဘူး။ ဟိုအိမ်ငယ်ပိုင်ရှင်လား၊ သူ့အိမ် ကျူးကျော်ခံလိုက်ရလို့လား၊ ဒါမှမဟုတ် ရိုစ်မယ်ရီမှုန့်ကို သူတို့တွေ့သွားလို့ နတ်သူငယ်ကိုကင်စားဖို့ လိုက်လာကြတာလား။

သူ အရမ်းကြောက်နေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


မျက်စိအစုံက ကြခင်းထဲ လိုက်ရှာနေမိတယ်။ ဒါပေမဲ့ ဘာလူမှ မတွေ့လိုက်မိဘူး။

ကြောက်ရွံ့စိတ်က တဖြည်းဖြည်းပြယ်သွားပြီး ဝမ်းနည်းမှုအသွင် ပြောင်းသွားတယ်။

သူတစ်ယောက်တည်း ဖြစ်သွားပြန်တယ်။ လောကတစ်ခွင်ကို သူ ကြည့်လိုက်တယ်။ ဟိုအဝေး မိုးကုပ်စက်ဝိုင်းအထိ သူကလွဲရင် ဘယ်သူမှရှိမနေဘူး။

အဘွားကို နတ်သူငယ် သတိရလိုက်တယ်။ အဘွားက သူ့ကို တင်းတင်းပွေ့ထားပြီး တစ်ဖက်မှာ သစ်အယ်သီး ပြုတ်နေတယ်။

နတ်သူငယ် စိတ်မကောင်းဖြစ်မိသလို မျှော်လင့်ချက်မဲ့လိုက်တာလို့လည်း ခံစားလိုက်ရတယ်။

လူသားမိန်းမ ဇာချိရာကို သူသတိရလိုက်ပြန်တယ်။ သူ့ကို သူကြောက်လိုက်ရတာ။ ဒါတောင် သူက သူ့ကိုပြောင်းဖူးကျွေးသေးတယ်။ အခုလို တစ်ယောက်တည်း ထီးတည်းကျန်နေတာထက်စာရင် ဘယ်လောက်ကောင်းလဲ။ အခုတော့ လက်ရှိနေရာကနေ ဟိုးမိုးကုပ်စက်ဝိုင်းအထိ သူ့တစ်ယောက်တည်းပဲ ရှိနေခဲ့ပြီ။ နတ်သူငယ် ငိုမိပြန်တယ်။ အသံမထွက်ဘဲ တိုးတိုးလေး ငိုတယ်။ သူ့ဘေးမှာကျလာတဲ့ ညင်သာနူးညံ့တဲ့ မိုးရေလို ရင်ထဲမှာပဲ သူငိုနေမိတယ်။

တကယ်လို့ ဟိုခွေးနဲ့ ပြန်တွေ့ရင် သူ့ကို "ဘေးမှာ အသက်ရှူနေသူ" လို့ခေါ်မယ်လို့ သူတွေးလိုက်တယ်။ ဒါပေမဲ့ ဇာချိရာက ခွေးနာမည်ကို တိုတိုပေးရတယ် ပြောတယ်။ ဒီနာမည်က တိုနေပြီပဲ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

တောင်ကမူဆီ ဇာချ်ရာ ရောက်လာချိန် မှောင်နေပါပြီ။

သူ့ကိုမြင်တာနဲ့ နတ်သူငယ်ရဲ့ရင်ဘတ်က ပြည့်ဖောင်းလာတယ်။

အသက်ကိုလုရှူရင်း ရွှံ့မြေပေါ် ဇာချ်ရာ ထိုင်ချလိုက်တယ်။ ခွေးကလည်း သူ့နောက်က လိုက်လာတယ်။

"မုဆိုးတစ်ယောက်ပါ။ သူ့မှာ လေးတစ်ချောင်းပါတယ်။ သူ့ကို ငါ မျက်ခြည် ဖြတ်နိုင်ခဲ့တယ်" ဇာချ်ရာက အမောတကော ပြောတယ်။

"ဩော်. . . သူက အဲဒီမျက်ခြည်ဖြတ်တာကို ယူပြီး ဘာလုပ်မှာလဲ" နတ်သူငယ်က အားတက်သရော ပြောတယ်။

"မဟုတ်ဘူးလေ။ သဘောက သူ့ကိုချန်ထားခဲ့တာပါ" မောနေတဲ့ ဇာချ်ရာက ရှင်းပြတယ်။

"ဟုတ်ကဲ့။ ကျွန်တော်သဘောပေါက်ပြီ" နတ်သူငယ် လိမ်လိုက်တယ်။ တစ်ဆက်တည်းမှာပဲ သူမေးပြန်တယ်။

"လေးဆိုတာ ဘာလဲ"

ခွေးထဟောင်တယ်။

"မင်းရဲ့ခွေးကို သေချာထိန်းထား" အသံတစ်သံ ထွက်လာတယ်။

လေးက ဘာလဲဆိုတာကို နတ်သူငယ် ရုတ်တရက် သိလိုက်တယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

သစ်သားကွေးကွေးတစ်ခုပေါ် မှာ ကြိုးတစ်ချောင်း ချည်ထားတဲ့အရာပါ။ အဲဒီကြိုးက တင်းလွန်းပြီး တုတ်ချွန်ချွန်တစ်ချောင်းက ဇာချ်ရာနှလုံးသားကိုတောင် ဖောက်သွား နိုင်တယ်။

မုဆိုးက ဇာချ်ရာထက်တောင် မြင့်သေးတယ်။ မျက်နှာတစ်ဝိုက်မှာ အမွေးတွေနဲ့။ သူ့မှာ မုတ်ဆိတ်တကယ်ရှိတာပဲ။ သူ့အင်္ကျီက ကြည့်ရတာ နွေးသလို ပဲ။ အဝတ်စနဲ့လုပ်ထားတဲ့အင်္ကျီထက် နွေးပုံရတယ်။ ခါးပတ်မှာ ဓားတိုတချို့ ချိတ်ထားတယ်။ ပုဆိန်တစ်ချောင်းတောင်ပါသေးတယ်။ မုဆိုးက နတ်သူငယ် နောက်မှာ ရပ်နေတယ်။ ဇာချ်ရာက သူ့ကို မျက်ခြည်ဖြတ်နိုင်ပြီထင်ခဲ့တယ်။ သူက နောက်ဘက်တောအုပ်ကို ကွေ့ပြီး ရောက်လာခဲ့တယ်။

နှစ်ယောက်သား အချင်းချင်းစိုက်ကြည့်ပြီးနောက် ဇာချ်ရာက ခွေးကို လေချွန်ခေါ် လိုက်တယ်။

မုဆိုးက လေးကိုချပြီး "ကျုပ်က မီးနည်းနည်းလိုချင်တာပါ။ ကျုပ်မီးငြိမ်း သွားလို့ ကျုပ်က မီးပွားချင်တာပါ။ ခင်ဗျားမှာ မီးရှိတာကိုမြင်လို့ ကျုပ်လိုက်လာ တာပါ"

ဇာချ်ရာက မုဆိုးကို သေချာအကဲခတ်ကြည့်လိုက်တယ်။

"အခြားဘာကိစ္စမှ မရှိဘူးလား"

"မရှိပါဘူး"

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တစ်အောင့်လောက် ကြည့်ပြီးနောက် ဇာချ်ရာက ခေါင်းညိတ်လိုက်တယ်။

"သူ့ကို မီးပေးလိုက်။ ဟေ့. . . နင့်ကို ငါပြောနေတယ်လေ။ သူ့ကို မီး ပေးလိုက်. . . မီးကို နင်ဘယ်မှာ ထားခဲ့တာလဲ. . . "

"ကျွန်တော် ဟိုဘက်မှာဖွက်ခဲ့တယ်" နတ်သူငယ်ကပြောတယ်။

"ကောင်းတယ်. . . . နင် စဉ်းစားမိတတ်သားပဲ။ မီးကို နင်ဘယ်မှာ ဖွက်ခဲ့တာလဲ"

-ဟိုးရေကန်ထဲမှာ၊ ရေအောက်မှာ ဖွက်ခဲ့တယ်။ ဒီလိုဆိုရင် ဘယ်သူမှ မတွေ့တော့ဘူး" နတ်သူငယ်က အားရကျေနပ်ပြောတယ်။

ချီးကျူးခံရတာဟာ ကောင်းတဲ့အလုပ်တစ်ခုပါ။ အဘွားက သူ့ကိုရင်ခွင် ထဲထည့်ပြီး သူဟာ ဒီလောကမှာ အကောင်းဆုံးနတ်သူငယ်လေးလို့ ပြောခဲ့တာ ကို သူမှတ်မိနေတယ်။ သူ့ရင်ထဲမှာ အပျော်တွေပြည့်လို့. . . နွေဦးရာသီရှိခဲ့စဉ်က

mgyoe.com

mgyoe.com


နွေလေနဲ့အတူ တိမ်တွေ လွင့်ဝဲသလိုမျိုးပေါ့။

တောင်ကမူထက်ကနေ ရေကန်ဆီ သူဝမ်းသာအားရ ပြေးဆင်းသွားတယ်။ မိုးစဲသွားပြီ။ တိမ်တိုက်တွေကြားကနေ ပြာလဲ့လဲ့ မိုးကောင်းကင်ပေါ်လာပြီး ရေကန်ပေါ် ရောင်ပြန်ဟပ်နေတယ်။ ကိုယ်ကိုညွတ်ပြီး သံစက်လုံးချိတ်ထားတဲ့ဝါးလုံးကို နတ်သူငယ် ဆွဲယူလိုက်တယ်။ ရေတွေက သံစက်လုံးထဲကနေ ဝေါခနဲ စီးကျလာတယ်။

မုဆိုးနဲ့ဇာချိရာက နတ်သူငယ်ရဲ့နောက်ကနေ အသံမထွက်ဘဲ လိုက်ကြည့်တယ်။ ဇာချိရာက သစ်ကိုင်းတစ်ကိုင်းပေါ် အရုပ်ကြိုးပြတ် ထိုင်ချလိုက်ပြီး မျက်နှာကို လက်ဖဝါးနှစ်ဖက်နဲ့ အုပ်ထားလိုက်တယ်။

"နင့်ကြောင့် မီးငြိမ်းသွားပြီ" သူ့အသံက လည်ပင်းကို ညှစ်ထားသလိုပါပဲ။

"ဟုတ်တယ်. . . ဒါမှ သေချာဖွက်ထားလို့ရမှာလေ" နတ်သူငယ်က လက်ဟန်ခြေဟန်နဲ့ ဖွက်တဲ့ပုံ လုပ်ပြတယ်။ သူ့ကိုယ်ပေါ်ကတစ်ဘက် ပြုတ်ကျသွားပြီး အဝါရောင်အကျီ ပေါ်လာတယ်။

"သူက နတ်သူငယ်ပဲ" မုဆိုး အလန့်တကြား ထအော်တယ်။

"ဟုတ်တယ်. . . သူက နတ်သူငယ်ပါ" တည်ငြိမ်တဲ့လေသံနဲ့ ဇာချိရာ အတည်ပြုတယ်။

"ခင်ဗျား ကိုယ့်ကိုယ်ကိုယ် ဒုက္ခရောက်အောင်လုပ်နေတာလား"

"မလုပ်ပါဘူး. . . ဒီကိစ္စက မြင်တဲ့အတိုင်းပဲလေ"

"သူ့မှာ မှော်အစွမ်းရှိလား"

"မရှိပါဘူး။ သူ ငယ်သေးတယ်"

"မွေးတာ မကြာသေးဘူး" နတ်သူငယ်က ဖြည့်ပြောတယ်။

မုဆိုးက ဒီအတိုင်း ပြီးမသွားချင်လို့ နတ်သူငယ်ဘက်လှည့်ပြီး ပြောလိုက်တယ်။

"မင်း မီးမွှေးတတ်လား"

"တတ်မယ် ထင်တယ်။ တတ်မယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော် တစ်ခါမှ မီးမမွှေးဖူးဘူး။ ဒါပေမဲ့ လူတိုင်း မီးမွှေးတတ်နေတယ်"

နတ်သူငယ်ကို ခေါင်းမော့ကြည့်ပြီး ဇာချိရာလန့်သွားတယ်။

"ဒါဆို မီးမွှေးလိုက်လေ" မုဆိုးကပြောတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


ကျောပိုးအိတ်ထဲကနေ မုဆိုးထုတ်လိုက်တဲ့ သံစက်လုံးအခြောက်တစ်ခု ပေါ်မှာ နတ်သူငယ် လက်တင်လိုက်တယ်။ အဲဒီနောက် မျက်စိမှိတ်ပြီး မီးပုံစံကို ရင်ထဲအပြည့် ထည့်လိုက်တယ်။ နှာခေါင်းနွေးသွားတယ်။ နတ်သူငယ်မှတ်ဉာဏ် ထဲမှာ မီးတဟုန်းဟုန်း တောက်လာတယ်။

မျက်စိကို သူဖွင့်လိုက်တဲ့အချိန် မီးကသံစက်လုံးထဲမှာယိမ်းနွဲ့နေပြီ။

ဇာချ်ရာ အသက်မရှုမိသလိုပဲ။

"နင်. . . မီးကျောက်မသုံးဘဲ မီးမွေးနိုင်တယ်"

"အင်းပေါ့"

"နင်ဘာလို့ ငါ့ကို အစကမပြောတာလဲ"

"ခင်ဗျားမှ ကျွန်တော့်ကိုမမေးခဲ့တာ"

"နင့်မှာ မှော်အစွမ်းရှိလားလို့ ငါမေးခဲ့တယ်လေ"

"ဟုတ်တယ်လေ။ အင်အားကြီး မှော်အစွမ်းဖြစ်တဲ့ အသက်ရှူတာ၊ ထမင်းစားတာ၊ အသက်ရှင်တာရှိတယ်လို့ ခင်ဗျားကို ကျွန်တော်ဖြေခဲ့တယ်လေ။ မီးမွေးတာက မှော်အစွမ်းမဟုတ်ဘူး။ အပူချိန်မြင့်တက်လာတာနဲ့ မီးကတောက် လာတယ်လို့ တွေးရုံပဲ။ လူတိုင်း လုပ်တတ်တယ်"

"ငါတော့ မသိဘူး" ဇာချ်ရာက ပြောလိုက်တယ်။

"မဟုတ်တာ။ မသိဘူးဆိုတာ မဖြစ်နိုင်ဘူး။ ဒါလူတိုင်းသိတဲ့အရာပဲ လေ" နတ်သူငယ် အံ့ဩသွားတယ်။

"မီးကို ဘယ်လိုမွေးရမှန်းသိရင် ငါတို့က ဘာဖြစ်လို့ မီးပွားတွေယူနေ တော့မှာလဲ"

"ခင်ဗျားတို့က လူသားမို့လို့လေ. . . ခင်ဗျားတို့ သိပ်အတယ်"

နတ်သူငယ်က အလေးအနက် ရှင်းပြတယ်။

"ရှေးဘဝတုန်းက ခင်ဗျား ဘာမဟုတ်တာလုပ်ခဲ့လို့ အခုဝဋ်လည် နေရ တာလဲ။ ဒါမှမဟုတ် ဘာအကြောင်း ထွေထွေထူးထူးရှိလို့ နတ်သူငယ်တစ်ယောက် ကို အဖော်ခေါ်ထားရတာလဲ။ ခင်ဗျားတို့နဲ့ စကားပြောရတာ ပျော်စရာကောင်း ပါတယ်။ ဒါပေမဲ့ နောက်ရွာတစ်ရွာရောက်ရင် ခင်ဗျားတို့နဲ့ ကျုပ်လမ်းခွဲတော့မယ်။ မီးမွေးတတ်တယ်ဆိုတဲ့ ဒီကောင်လေးကို ဘယ်သူမှကြိုက်မှာမဟုတ်ဘူးဆိုတာ တွေးကြည့်တာနဲ့သိတယ်နော်" မုဆိုးက ဇာချ်ရာကို သံသယအကြည့်နဲ့ ပြောတယ်။

"ဘာမျှား မကောင်းလို့လဲ။ မီးမျိုးပါတဲ့သံလုံးကို ယူထားရတာထက်

mgyoe.com

အဆင်ပြေနေတာပဲ"

"ဒီလိုဆိုရင် လူ ဒါမှမဟုတ် အိမ်ကို ခင်ဗျားရှို့ပစ်နိုင်တယ်။ အိမ်ထဲမှာ လူတစ်ယောက်၊ နှစ်ယောက်. . . ၁၅ ယောက်လောက်တောင်ရှိနေရင် ဘယ်လို လုပ်မလဲ"

ကြောက်စရာကောင်းတဲ့ အဲဒီအပြောကြောင့် နတ်သူငယ်လန့်ပြီး မျက်စိ မှိတ်လိုက်တယ်။ နာနာကျင်ကျင် သူညည်းလိုက်တယ်။ ရင်ထဲမှာတော့ မီးလောင်ပြီး သေနေတဲ့အလောင်းကို မြင်လိုက်တယ်။ မီးကျွမ်းသွားတဲ့အသားနံ့ကို ရလိုက် တယ်။ နတ်သူငယ်ဟာ အကြောက်လွန်ပြီး တုန်နေရာကနေ အော်ငိုလိုက်တယ်။ ခါတိုင်းလို တရှုပ်ရှုပ်သံမဟုတ်ဘဲ အသံကျယ်နဲ့ အော်ငိုလိုက်တယ်။ ငိုသံမှာ စူးရှတဲ့ ညည်းသံနဲ့ နှလုံးကွဲကြေတဲ့အသံ ပါနေတယ်။

"သူ့ကိုတိတ်ခိုင်းလိုက်. . . မငိုနဲ့တော့လို့ပြောလိုက်. . . မခံနိုင်တော့ဘူး" အမျိုးသားက အော်ပြောတယ်။

"နင်လုပ်လိုက်တာလေ။ ဘာမှမဖြစ်ဘူး. . . ဘာမှမဖြစ်ဘူး။ လိမ္မာ တယ်နော်. . . ဘာမှမဖြစ်ဘူး။ အားလုံးကောင်းနေတယ်။ အဲဒါက မှန်းပြီးလျှောက် ပြောတာပါ"

"မှန်းပြီး လျှောက်ပြောတာ" နတ်သူငယ် ဒေါသတကြီး ပြောတယ်။ ဒါပေမဲ့ ထိရောက်သွားပါတယ်။ သူ မငိုတော့ဘူး။

"ခင်ဗျား ဘာလို့ ဒီလောက်ပါးစပ်ရဲရဲနဲ့ မှန်းပြီးလျှောက်ပြောရတာလဲ။ ဘာလို့ ဒီလိုပြောတာလဲ။ ဒီလောက်နာကျင်တဲ့စကားနဲ့ ဘာလို့ ဒီလိုမှန်းပြီး လျှောက် ပြောရဲတာလဲ" နတ်သူငယ်ပြောရင်း ငိုလာပြန်တယ်။

မုဆိုးက ဇာချ်ရာလို သစ်ငုတ်တစ်ခုပေါ် ထိုင်ချလိုက်ပြီး အဆက်မပြတ် သက်ပြင်းချနေတယ်။ တဖြည်းဖြည်း တိမ်ကွဲသွားတာကို တွေ့လိုက်တယ်။ ရက်သတ္တ ပတ်အတော်ကြာ မတွေ့မမြင်ခဲ့တဲ့ကြယ်တွေ ပေါ်လာတယ်။

"ဒီမနက် ကျုပ်ယုန်တစ်ကောင်ရခဲ့တယ်။ ကျုပ်ကို မီးပေးလိုက်။ မိုး လည်း တိတ်ပြီဆိုတော့ ကျုပ်တို့ ဒီမှာတဲထိုးပြီး တစ်ခုခုစားကြရင်ကောင်းမလား။ ဪ. . . ကျုပ်. . . ကျုပ်နာမည်က မွန်ဇာ(Monser) ပါ"

တဒင်္ဂမျှ တိတ်ဆိတ်သွားတယ်။ တကယ့် တဒင်္ဂလေးပါ။

"ဇာချ်ရာ" မိန်းမက သူ့နာမည်ကိုပြောလိုက်တယ်။

နတ်သူငယ် မငိုတော့ဘူး။

mgyoe.com

mgyoe.com

"ယုန်ကလည်း ပြောင်းဖူးလို အဝါရောင် အစေ့အစေ့နဲ့လား"

'စား' ဆိုတဲ့စကားကိုကြားလိုက်တာနဲ့ နတ်သူငယ်နိုးကြားလာပြီး ဝမ်းသာအားရမေးတယ်။

မွန်ဇာ တဟားဟား အော်ရယ်လိုက်တယ်။

"မဟုတ်ဘူး. . . ယုန်မှာက သားရေလှလှရှိတယ်။ မင်းခြေထောက်နှစ်ဖက်ကို နွေးစေတယ်။ ဒီမှာကြည့်" ကျောပိုးအိတ်ကိုဖွင့်ပြီး နတ်သူငယ်ကို ကြည့်စေလိုက်တယ်။

နတ်သူငယ်က လက်နှစ်ဖက်နဲ့ အိတ်ဝကိုကိုင်ပြီး အထဲကို ဝမ်းသာအားရ ကြည့်လိုက်တယ်။ ဗိုက်ကိုနွေးစေမယ့်အရာက ဘာများပါလိမ့်။ ပြီးတော့ ခြေထောက်ကိုလည်း နွေးစေမယ်တဲ့။ ဒီလောက်အဖိုးတန်တဲ့အရာကို ဘာမဆိုသိတဲ့ အဘွားတောင် မပြောခဲ့ဖူးဘူး။ လူသားတိုင်းက ဒီလောက်. . . . "အား. . . " စူးရှတဲ့ အသံရှည်ကြီးတစ်သံက အထိတ်တလန့် ထွက်လာတယ်။

ရှည်ပြီး ကြောက်စရာကောင်းတဲ့ စူးရှသံကြီးက တစ်လောကလုံးရဲ့ နာကျင်ဝမ်းနည်းမှုတွေကို အပြည့်ထည့်ထားသ လိုပါပဲ။

"ဒါက အလောင်းတစ်ခုပဲ။ တုတ်ချွန်နဲ့ အထိုးခံလိုက်ရတယ်။ အခု သူသေသွားပြီ။ ခင်ဗျားတို့က အလောင်းကိုစားမလို့လား"

"ဘာဖြစ်လို့လဲ. . . နတ်သူငယ်တွေက ယုန်ကို အရှင်လတ်လတ် စားတယ်လား" မွန်ဇာ နားမလည်စွာ မေးတယ်။

"နတ်သူငယ်တွေက ဘယ်တော့မှ စိတ်ဝင်စားစရာကောင်းတဲ့၊ ပြေးတတ်တဲ့၊ ဆာတတ်တဲ့ ပြီးတော့ သေမှာကြောက်တဲ့အရာတွေကို မစားဘူး။ လူသားတွေဟာ ကနဦးအစမှာ ရှင်နေတဲ့အရာကိုစားတယ်၊ ရို့စ်မယ်ရီလည်းထည့်တယ်လို့ အဘွားကပြောတယ်။ ဒီမှာ ရို့စ်မယ်ရီရှိလို့လား။ ကျွန်တော်အစားမခံချင်ဘူး" နတ်သူငယ် ရင်ကွဲမတတ် အော်ညည်းပြန်တယ်။

ဇာချိုရာက နတ်သူငယ်ခေါင်းကို လက်နှစ်ဖက်နဲ့ အမြန်ပွေ့ဖက်လိုက်တယ်။

"ရှေးဘဝက ခင်ဗျား ဘာကြောက်စရာကောင်းတဲ့အလုပ် လုပ်ခဲ့မိတာလဲ။ ခင်ဗျားအမေကို ရောင်းပစ်တာလား" မွန်ဇာက ဇာချိုရာကိုပြောလိုက်တယ်။

"နင် ထွက်သွားရင်ကောင်းမယ်။ ယုန်သားကျွေးချင်တဲ့ နင့်စေတနာကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ မလိုတော့ဘူး။ နင်မီးရပြီပဲ ပြန်ဆုံကြတာပေါ့"

mgyoe.com

 mgyoe.com SAMPLE BOOK 

"သူ့အတွက်နဲ့ ခင်ဗျား ယုန်သားမစားတော့ဘူးလား"

"ဒါက မဆိုင်ပေမယ့် သူ့ငိုသံကို ငါမခံနိုင်ဘူး။ နင်မြန်မြန်ထွက်သွားတော့ တောင်းပန်ပါတယ်"

"ကျုပ် ထွက်မသွားနိုင်ဘူး" မွန်ဇာက မဆိုင်းမတွဖြေတယ်။

"ဘာလို့လဲ"

"မိန်းမပျိုတစ်ယောက်ကို တောကြီးမျက်မည်းထဲမှာ တစ်ယောက်တည်း ကျုပ် ပစ်မထားနိုင်ဘူး။ ခင်ဗျားတစ်ယောက်တည်းနဲ့တင် တော်တော် အန္တရာယ်များနေပြီ။ ဘယ့်နှယ် နတ်သူငယ်တစ်ကောင်လည်း ပါလာသေးတယ်"

"ကျေးဇူးတင်ပါတယ်။ နင်က လူကောင်းပါ။ ဒါပေမဲ့ လက်ရှိအချိန်ထိတော့ ငါဘာအခက်အခဲမှ မရှိဘူး။ ငါ့ကိုကူစရာဂလိုဘူး။ နင့်ဟာမြန်မြန်ယူပြီး. . ."

"နေဦး. . . နင် ဘာလုပ်နေတာလဲ"

ဇာချ်ရာ လှည့်ကြည့်တော့ ယုန်ကိုထုတ်ပြီး ညင်ညင်သာသာ ပွတ်ပေးနေတဲ့ နတ်သူငယ်ကို တွေ့လိုက်တယ်။ နတ်သူငယ်ရဲ့လက်ညှိုးက သွေးစေနေတဲ့ ယုန်အမွေးကို ထိလိုက်တဲ့အချိန် လှုပ်ရှားမှုက နှေးသွားတယ်။ မျက်လုံးအစုံကို သူမှိတ်ထားတယ်။ အိပ်မက်မက်နေသလိုပါပဲ။ ငိုတော့ ငိုမနေတော့ဘူး။

"နင် ဘာတွေလုပ်နေတာလဲ" ဇာချ်ရာ မေးလိုက်တယ်။

"ကျွန်တော်စဉ်းစားနေတာ" နတ်သူငယ်က ပြန်ဖြေတယ်။

"စဉ်းစားနေတယ်. . . ဘာစဉ်းစားနေတာလဲ"

"သူ့ကို စဉ်းစားနေတယ်။ ဒီယုံအကြောင်း စဉ်းစားနေတယ်"

"ယုန်ပါဟ" မွန်ဇာ တည့်မတ်ပေးလိုက်တယ်။

"ယုန်. . . သူဘယ်လိုအသက်ရှုလဲ၊ ဘယ်လိုပြေးလဲလို့ ကျွန်တော် စဉ်းစားနေတာ။ ဟုတ်တယ်. . . နှာခေါင်းမှာ အနံ့အသက်ရတာကို သူသိတယ်၊ သူနောက်ဆုံးအနံ့ခံခဲ့တာက စွတ်စိုတဲ့သစ်ရွက်နံ့နဲ့ မှိုနံ့ပါ။ မုဆိုးရဲ့အနံ့ကို သူ မရလိုက်ဘူး။ စွတ်စိုတဲ့မြက်နံ့နဲ့မှိုနံ့ကိုပဲ သူရလိုက်တယ်။ သူဘယ်လို အသက်ရှုသလဲလို့ ကျွန်တော်စဉ်းစားနေတယ်။ သွေးက သူ့ခန္ဓာကိုယ်ထဲ စီးဆင်းနေတယ်"

ယုန်လှုပ်သွားတယ်။ မျက်လုံးပွင့်လာပြီး အထိတ်တလန့် ပြူးကျယ်သွားတယ်။ လေကို အဆက်မပြတ် အမြန်ရှုရင်း သူ့တစ်ကိုယ်လုံး မိနစ်ပိုင်းလောက် တုန်သွားတယ်။ အဲဒီနောက် မြေပေါ် ခုန်ဆင်းပြီး ထွက်ပြေးသွားတယ်။ မုဆိုးရဲ့ ခြေထောက်ကို ရှောင်ပြီး၊ ခွေးရဲ့လက်သည်းကို ဖြတ်ပြီး၊ မိန်းမထိုင်နေတဲ့ သစ်ကိုင်း

mgyoe.com SAMPLE BOOK

ကို ခုန်ကျော်ပြီး၊ နောက်ဆုံးအကွေ့တစ်ခုကို ကွေ့ပြီး တောထဲဝင်ရောက် ပျောက်ကွယ်သွားတယ်။

"ယုန်" ဆိုတဲ့ဒီနာမည်က ခွေးအတွက် နာမည်ကောင်းတစ်ခု ဟုတ်မဟုတ် နတ်သူငယ် မသိဘူး။ မကောင်းလောက်ဘူး ထင်ပါရဲ့။ သူတို့နှစ်ကောင်က ခပ်ဆင်ဆင်ဆိုပေမယ့် အမြီးက လုံးဝတူမနေဘူး။

ယောက်ျားရော မိန်းမပါ ခဏလောက် မှင်တက်သွားပြီး ယုန်ပျောက်ကွယ်သွားတဲ့နေရာကို စိုက်ကြည့်နေကြတယ်။ နတ်သူငယ်ကြည့်ရတာ အားကုန်သွားသလိုပဲ မြေကြီးပေါ် ထိုင်ပြီး မနားတမ်း တုန်နေတယ်။ နောက်မှ တဖြည်းဖြည်း နဂိုအတိုင်းဖြစ်သွားတယ်။ ခွေးက နတ်သူငယ်နားလာပြီး လှဲချလိုက်တယ်။ နတ်သူငယ်က ခွေးကို ဖက်ထားလိုက်တယ်။

မိုးစုန်းစုန်းချုပ်နေခဲ့ပြီ။ ကြယ်ရောင်က ရေကန်ပေါ် ထိုးကျနေတယ်။

"အမေအပြင် မောင်နှမဘယ်နှယောက်ကို ခင်ဗျား ရောင်းလိုက်မိသေးလဲ"လို့ မွန်ဇာက မေးလိုက်တယ်။

သူ့အမေးကို ဇာချ်ရာ ဂရုမစိုက်ဘဲ နတ်သူငယ်ဘက်လှည့်ပြီး မေးလိုက်တယ်။

"လူသားတွေကိုလည်း နင် ဒီလိုလုပ်ပေးလို့ရနိုင်လား"

"လူသား၊ နတ်သူငယ်နဲ့ လူ့ရောမကြီးတွေက ဘယ်ရမလဲ။ သတ္တဝါငယ်လေးတွေကိုပဲ ဒီလို လုပ်ပေးလို့ရတာပါ။ သူတို့ရဲ့ ဦးနှောက်ထဲမှာ ထည့်ထားတာတွေ သိပ်မများဘူး။ သာမန်အားဖြင့် ရေရဲ့အရသာ၊ ကောင်းကင်ရဲ့အရောင်တွေလောက်ပဲ ရှိတယ်။ လုပ်ရအလွယ်ဆုံးက ခြင်နဲ့ ယင်ပဲ။ သူတို့ကိုထိပြီး ပျံတဲ့ပုံစံကို တွေးလိုက်တာနဲ့ သူတို့က တဝုန်းဝုန်း ပျံလို့ရသွားတယ်"

"တကယ်လား. . . မိုက်လှချည်လား။ နွေရာသီမှာ ခြင်ရဲ့အသက်ကို ကယ်နိုင်တဲ့သူက အဖော်ကောင်းပဲ။ ခြင်ကို အသက်ပြန်ရှင်အောင်လုပ်နိုင်တဲ့ သူရှိတယ်၊ ကျုပ်ညစာကိုလည်း အသက်ပြန်သွင်းပစ်တယ်။ ဒါ ကျုပ်တစ်သက်မှာ ပထမဆုံးမြင်ဖူးတာပဲ။ ခင်ဗျားက အိပ်မက်ကို အကောင်အထည်ဖော်လိုက်သလိုပဲ။ ခင်ဗျားသာမရှိရင် ကျုပ် ဘယ်လိုအသက်ဆက်ရှင်မလဲ" မွန်ဇာကပြောတယ်။

ဇာချ်ရာက သူ့ကိုဂရုမစိုက်ဘဲ နတ်သူငယ်ကို မေးလိုက်တယ်။

"နင် တခြားဘာလုပ်တတ်သေးလဲ။ ပြောင်းဖူးကို များလာအောင် လုပ်နိုင်လား။ ငါတို့မှာ ပြောင်းဖူးတစ်ဖူးပဲ ကျန်တော့တယ်။ ပြောင်းဖူးတစ်ဖူးကို သုံးဖူး၊

mgyoe.com

mgyoe.com SAMPLE BOOK

ဒါမှမဟုတ် ငါးဖူး လုပ်လိုက်နိုင်လား"

လူသားတွေက တကယ့်ငတုံးတွေပဲ။

"ဘယ်ဖြစ်နိုင်မလဲ။ အရာဝတ္ထုက ဘယ်လိုလုပ် များလာနိုင်မလဲ"

"ဒါဆို ယုန်သေက ဘယ်လိုလုပ်ပြီး ပြန်ရှင်လာတာလဲ"

"ဒါကတော့ ရတာပေါ့။ သက်ရှိသတ္တဝါသေတတ်တာက စွမ်းအင်ကုန်သွားလို့၊ ခွန်အားကုန်သွားရင် မီးလည်းငြိမ်းသွားတတ်သလိုပေါ့။ သတ္တဝါကို အသက်ပြန်ရှင်စေတာက မီးမွှေးသလိုပဲ။ စွမ်းအားတချို့ လှည့်ပြောင်းပေးလိုက်တာနဲ့၊ စွမ်းအင်ကို ကျွန်တော်ဦးနှောက်အတွင်းကနေ ဦးနှောက်အပြင်ဘက်ရောက်အောင် လှည့်ပြောင်းပေးလိုက်တာနဲ့ ရသွားတယ်"

"သွားစို့. . . သွားစို့. . . ဒီနေရာ သိပ်အန္တရာယ်များတယ်။ သူ့ကို ဒီနေရာမှာ ပစ်ထားခဲ့ပြီး ကျုပ်တို့သွားကြစို့" မွန်ဇာက ဇာချ်ရာဘက် လှည့်ပြောလိုက်တယ်။

"မရဘူး။ သူက. . . အင်း. . . သူက တကယ့်ကလေးတစ်ယောက်ပါ"

"သူက ကိုယ့်ကိုယ်ကိုယ် အဟုတ်ထင်နေတဲ့ ကောင်စုတ်" မွန်ဇာက အမှန်ပြင်တယ်။

"မွေးလာတာ မကြာသေးဘူး" နတ်သူငယ်က ဖြည့်စွက်ပြောတယ်။

တစ်အောင့်လောက် တိတ်ဆိတ်သွားတယ်။ ဇာချ်ရာက ခေါင်းခါလိုက်တယ်။

"ကောင်းပြီလေ။ လူကြီးမင်းများခင်ဗျာ. . . တွေ့ရတာ ဝမ်းသာပါတယ်။ အင်မတန် ကြည်နူးစရာကောင်းတယ်လို့တောင် ကျုပ်ပြောချင်ပါတယ်။ ဒီလောက်များတဲ့ ကြည်နူးစရာတွေကြောင့် ကျုပ် မနာကျင်ချင်ပါဘူး။ ဒါကြောင့် ကျုပ်သွားပါတော့မယ်။ ခြင်ကိုရိုက်သတ်တတ်တဲ့၊ ယုန်သားနဲ့ ဗိုက်ဖြည့်တတ်တဲ့၊ ယုန်သားရေကို ပိုက်ဆံနဲ့ လဲလှယ်တတ်တဲ့ ကြောက်စရာကောင်းတဲ့မုဆိုးပဲ ကျုပ် ဆက်လုပ်ပါရစေ။ နောင်တစ်ချိန်မှာ မတော်တဆဆုံခဲ့ကြရင် ကျုပ်ကို ခင်ဗျားတို့ မမြင်ခင် ကျုပ် ခပ်ဝေးဝေး ထွက်ပြေးနိုင်ပါစေ" မွန်ဇာက စကားဆိုလိုက်တယ်။

နတ်သူငယ်က ဒီအကြောင်းကို သိပ်စိတ်ဝင်စားသွားတယ်။

"ဩော်. . . တကယ်လား။ လူသားတွေက ပျော်ရွှင်ကြည်နူးရတာကို မကြိုက်ကြဘူးလား။ ခင်ဗျားတို့က အချိန်တွေအများကြီး သုံးဖြုန်းပြီး ကိုယ့်ကိုယ်

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ် စိတ်ညစ်စေတာလား။ ခင်ဗျားတို့က အ,ရုံပဲ အ,ကြတာ မဟုတ်ဘူးနော်"

"ဘယ်ကလာ ဟုတ်ရမှာလဲ။ လူသားတိုင်း ပျော်ရွှင်နိုင်ဖို့ မျှော်လင့်ကြတယ်။ ခုနက ကျုပ်ပြောတာကို 'ရွှဲ့ပြောတာ' လို့ခေါ်တယ်။ ကျုပ်သွားတော့ မယ်ဆိုတာကလည်း မင်းကြောင့် ကျုပ်မပျော်လို့ပဲ။ ယုန်သားတောင် ကျုပ် မစားလိုက်ရဘူး။ ဒါကိုကျုပ်က တည့်တည့်မပြောဘဲ ရွှဲ့ပြောလိုက်တာ။ လူသားတွေက တစ်ခါတလေမှာ အဲဒီလိုစကားမျိုး ပြောတတ်တယ်။ နားလည်လား. . ."

"နားလည်ပါတယ်။ နားလည်တာပေါ့" နတ်သူငယ် လိမ်ပြောလိုက်တယ်။ လူသားတွေဟာ တုံးတဲ့အပြင် ရှုးလည်းရှူး အ,လည်း အ,သေးတယ်။ မျှော်လင့်ချက်ကို မရှိတော့ဘူး။

"နေပါဦး။ ငါ့ပြောင်းဖူး နင်ယူသွားပါ။ ငါတို့အမှားကြောင့် နင်ယုန်သား မစားလိုက်ရဘူး" ဇာချ်ရာပြောလိုက်တယ်။ သူက နောက်ဆုံးလက်ကျန်ပြောင်းဖူးကို ကျောပိုးအိတ်ထဲကနေထုတ်ပြီး လှမ်းပေးလိုက်တယ်။ အခြားလူကို ဝါတောက်တောက် ပြောင်းဖူးပေးတာမြင်တော့ နတ်သူငယ်ရဲ့မျက်လုံးအစုံက မှိန်ဖျော့သွားပြီး မျက်နှာညှိုးငယ်သွားတယ်။ ဒါပေမဲ့လည်း သူ စကားတစ်ခွန်းမှ မဟာရဲဘူး။

"ခင်ဗျားမှာ ဒီတစ်ဖူးပဲ ကျန်တယ်မဟုတ်လား"

"ဟုတ်တယ်" ဇာချ်ရာရဲ့ပုံစံက အမေကိုမြှုပ်ပြီး သိပ်မကြာဘူး မောင်လေးတချို့ကိုပါ မြှုပ်လိုက်ရတဲ့ ပုံစံမျိုးပဲ။

မွန်ဇာက ခဏာလောက်စဉ်းစားပြီး လွယ်ထားတဲ့ လေးနဲ့မြားကို ဖြုတ်လိုက်တယ်။ အဲဒီနောက် တောင်ကမူပေါ်က ညီညာတဲ့ ကျောက်တုံးတစ်တုံးပေါ် ထိုင်ချလိုက်တယ်။

"ဟင်း. . . ယုန်မရှိတော့ဘူးဆိုတော့ ကျုပ်လည်း ဒီည ဒီမှာအိပ်မှ ရတော့မယ်။ ကျုပ်တို့ ခွဲဝေစားကြတာပေါ့"

ကောင်းကင်ပေါ်မှာ တိမ်တွေထူထပ်နေတယ်။ ဒါပေမဲ့ မိုးမရွာဘူး။ ခြောက်သွေ့တဲ့ မြေပြင်တစ်နေရာမှာ သူတို့တဲထိုးလိုက်ကြပြီး ပြောင်းဖူးကင်လိုက်တယ်။ မွန်ဇာက ပြောင်းဖူးကို သုံးပိုင်းခွဲလိုက်တယ်။ အားလုံးက ပြောင်းဖူးကို တစ်စေ့ချင်း ဖြည်းဖြည်း စားနေကြတယ်။ အဲဒီနောက် နတ်သူငယ် စငိုက်လာပြီး အိပ်ပျော်သွားတော့တယ်။ အိပ်မပျော်ခင် ခွေးကိုပေးမယ့်နာမည်ကို သူစဉ်းစားမိလိုက်တယ်။ "လေထဲပြေးနေတဲ့အရာ" ဒီနာမည်မဆိုးဘူး။ ဒီနာမည်လည်း ရှည်သေးတယ်လို့ သူထင်တယ်။ လူသား ကြိုက်မှာမဟုတ်ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

အိပ်ပျော်သွားတဲ့ နတ်သူငယ်ကို အအေးမိမှာစိုးလို့ မွန်ဇာက သူ့သား ရေချွတ်ပြီး ခြုံပေးလိုက်တယ်။ ဦးထုပ်ကိုလည်း သေချာ ဆောင်းပေးလိုက်တယ်။ မျက်လုံး၊ နားရွက်နဲ့ နှာခေါင်းကိုလည်း အုပ်ပေးလိုက်တယ်။ အဲဒီနောက် မြား အိတ်ထဲက ကျောပိုးအိတ်သေးတစ်လုံးကို ထုတ်ပြီး အထဲကနေ ခါငှက်တစ်ကောင် ကို ထုတ်လိုက်တယ်။ အဲဒီနောက် မပြောမဆို အမွေးစနုတ်တယ်။ ဇာချိရာလည်း တတ်နိုင်သလောက် ကူတယ်။ နတ်သူငယ်အိပ်နေတဲ့ လေကွယ်ရာဘက်မှာ သူတို့ မီးမွှေးလိုက်ပြီး ငှက်ကို ကင်လိုက်ကြတယ်။ ကျက်တဲ့ထိတောင် မစောင့်ဘဲ သိပ် မစိမ်းတော့ဘူးဆိုတာနဲ့ ခါကို သူတို့စားလိုက်ကြတယ်။ ဒီတစ်ကြိမ်မှာ ဆိတ်ဆိတ် ငြိမ်ငြိမ်နဲ့ သူတို့အမြန်စားနေကြလို့ သူခိုးနဲ့တောင် တူနေတယ်။ စားရင်း လုံးထွေး အိပ်ပျော်နေတဲ့ နတ်သူငယ်ကို ခိုးကြည့်ရသေးတယ်။ သူတို့စားပြီးတော့ ခွေးက လည်း အရိုးကိုပြောင်တလင်းခါအောင် စားပစ်လိုက်တယ်။ မွန်ဇာက အမွေး အတောင်တွေကို သေချာသိမ်းပြီး ခပ်ဝေးဝေးမှာ တိတ်တိတ်လေး တွင်းတူးမြှုပ် လိုက်တယ်။

အဲဒီနောက် သူတို့အားလုံး အိပ်ပျော်သွားကြတယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၄)

အရုဏ်အလင်းက အဲဒီလောက် မမှိန်တော့ဘူး။ မိုးလည်း မရွာတော့ဘူး။ တစ်ခါတစ်ရံ ပြာလဲ့လဲ့ အလင်းတန်းသွယ်သွယ်ကို ကောင်းကင်ပေါ်မှာ မြင်နေရတယ်။

အရင်ဆုံးနိုးလာတဲ့ မွန်ဇာက ပျင်းကြောတစ်ချက်ဆန့်လိုက်ပြီး အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်တယ်။ အင်း. . . အရွက်စိုနံ့နဲ့ မှိုနံ့က အရသာရှိလိုက်တာ။ အိပ်နေသေးတဲ့ ဇာချ်ရာနဲ့ နတ်သူငယ်ကို တစ်ချက်ကြည့်လိုက်ပြီး သူ့ပစ္စည်းသူသိမ်းလိုက်တယ်။ မီးပွားချိတ်ထားတဲ့ ဝါးလုံးကိုလည်း ကျောပေါ်တင်လိုက်တယ်။ နတ်သူငယ်ကိုယ်ပေါ် ခြုံထားတဲ့ သားရေကိုယူပြီး သူထွက်လာခဲ့တယ်။ တောင်ကုန်းအောက်ကိုဆင်းချိန် သူနောက်ပြန်ကြည့်မိတယ်။ အဲဒီမိန်းမနဲ့ နတ်သူငယ်က မီးဖိုဘေးမှာကွေးလို့. . . နတ်သူငယ်က ချမ်းလွန်းလို့ တုန်နေတယ်။ အဝေးကြီးဆိုပေမယ့် သူလှမ်းမြင်နေရတယ်။ မွန်ဇာက သက်ပြင်းတစ်ချက်ချပြီး ပြန်လှည့်လာတယ်။ နတ်သူငယ်ကို သားရေနဲ့ သူခြုံပေးပြီး မီးကိုဆွလိုက်တယ်။ အဲဒီနောက် သူထွက်လာပြန်တယ်။ တောင်ခါးပန်းတစ်နေရာရောက်တဲ့အခါ မီးဖိုဘေးကသူတို့နှစ်ယောက်ကို သူလှည့်ကြည့်လိုက်ပြန်တယ်။ မိတာဝက်လောက်အရောက်မှာ သူလှည့်ကြည့်ပြန်တယ်။ မီးတောက်က ထွက်သစ်စနေရောင်နဲ့ရောနေပြီ။ လအတန်ကြာမှ ပထမဆုံးမြင်ရတဲ့နေရောင်က မီးကုပ်စက်ဝိုင်းအောက်မှာ

mgyoe.com

mgyoe.com SAMPLE BOOK

မိနစ်အနည်းငယ် မျက်နှာထွက်ပြတယ်။ အဝေးကြီးကနေ လှမ်းကြည့်တယ်ဆို ပေမယ့် အဲဒီမိန်းမနဲ့ နတ်သူငယ်ကို သူသေချာမြင်နေရတယ်။ မွန်ဇာခြေလှမ်း ရပ်ပြီး သူတို့ကို အကြာကြီး ကြည့်နေရင်းက တစ်လှမ်းချင်း ဖြည်းဖြည်းချင်း သူတို့ဆီ လှည့်ပြန်လာပြန်တယ်။

ကျောက်တုံးကြီးတစ်တုံးပေါ် ထိုင်ပြီး မွန်ဇာ စောင့်နေလိုက်တယ်။

နတ်သူငယ် အရင်နိုးလာတယ်။

စူးရှတဲ့အသံတစ်သံက တောကြီးမျက်မည်းထဲ လွင့်ပျံ့သွားတယ်။ အသံ ထဲမှာ တစ်လောကလုံးရဲ့ နာကျင်မှုတွေ ပြည့်နှက်နေတယ်။

အသေကောင်ရဲ့ သားရေနဲ့လုပ်ထားတဲ့ အန္တေးထည်ကြောင့် နတ်သူငယ် အကြာကြီး အော်နေတယ်။ အဆက်မပြတ် အော်နေတယ်။ နေထွက်လာပြီး ပျောက်သွားတယ်။ တစ်ဖန် ပြန်ထွက်လာတယ်။ မိုးရွာလာပြန်ပါတယ်။

အဲဒီနောက် စိတ်ပျက်ပျက်နဲ့ သူတို့ ခရီးဆက်ကြတယ်။ သစ်ကိုင်းတစ်ခု ကို သတိမထားမိဘဲ နတ်သူငယ် ခလုတ်တိုက်လဲသွားတယ်။ အဲဒီနောက် တစ် လမ်းလုံး တအိအိနဲ့ ငိုလိုက်တာ နေ့လယ်အထိပါပဲ။ မွန်ဇာက စိတ်မရှည်တော့လို့ နတ်သူငယ်ဘက်လှည့်ပြီး တကယ်လို့ ဆက်ငိုရင် အသားကင်တုတ်နဲ့ ထိုးပြီး ကင်ပစ်မယ်လို့ ခြိမ်းခြောက်လိုက်တာ ငိုသံကပိုကျယ်လာပြီး ညနေအထိ ငိုတော့ တာပါပဲ။

ညအမှောင် ရောက်လာခဲ့ပါပြီ။ တစ်ခါမှ ဒီလောက်ထိ မဆာဖူးဘူးလို့ နတ်သူငယ် ခံစားနေရတယ်။ ဆာလောင်ခြင်းက ဗိုက်ရဲ့အနက်ဆုံးနေရာကနေ လာပြီး အေးခဲတဲ့ခြေအစုံကနေတစ်ဆင့် ခေါင်းထဲကို ရောက်သွားတယ်။ ဘာကြောင့် ရယ်မသိ အေးစက်နေတဲ့ နားနှစ်ဖက်အထိတောင် ရောက်သွားတယ်။ ခန္ဓာကိုယ် အစိတ်အပိုင်းရဲ့ခံစားချက်ကို နတ်သူငယ်အသေးစိတ်သိနေပေမယ့် ဘာဖြစ်တယ် ဆိုတာကိုတော့ မပြောပြတတ်ဘူး။ ဟာတာတာလား၊ ဗလာလား၊ ဒါမှမဟုတ် အပျက်ဆောင်တည်ရှိမှုလား မသိပါဘူး။

အဲဒီနောက် ဆင်းရဲဒုက္ခအကြောင်းကို သူစပြောတယ်။

"ဒီကိစ္စက အပျက်ဆောင်တည်ရှိမှုလား ဒါမှမဟုတ် စိတ်မချမ်းသာမှု သက်သက်ပဲလား မသိပါဘူး။ ဒါမှမဟုတ် တိတိကျကျပြောရရင် ဒါဟာ ကောင်းစား ရေး မရှိဘူး။ အင်း. . . မဟုတ်သေးဘူး. . . ကောင်းစားရေး မရှိတာက စိတ်မချမ်း သာတာထက် ပိုကြီးတဲ့ ဆင်းရဲဒုက္ခပါ။ တကယ်တော့ စိတ်မချမ်းသာမှုဆိုတာ

mgyoe.com

mgyoe.com SAMPLE BOOK

အချိန်အကြာကြီး တည်ရှိပြီးနောက် ပုံမှန်ဖြစ်သွားနိုင်တဲ့ အခြေအနေတစ်မျိုးပါ။ ဆင်းရဲဒုက္ခအကြောင်းကတော့ ခင်ဗျားတို့ကို ကျွန်တော် ပြောမပြရသေးဘူး။ တစ်ခါက ကျွန်တော့်ညာခြေမလား၊ ဘယ်ခြေမလားမသိဘူး ဆူးတစ်ချောင်း စူးသွားတယ်။ ဟင့်အင်း. . . ကျွန်တော်မှတ်မိပြီ ညာခြေမပါ။ အဲဒီဆူးက ခြေ သည်း ထဲ စူးဝင်သွားတယ်။ အဘွားက အပ်တစ်ချောင်းနဲ့. . . အပ်တစ်ချောင်း နဲ့နော် ထွင်ပေးတယ်။ တစ်ခါတုန်းကလည်း ကျွန်တော်လဲကျလို့ တံတောင်ဆစ် ပွန်းသွားတယ်။ သိပ်ကြောက်ဖို့ကောင်းတယ်။ တကယ်ကြောက်ဖို့ကောင်းတယ်။ ဘယ်ဘက်လက်တံတောင်ဆစ်ပါ။ အခုထိ အမာရွတ်ကျန်သေးတယ် ဆိုတာ ကျွန်တော် တိတိကျကျ ပြောနိုင်တယ်။ အဲဒီအမာရွတ်ကို ခင်ဗျားတို့ကြည့်မလား။ ခင်ဗျားတို့ မကြည့်ချင်ကြဘူးလား”

နတ်သူငယ်က တတိယအကြိမ် သူအအေးမိတဲ့အကြောင်း ပြောနေချိန် မှာ. . . အအေးမိပြီး နှာရည်တွေဟာ ဘယ်အချိန်မှာ နှာခေါင်းထဲကနေ ဘယ် လောက်စီးကျလာကြောင်း၊ ဘာအရောင်ဖြစ်ကြောင်း၊ ဘယ်လောက်ပျစ်ကျဲကြောင်း တွေပြောနေချိန်မှာ အစိမ်းရောင်အပင်တချို့ကို သူတို့တွေ့လိုက်တယ်။ မွန်ဇာနဲ့ ဇာချဲရာက ဒါဟာ ရို့စ်မယ်ရီပင်တွေလို့ ချက်ချင်းအတည်ပြုလိုက်တဲ့ တစ်ခဏ မိုးလင်းကနေ ပါးစပ်မပိတ်တမ်း စကားပြောနေတဲ့ နတ်သူငယ်ဟာ ချက်ချင်း အသံတိတ်သွားတော့တယ်။

အဲဒီနောက် တောင်ကမူဘေးမှာပေါက်နေတဲ့ သစ်အယ်ပင်နဲ့ ထင်းရှူး ပင်အုပ်ကို သူတို့ဖြတ်ကျော်ခဲ့တယ်။ အကွေ့တစ်ခုကိုဖြတ်ပြီးတဲ့နောက် ဒယ်လီဂါ ပြည်က မျက်စိရှေ့ ဘွားခနဲပေါ်လာတယ်။ ဒယ်လီဂါက ချိုင့်ဝှမ်းတစ်ခုရဲ့အောက် မှာတည်ရှိပြီး မြို့ဘေးမှာ ပြည့်လျှံမတတ် စီးဆင်းနေတဲ့ ကျုံးတစ်ကျုံး ရှိတယ်။ ဒဏ္ဍာရီပုံပြင်ထဲက နေရာလေးလိုပါပဲ။ အိမ်ခြေများပြီး ပြတင်းပေါက်မှာ မီးထွန်း ထားကြတယ်။ စည်းရိုးအပြင်ဘက်က အဖျားချွန်စည်းရိုးတွေကို အလင်းပေးထား ပုံရတယ်။ ပြတင်းပေါက်အားလုံးက မည်းနက်နေတဲ့ ကျုံးရေပြင်ပေါ် အရိပ်ထိုး ကျနေတယ်။ မီးတုတ်တွေလည်း ထွန်းထားတာကြောင့် ကြည့်ရတာ အလင်းတွေ မလုံလောက်သေးဘူးဆိုတဲ့ သဘောပါပဲ။ စည်းရိုးပေါ်မှာ မျှော်စင်တွေရှိပြီး မျှော်စင်မှာလည်း မီးတွေ ထွန်းထားကြတယ်။ လေးသမားတွေ ကင်းစောင့်နေကြ တယ်။ စည်းရိုးပေါ်မှာ မီးအိမ်တွေ ၆ ပေခြားတစ်ခု ချိတ်ထားပြီး လှံချွန်အစုံစုံတွေ ကို အလင်းပေးထားတယ်။ အလင်းအားလုံးက ကျုံးရေပြင်ပေါ်မှာ အလင်းပြန်

mgyoe.com

mgyoe.com
SAMPLE BOOK

နေတယ်။ ကြိုးတံတားရပ်လိုက်ရင် တံတားပေါ်မှာလည်း စည်းရိုးနဲ့ မျှော်စင်လို တိုင်ချွန်တွေကို မြို့ပြင်ဘက် ဦးတည်ထားတယ်။ မြို့တစ်ခုလုံးကိုခြုံကြည့်ရင် အစွယ်ငေါငေါနဲ့ ဧရာမဝက်ရိုင်းကြီးတစ်ကောင်နဲ့ တူနေတယ်။

မွန်ဇာက ခြေလှမ်းကိုရပ်ပြီး အဲဒီမြင်ကွင်းကို အကဲခတ်ကြည့်လိုက်တယ်။

"သူတို့ကြည့်ရတာ သိပ်မဖော်ရွေဘူး"

"မဟုတ်ဘူး. . . သူတို့ဖော်ရွေတယ်" နတ်သူငယ်က ခံပြောတယ်။

"မိတ်ဆွေတွေကို စောင့်တဲ့အခါ မီးထွန်းထားတတ်ကြတယ် မဟုတ်လား။ ဒီလောက်များတဲ့ ဖယောင်းတိုင်ရှိရင် ပြောင်းဖူးလည်းရှိမှာပဲ။ ဒီနေရာက နေရာကောင်းတစ်ခုဖြစ်ရမယ်။ စားပွဲခုံပေါ်မှာ ပြောင်းဖူး၊ သစ်အယ်သီးရှိမယ်။ ဖယောင်းတိုင်လည်းရှိတယ်။ ပန်းကန်ခွက်ယောက်တောင်ရှိနိုင်တယ်။ ပြီးတော့ ခုတင်စစ်စစ်တစ်လုံးလည်း ရှိနိုင်တယ်။ မီးလင်းဖိုကြီးလည်း ရှိမယ်။ ကျွန်တော်တို့ အထဲကိုမြန်မြန်ဝင်ရအောင်"

"မဖြစ်ဘူး. . . ငါတို့ ဒီမှာပဲအိပ်မယ်။ မနက်ဖြန်ကျမှ တိတ်တိတ်လေး လစ်မယ်။ ဒီနေရာနဲ့ဝေးလေ ကောင်းလေပဲ"

"ဘာဖြစ်လို့လဲ"

"မီးတုတ်တွေက မွေးနေ့ကိတ်ပေါ် ထွန်းထားတဲ့အတိုင်း ဆိုပေမယ့် သူတို့ရဲ့ ဖော်ရွေတဲ့ကြိုးတံတားက ခရုလို တင်းတင်းစေ့ပိတ်ထားတယ်။ ကြည့်ရတာ ဝင်ရခက်၊ ထွက်ရခက်မယ့်နေရာပါ" မွန်ဇာက ပြောတယ်။

"ခရုဆိုတာ ဘာလဲ" နတ်သူငယ်မေးလိုက်တယ်။

"ပင်လယ်ထဲက အရာဝတ္ထုတစ်မျိုးပါ။ ပင်လယ်ဆိုတာ တောင်မည်း နောက်က ရေပြင်ကြီးပေါ့" ဇာချ်ရာ ရှင်းပြတယ်။

"ခရုကောင် စားလို့ရလား"

"မရဘူး. . ခရုမှာ အသက်ရှိတယ် စားလို့ဘယ်ရမလဲ" မွန်ဇာက ဒေါသထွက်သယောင် ပြောတယ်။ "သူ့မှာအသက်ရှိတယ်။ သူသေတတ်တယ်။ သူတွေးတောတတ်တယ်။ ကဗျာတောင် ရေးတတ်သေးတယ်။ အဲဒီမှာက ကြိုး တံတားနဲ့ စည်းရိုးရှိတဲ့အပြင် နတ်သူငယ်တွေနေတဲ့နေရာမှာပဲ နေသင့်တဲ့မင်းကို ပါ ငါတို့ခေါ်ဝင်သွားရင် မိုးလင်းတဲ့အထိ စောင့်စရာမလိုဘဲ ကျုပ်တို့နှစ်ယောက် လုံး ဟိုမျှော်စင်ပေါ်မှာ ချိတ်ဆွဲခံရလိမ့်မယ်။ မင်းကတော့ ဘာဖြစ်မယ်ဆိုတာ

mgyoe.com

mgyoe.com SAMPLE BOOK

မေးစရာတောင် မလိုဘူး။ မင်းလိုနတ်သူငယ်မျိုးက နတ်သူငယ်တွေနေတဲ့နေရာ မဟုတ်တဲ့နေရာမှာတွေ့ရင် သိပ်ကြောက်စရာကောင်းတဲ့အဖြစ်ဆိုးနဲ့ ကြုံရတယ် ဆိုတာ မင်းသိလား။ သိပ်ကြောက်စရာကောင်းတာနော်"

ပစ္စည်းတွေချပြီး မီးမွှေးဖို့ သစ်ကိုင်းနဲ့ထင်းရှူးသီးတွေ သူတို့ရှာလိုက်တယ်။ မွန်ဇာက အနည်းငယ်တုတ်တဲ့ သစ်ကိုင်းနှစ်ကိုင်းကိုခုတ်ပြီး တဲငယ်လေး တစ်ခု ထိုးလိုက်တယ်။ တိရစ္ဆာန်တွင်းတစ်ခုလို ညအချိန်မှာ အားလုံးအိပ်ဖို့ နေရာ လုပ်လိုက်တယ်။ ဇာချ်ရာက ရေညှိ၊ သစ်ရွက်နဲ့ မြက်ခြောက်တချို့ကိုရှာပြီး မြေပြင်ပေါ် ခင်းလိုက်တယ်။ ဒါမှ အိပ်ရာကျောခင်းက မာမနေမှာပါ။

"ဒါနဲ့နေပါဦး. . . ရှေးရှေးကတည်းက နတ်သူငယ်ဟာ နတ်သူငယ်တွေ နေတဲ့နေရာမှာပဲ နေကြတယ်။ တကယ်လို့ အပြင်ဘက်ကို တိတ်တိတ်လေး ခိုးထွက် ရင် အပြစ်ပေးခံရတယ်လို့ ငါကြားဖူးတယ်။ ဒါလျှောက်ပြောနေတာ မဟုတ်ဘူး နော်။ နင်က ဘယ်လိုလုပ်ပြီး အပြင်ရောက်နေတာလဲ" ဇာချ်ရာက မေးတယ်။

"ကျွန်တော်နေတဲ့နေရာက ရေမြုပ်သွားလို့ပါ" နတ်သူငယ်က ပြော တယ်။ ဒီအဖြစ်အပျက်က နတ်သူငယ်ကို ကြေကွဲစေပါတယ်။ သူ့မျက်ဝန်းအစုံ က ဝမ်းနည်းကြေကွဲခြင်းတွေ ပြည့်သွားပြီး မှုန်ဝါးဝါးမီးခိုးရောင်အဖြစ် ပြောင်း သွားတယ်။ နဂိုပြာလဲ့လဲ့မျက်ဝန်းက ပျောက်ကွယ်သွားတယ်။

"အကုန်လုံးရေအောက်မြုပ်သွားလို့ အဘွားက ကျွန်တော့်ကို ထွက် သွားခိုင်းတယ်"

"ဘယ်ကို ထွက်သွားခိုင်းတာလဲ"

"ကျွန်တော်မသိဘူး. . . ထွက်သွားဖို့ပဲ ပြောတယ်"

"နင့်အဘွားက မှော်အစွမ်း မတတ်လို့လား။ အင်း. . . ဥပမာ ရေကို ဆူစေတာတို့၊ ရေကို ပျောက်သွားစေတာတို့၊ နွေရာသီရဲ့ ရေကန်လေးလို ဖြစ် သွားအောင်တို့. . . အဲဒီလိုမျိုးတွေလေ"

"ရေနည်းနည်းလေးဆိုရင် ရတယ်။ တစ်ခွက်စာလောက်ရှိတဲ့ ရေဆိုရင် ရတာပေါ့။ တကယ်လို့ တစ်လောကလုံးကို မြုပ်သွားနိုင်တဲ့ရေဆိုရင်တော့ မရဘူး။ မေမေကလည်း မပြန်လာနိုင်တော့တဲ့နေရာကို သွားလိုက်တယ်။ မေမေက ကျွန်တော့်ရဲ့အချစ်ပါ။ အဘွားအနေနဲ့ဆိုရင် မေမေက သမီးပါ။ ဒါကြောင့် နောက်ပိုင်းမှာ အဘွားမှော်အစွမ်းမရှိ ဖြစ်သွားတယ်။ အရမ်းဝမ်းနည်းနာကျင်တဲ့ အခါ မှော်အစွမ်းက နာကျင်မှုတွေကြား နစ်မြုပ်သေဆုံးသွားတတ်တယ်။ ရေထဲ

mgyoe.com

mgyoe.com SAMPLE BOOK

လူနစ်မြုပ် သေသွားသလိုပေါ့။ တကယ်လို့ တစ်ခုခုကို အာရုံစူးစိုက်ပြီး စိတ်ကူးအိပ်မက်မက်ရင် အဲဒီအရာက အကောင်အထည်ပေါ်လာနိုင်တယ်။ ဒါပေမဲ့ တကယ်လို့ ရင်ထဲမှာ နာကျင်ဝမ်းနည်းမှုရှိနေရင် နာကျင်ဝမ်းနည်းမှုပဲ ထွက်လာတတ်တယ်။ ဝမ်းနည်းနေချိန် မီးတောင်မွေးလို့မရဘူး။ ကျွန်တော်တို့မှာ မီးရှိသေးတာက မီးဖိုထဲမှာ မီးအမြဲရှိနေလို့ပါ။ တကယ်လို့ မီးငြိမ်းသွားရင် ကျွန်တော်တို့မှာလည်း မီးမရှိနိုင်တော့ဘူး။ အဘွားမှာ အဲဒီအစွမ်း မရှိတော့ပါဘူး။ ကျွန်တော်ကလည်း ငယ်သေးတယ်။ နောက်ဆုံး ရေတက်လာတော့ မီးဖိုထဲက မီးလည်း ငြိမ်းသွားပါတယ်။ ရေက များသထက်များလာလို့ အဘွားက ကျွန်တော့်ကို 'သွားတော့' လို့ ပြောပါတယ်"

"ဘယ်ကိုသွားရမလို့လဲ အဘွားကို ကျွန်တော်မေးတော့ သူက 'ဒီနေရာကလွဲပြီး ဘယ်သွားသွားရတယ်။ ရေက ကင်းတဲတောင်မြုပ်သွားပြီ။ သူတို့မတားနိုင်တော့ဘူး. . ထွက်သွားပါ။ အဘွားအိုပြီ. . . နင်က သွားနိုင်သေးတယ်။ သွားပါ. . . နောက်ပြန်မလှည့်နဲ့တဲ့' ဒီလိုနဲ့ ကျွန်တော်ထွက်လာခဲ့တယ်။ ရေထဲ တစ်လှမ်းချင်း လျှောက်ခဲ့တယ်။ နတ်သူငယ်စခန်းက အိမ်တွေမှာ တံခါးမရှိ၊ ပြတင်းပေါက်မရှိပါဘူး။ တွင်းတစ်ခုပဲ ရှိပါတယ်။ ကျွန်တော်နောက်ပြန် လှည့်ကြည့်တော့ ထိုင်ခုံပေါ် ထိုင်နေတဲ့အဘွားကို ကျွန်တော်လှမ်းမြင်ရတယ်။ ရေက ပိုမြင့်လာတယ်။ အဘွားက အဲဒီနေရာမှာပဲ ထိုင်နေတယ်။ ရေမြင့်မြင့်လာပြီး နောက်ဆုံး ရေတွေပဲ မြင်ရတော့တယ်"

နတ်သူငယ် ငိုပြန်တယ်။ အသံက တိုးမျှင်လွန်းလို့ ငိုညည်းသံကိုတောင် မကြားရပါဘူး။

ယောက်ျားနဲ့ မိန်းမက မီးမျိုးနဲ့ မီးမွေးလိုက်တယ်။ အဲဒီနောက် တောအုပ်ကနေ ချိုမွှေးတဲ့ သစ်အယ်သီးတစ်ဆုပ်ကို သူတို့ရလိုက်တယ်။ သစ်အယ်သီးကိုမီးဖုတ်ပြီး နတ်သူငယ်ကို ပိုပိုသာသာပေးလိုက်တယ်။ အံ့ဩစရာကောင်းတာက သူတို့နှစ်ယောက်လုံး သိပ်မဆာကြဘူး။

နတ်သူငယ်က ဖြည်းဖြည်းချင်း စားနေတယ်။ တစ်ခါစားတစ်လုံးနဲ့ အချိန်ဆွဲပြီး စားနေတယ်။ ဝမ်းနည်းတဲ့သူ့ခံစားချက်က သစ်အယ်စေ့မွှေးမွှေးကြောင့် ပျောက်သွားတယ်။

မအိပ်ခင် ခွေးကိုပေးမယ့်နာမည်ကို နတ်သူငယ် သတိရလိုက်တယ်။ ခွေးရဲ့အမွေးက သစ်အယ်သီးနဲ့တူတယ်။ ခွေးက ပြေးတတ်၊ ပောင်တတ်တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


သစ်အယ်သီးက နေရာမှာတင် တိတ်ဆိတ်နေတယ်။ မျက်နှာကို လာမလျက်တတ် သလို အမြီးလည်း မလှုပ်တတ်ဘူး။ ဒါကြောင့် 'သစ်အယ်သီး' ဆိုတဲ့ ဒီနာမည်က လည်း မကောင်းပါဘူး။ ဒီထက်ကောင်းတဲ့နာမည်တစ်ခု သူစဉ်းစားရမယ်။ စဉ်း စားလို့မရခင်မှာပဲ လူသားယောက်ျားနဲ့ မိန်းမကြားက မီးပုံဘေးမှာ သူအိပ်ပျော် သွားတယ်။ ကိုယ်ပေါ်မှာ သိုးမွေးတဘက်ခြုံလို့ပေါ့။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၅)

လှံတပ်သားတစ်အုပ်ကြောင့် သူတို့နိုးလာတယ်။

လှံတပ်သားတွေ ကင်းလှည့်နေကြတယ်။

ဒယ်လီဂါမြို့တင်မက အဲဒီမှာနေထိုင်တဲ့ ဒေသခံ၊ ဒေသခံရဲ့အမျိုး၊ ဒေသခံရဲ့ဧည့်သည်၊ ဒါမှမဟုတ် ဒေသခံ အလည်ခေါ်လာတဲ့လူမဟုတ်ရင် အနီး အနားဝန်းကျင် တစ်ဝိုက်ကိုလည်း ဘယ်သူမှ လာခွင့်မရှိပါဘူး။ သူတို့သုံးယောက် လုံး ဒီအချက်တွေနဲ့ တစ်ခုမှ ကိုက်ညီမနေဘူး။

လှံတပ်သားတွေက သူတို့ကို ဘာလုပ်တာလဲ၊ ဘာလို့ ဒီနေရာကို ရောက် လာတာလဲ၊ ဘာပစ္စည်းတွေပါသလဲ မေးတယ်။ မုဆိုးက "ကျွန်တော်တို့ ကိုယ်ပေါ် ဝတ်ထားတဲ့ အဝတ်အစားနဲ့ ကြေးပိုက်ဆံသုံးပြားကလွဲလို့ ဘာမှမပါ,ပါဘူး" လို့ ဖြေတာကိုကြားတော့ လှံတပ်သားက စိတ်ဆိုးတယ်။ အားနာပါးနာတောင် မရှိပါ ဘူး။

ဒီလိုနဲ့ လှံတပ်သားက သူတို့သုံးယောက်ရဲ့ ကျန်းမာရေးအခြေအနေကို အသေးစိတ်စစ်ဆေးတယ်။ သန်းတွေစွဲနေသလား၊ လှေးတွေစွဲနေသလား၊ ကာလ ဝမ်းရောဂါ၊ အနာကြီးရောဂါ၊ ပုလိပ်ရောဂါ စွဲကပ်ဖူးသလား၊ ထိတွေ့ကိုင်တွယ်ခဲ့ ဖူးလား၊ အော့အန်တာ၊ ဝမ်းလျှောတာ၊ ကိုယ်အပူချိန်မြင့်တာ ရှိသလား၊ အဖုအပိမ့် အနာပေါက်သလား၊ မျက်စိနာသလား၊ သန်ကောင်ရှိသလား၊ အဲဒီရောဂါ ရှိသူတွေနဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ထိတွေ့ဖူးသလား စတာတွေကို စစ်ဆေးတယ်။ အဲဒီရောဂါတွေရှိရင်၊ ထိတွေ့ခဲ့ဖူးရင် တခြားသူကို မကူးစက်ရအောင် ချက်ချင်းသတ်ပစ်မှာ ဖြစ်တယ်။ သူတို့ရဲ့ကလေးတွေ ကျန်းမာလား၊ ကျန်းမာရင် မိခင်က ဘာဖြစ်လို့ကလေးကို တဘက်နဲ့ တစ်ချိန်လုံး ထုပ်ပြီး တင်းတင်းပွေ့ထားရသလဲ။ ကလေးလေးက မောပြီး ငယ်လည်းငယ်၊ ငိုလည်းငိုတတ်လို့ပါ။ ဩော်. . . ကျွန်တော်တို့က ငယ်လည်း ငယ်၊ မောလည်း မောတဲ့ ကလေးလေးကို မငိုရဘူးလို့ တားလို့မရပါဘူး။

အဲဒီနောက် လက်နက်တွေကို စစ်ဆေးတယ်။ ထိုးရ ပစ်ရတဲ့ ချွန်မြတဲ့ လက်နက်တွေပါလား။ လောင်ကျွမ်းတတ်တဲ့၊ အညီအမည်းစွဲတတ်တဲ့၊ ထိုးသွင်းလို့ရတဲ့၊ လှီးဖြတ်လို့ရတဲ့၊ အပူလောင်စေတဲ့အရာတွေပါသလား။ အမဲလိုက်လို့ရတဲ့၊ လုံးထွေးသတ်လို့ရတဲ့၊ မြင်းပေါ် ဒါမှမဟုတ် မြည်းပေါ် ခြေလေးချောင်းသတ္တဝါအပေါ်တင်ပြီး ပစ်ခတ်လို့ရတဲ့ လက်နက်ပါသလား။ တစ်ယောက်ချင်း တိုက်ခိုက်တာပဲဖြစ်ဖြစ်၊ အုပ်စုဖွဲ့တိုက်ခိုက်တာပဲဖြစ်ဖြစ်၊ ကတုတ်ကျင်းတူးတဲ့ ပစ္စည်း၊ မြို့ကိုတိုက်တာ၊ ပစ်မှတ်ကိုပစ်တာ ဒါမှမဟုတ် အပန်းဖြေ လက်နက်ပါသလား။ ပြီးတော့ လေးတစ်ချောင်း၊ ဓားမြှောင်တစ်ချောင်း၊ ပုဆိန်တစ်ချောင်း၊ တံစဉ်ပါသလား။ ပြီးတော့ ပေါင်မုန့်လှီးဓား အကုန်သိမ်းတယ်။ မီးပွားထည့်ထားတဲ့ သံလုံးနှစ်လုံးကလည်း လောင်မြိုက်စေတဲ့လက်နက်ပါ။

သစ်ကိုင်းနှစ်ကိုင်း သူတို့ခုတ်ခဲ့တယ်။ အဲဒီသစ်ကိုင်းက ဒယ်လီဂါ မြို့ပိုင်ပစ္စည်းဖြစ်တယ်။ ပြီးတော့ ရွက်ဖျင်တဲလုပ်ဖို့ အပင်ငယ်လေးပင် နုတ်ခဲ့လို့ ဒါဟာ "နိုင်ငံ့ဥပဒေ" ကို ကျူးလွန်တာဖြစ်တယ်။ ဒီပြစ်ဒဏ်အတွက် သင့်တော်တဲ့ စစ်ဆေးမှုတွေ ပြုလုပ်မယ်။ ခွေးကိုလျှော်အိမ်ထဲ မပို့ခင် သေချာထိန်းထားလို့ ရနိုင်မလား။ ဘာတိရစ္ဆာန်ဖြစ်ဖြစ် အိမ်မွေးဖြစ်ဖြစ်၊ သားရိုင်းပဲဖြစ်ဖြစ် တားမြစ်ပစ္စည်းတွေဖြစ်တယ်။ ဒီခွေးကလည်း အဲဒီအချက်ထဲ အကျုံးဝင်နေတယ်။

လှံတပ်သားတွေရဲ့ ချုပ်နှောင်မှုနဲ့ မြို့ထဲ သူတို့ရောက်လာကြတယ်။ ဒါဟာ နတ်သူငယ်တွေ့ဖူးတဲ့ အထူးဆန်းဆုံး၊ မယုံနိုင်စရာအကောင်းဆုံးနေရာ တစ်ခုဖြစ်တယ်။ အဲဒီမှာ လူသားတွေချည်းပဲ၊ ကြီးကြီးငယ်ငယ်၊ ယောကျ်ား၊ မိန်းမ အစုံရှိတယ်။ လက်နက်ကိုင်ထားသူရော မကိုင်ထားသူရော ပြီးတော့ အရောင်မတူတဲ့ အဝတ်အစားတွေကို ဝတ်ဆင်ထားကြတယ်။

အသံပေါင်းစုံလည်း ကြားရတယ်။ လူတိုင်းက ပစ္စည်းဝယ်နေသလိုပါပဲ။ ပေါင်မုန့်၊ ပြောင်းဖူး၊ ပန်းသီး၊ အိုး၊ ထင်း၊ ကုလားထိုင်လုပ်တဲ့သစ်သားတွေ။

mgyoe.com

mgyoe.com SAMPLE BOOK

နေရာတိုင်းမှာ ကိုးရိုးကားယားငှက်ထူးဆန်းတွေရှိပြီး လူကြားထဲ ဟိုဟိုဒီဒီ သွားလာနေကြတယ်။ အဲဒီငှက်တွေက ကြီးလည်းကြီးသလို ဝလည်းဝတယ်။ အတောင်ပံကငယ်ပြီး မပျံနိုင်ဘူး။ "ကတော်ကတော်" နဲ့ ထပ်တလဲလဲအော်နေတယ်။ အဲဒီငှက်ကို "ကြက်" လို့ လူသားတွေခေါ်တာကို နတ်သူငယ် ကြားလိုက်တယ်။

လုံ့တပ်သားတွေက သူတို့ကို ရင်ပြင်ဗဟိုတစ်ခုဆီခေါ်သွားတယ်။ အဲဒီမှာ နတ်စင်နဲ့တူတဲ့အရာတစ်ခုရှိပြီး အနီရောင်၊ ရွှေရောင်အဝတ်စတွေနဲ့ အုပ်ထားတယ်။ ကြည့်ရတာ ထူးဆန်းတဲ့ဧရာမပုခက်ကြီးနဲ့ တူတယ်။ အထဲမှာ လူတစ်ယောက်ထိုင်နေပြီး တစ်ကိုယ်လုံးကို ပန်းထိုးထားတဲ့ ဝတ်ရုံရှည်ကြီးတစ်ထည်နဲ့ ပတ်ထားတယ်။ ခေါင်းကိုပါ ပတ်ထားတာကြောင့် မွေးကင်းစ ဧရာမကလေးနဲ့ တူနေတယ်။

ဧရာမကလေးကို "ဒယ်လီဂါနှင့် အနီးတစ်ဝိုက် နယ်မြေတရားသူကြီးတစ်ဖြစ်လဲအုပ်ချုပ်ရေးမှူး" လို့ခေါ်တယ်။ အဲဒီနာမည်က Yorshkrunsquarklejolner strink နာမည်လောက်မလှပေမယ့် နာမည်ကောင်း တစ်ခု ဖြစ်မယ်လို့ နတ်သူငယ် ထင်တယ်။

အဲဒီ ဒယ်လီဂါနှင့် အနီးတစ်ဝိုက် နယ်မြေတရားသူကြီးတစ်ဖြစ်လဲ အုပ်ချုပ်ရေးမှူးက သူတို့ရဲ့အသက်၊ နာမည်၊ အလုပ်အကိုင်နဲ့ ကျွမ်းကျင်မှုတွေကို မေးတယ်။ အဓိက,က သူတို့ဟာ ဒယ်လီဂါမြို့ခံလည်းမဟုတ်၊ မြို့ခံရဲ့ဆွေမျိုး၊ ဧည့်သည်ဒါမှမဟုတ် ဖိတ်ခေါ်ခံရသူလည်း မဟုတ်တာကြောင့် ဒီမြို့ကို သူတို့ ဘာလာလုပ်သလဲ မေးတယ်။

မွန်ဇာက သူဟာ ဒယ်လီဂါမြို့ရဲ့ ဒေသခံ၊ ဒေသခံရဲ့ဆွေမျိုး၊ ဧည့်သည်၊ သူတို့ကို ထောက်ခံတဲ့ဒေသခံရှိရှိ မရှိရှိ၊ တခြားဘာလူမျိုးပဲဖြစ်ဖြစ် ဂရုမစိုက်ဘူး။ ဒီမြို့နဲ့အနီးတစ်ဝိုက်နယ်မြေကနေ သူတို့အမြန်ဆုံး ထွက်သွားချင်တယ်လို့ ဖြေလိုက်တယ်။

အဲဒီ ဒယ်လီဂါနှင့် အနီးတစ်ဝိုက်နယ်မြေ တရားသူကြီးတစ်ဖြစ်လဲအုပ်ချုပ်ရေးမှူးက တကယ်လို့ ဒယ်လီဂါမြို့ကို မကြိုက်ရင်၊ ပြီးတော့ အနီးတစ်ဝိုက်နယ်မြေနဲ့ ဒေသခံအပါအဝင် ဆွေမျိုး၊ ဧည့်သည်၊ ထောက်ခံသူတွေကိုမကြိုက်ရင် အိမ်မှာပဲ နေသင့်တယ်။ ဒါမှမဟုတ် တခြားနေရာသွားသင့်တယ်။ ဒီလိုဆိုရင် လုံ့တပ်သားတွေလည်း သူတို့ကိုတွေ့ပြီး ဖမ်းဆီးစစ်ဆေး အလုပ်ရှုပ်စရာ မဟုတ်ဘူးလို့ ဆိုတယ်။ ပြီးတော့ သူလည်း သူတို့ကို တွေ့ဆုံ၊ စစ်ဆေး၊ အပြစ်ပေး၊ပြစ်

mgyoe.com

mgyoe.com SAMPLE BOOK

ဒဏ်ချ အချိန်ကုန်နေစရာ မလိုဘူးလို့ ဆိုတယ်။ ပြီးတော့ သူတို့က သစ်ကိုင်း နှစ်ကိုင်း နဲ့ အပင်လေးပင် နုတ်တဲ့ပြစ်မှုကို ကျူးလွန်ထားသေးတယ်။ ဒီလိုရိုင်းစိုင်း တဲ့အပြုအမူက ဒီမြို့ကို ထိခိုက်နစ်နာစေခဲ့ပြီလို့ ဆိုတယ်။

ဝိုင်းကြည့်နေသူတွေက သဘောတူကြောင်း ထောက်ခံကြတယ်။ ဒီအချိန် မှာပဲ မိုးကျလာပြီး အခြေအနေက ပိုဆိုးသွားတယ်။

တရားသူကြီးက ဒဏ်ငွေကြေးပြားသုံးပြား ဒဏ်ခတ်လိုက်တယ်။ ဒါဟာ သူတို့တစ်ကိုယ်လုံးမှာရှိတဲ့ ပိုက်ဆံပါ။ "ကြည့်စမ်း၊ ဘယ်လောက် တိုက်ဆိုင်လိုက် သလဲ" လက်နက်နဲ့ မီးပွားကိုလည်း သိမ်းပစ်လိုက်လို့ သူတို့မှာခွေးတစ်ကောင်ပဲ ကျန်ခဲ့တော့တယ်။

သူတို့ထွက်ခွာလာချိန်မှာ ဇာချ်ရာက "အင်း. . . သိပ်မဆိုးသေးပါဘူး" လို့ ဆိုတယ်။

"ဘာကိုလဲ" မွန်ဇာက မေးတယ်။

အဲဒီအချိန်မှာပဲ ဒယ်လီဂါနှင့်အနီးတစ်ဝိုက် နယ်မြေတရားသူကြီးတစ် ဖြစ်လဲ အုပ်ချုပ်ရေးမှူးရဲ့ ဒုတိယမြောက်အမှုစီရင်ရေး စပါတယ်။

ဒုတိယအမှုမှာ အတိုင်ခံရသူက မိန်းမတစ်ယောက်ဖြစ်တယ်။ ကြက် တစ်ကောင်ကို လှည်းနဲ့ သူတိုက်သတ်လိုက်မိတယ်။ မိန်းမက ကြက်ကို ပွေ့ထား တယ်။ ကြက်လည်ပင်း ကျိုးသွားတာကို အတိုင်းသားမြင်နေရတယ်။ ဇာချ်ရာဘေး အဲဒီမိန်းမဖြတ်လျှောက်သွားချိန် မီးခိုးရောင်သိုးမွေးခြုံထည်ကနေ လက်ညှိုးလေး တစ်ချောင်းထွက်လာပြီး အဝါရောင်အင်္ကျီလက်မောင်းကိုဖြတ်ကာ ကြက်ရဲ့ဒဏ်ရာ တစ်ဝိုက်က မွေးနုပေါ် ရပ်တန့်သွားတယ်။ ကြက်ရဲ့လည်ပင်းက တဖြည်းဖြည်း ပြန်ကောင်းလာပြီး မျက်လုံးက ဖြည်းဖြည်းချင်း ဖွင့်လာတယ်။

ဒီအချိန်မှာပဲ တစ်လောကလုံး ပွက်လောရိုက်သွားတယ်။ ကြက်ထွက် ပြေးသွားပြီး လူအုပ်ကြားမှာ "နတ်သူငယ်ပဲဟေ့" ဆိုတဲ့အော်သံ ရိုက်ခတ်သွားတယ်။ လူတွေ ကစဉ့်ကလျား ထွက်ပြေးကြတယ်။ နောက်ဆုံး သူတို့သုံးယောက်ကို လှံတပ်သား ဝိုင်းလိုက်ပြီး လှံဖျားချွန်တွေနဲ့ သူတို့လည်မျိုကို ထောက်ထားလိုက် ကြတယ်။

"ဒါ ငါပြောချင်တဲ့ အဆိုးဆုံးအခြေအနေပေါ့" ဇာချ်ရာက ဆိုတယ်။

ကြက်အသက်ပြန်ရှင်လာတဲ့နောက် အခြေအနေက ပိုပြင်းထန်လာတယ်။ ဒီအချိန်မှာ ဒယ်လီဂါနှင့် အနီးတစ်ဝိုက် နယ်မြေတရားသူကြီးတစ်ဖြစ်လဲ အုပ်ချုပ်

mgyoe.com

mgyoe.com

ရေးမှူးက Yorshkrunsquarklejolnerstrinkကို စိုက်ကြည့်လိုက်တယ်။

"မင်းက နတ်သူငယ်တစ်ကောင်" တရားသူကြီးမင်းက ခပ်ထန်ထန် ဆိုတယ်။ လေသံက လေးနက်ပြီး တည်ငြိမ်တယ်။ ရှင်းလင်းပြတ်သားတဲ့စကား တစ်လုံးတိုင်းက ကျောက်ခဲတုံးတွေလို လန့်ပြီးငေးကြောင်နေတဲ့ လူထုထဲ ပစ်သွင်း လိုက်တယ်။

"သူက တိရစ္ဆာန်ငယ်လေးတစ်ကောင်မျှပါ" မွန်ဇာက ပြောတယ်။

"သူက ကလေးပဲရှိသေးတယ်" ဇာချ်ရာက ဆိုတယ်။

"မွေးတာ မကြာသေးဘူး" နတ်သူငယ်က ဝမ်းသာအားရရှင်းပြတယ်။

"ကျွန်တော့်နာမည် Yorshkrunsquarklejolnerstrink ပါ" ပြောပြီး အနည်းငယ်ကွေးညွတ် ဂါရဝပြုလိုက်တယ်။

"တရားရုံးမှာ နှာလျှောက် မချေရဘူး၊ စကား လျှောက်မပြောရဘူး။ ကျုပ် ဒယ်လီဂါနဲ့ အနီးတစ်ဝိုက် နယ်မြေတရားသူကြီးတစ်ဖြစ်လဲ အုပ်ချုပ်ရေးမှူး က မင်းကို လိမ်ခွင့်မပြုဘူး" တရားသူကြီးက မှုန်ကုပ်ကုပ်ပြောပြီးတာနဲ့ တစ်ပြိုင်နက် တည်တည်ကြည်ကြည် ထရပ်လိုက်တယ်။

နတ်သူငယ် စိတ်ရှုပ်ထွေးသွားတယ်။ သူဟာ ဘယ်တော့မှ ခေါင်းထဲ မရှိတဲ့စကားကို မပြောဘူး။ ဪ. . . မဟုတ်သေးဘူး. . . တစ်ခါတလေမှာ နားမလည်လည်း နားလည်တယ်လို့တော့ မယဉ်မကျေး ပြောတတ်တယ်။ လူနဲ့ လူအ,ကို လူနဲ့လူအ,အဖြစ် ဆက်ဆံတာဟာ မယဉ်ကျေးတဲ့ လုပ်ရပ်မို့ပါ။

"ပြီးတော့ ကျုပ်ကို ကျုပ်ရာထူးဂုဏ်နဲ့ ကိုက်ညီတဲ့ အခေါ်အဝေါ်နဲ့ ခေါ် ဖို့ ခင်ဗျားကို ကျုပ်အမိန့်ပေးတယ်" တရားသူကြီးကပြောတယ်။

ဘယ်အခေါ်အဝေါ်က သူ့ရာထူးဂုဏ်နဲ့ ကိုက်ညီတဲ့ အခေါ်ဖြစ်မလဲ. . . နတ်သူငယ်က ကြိုးစားပြီး စဉ်းစားတယ်။

"ငတုံး" နတ်သူငယ်အသံကျယ်နဲ့ အော်လိုက်တယ်။

မဟုတ်ဘူး. . . ဒါ မဟုတ်သလိုပဲ။

"လူကြီးစုတ်. . . မဟုတ်သေးဘူး. . . ငတုံး" ဒါလည်း မဟုတ်သလိုပဲ။

"တိတ်စမ်း" တရားသူကြီးက တိုးတိုးတိတ်တိတ်ရယ်နေတဲ့ လူအုပ်ကို အော်ငေါက်လိုက်တယ်။

"ကျုပ်ကို ဒယ်လီဂါနဲ့ အနီးတစ်ဝိုက် နယ်မြေတရားသူကြီးတစ်ဖြစ်လဲ အုပ်ချုပ်ရေးမှူးလို့ မင်းခေါ်ရမယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"ကိစ္စမရှိဘူး. . . ကိစ္စမရှိဘူး" ကြည်လင်လန်းဆန်းတဲ့ အပြုံးနဲ့ နတ်သူငယ် စိတ်အားထက်သန်စွာ ပြန်ဖြေတယ်။

"ဒယ်လီဂါနဲ့ အနီးတစ်ဝိုက် နယ်မြေတရားသူကြီးတစ်ဖြစ်လဲ အုပ်ချုပ်ရေးမှူးက သိပ်လှတဲ့နာမည်ပဲ။ ကျွန်တော်တို့ခွေးကို အဲဒီနာမည်ပေးရမယ်" နတ်သူငယ်က အားရကျေနပ်စွာနဲ့ စကားတစ်ခွန်းထပ်ဖြည့်တယ်။

သူ့စကားကြားတာနဲ့ ပရိသတ်တွေ မအောင့်နိုင်ကြတော့ဘူး။ အဘိုးအိုတစ်ယောက်ရယ်နေတာ မျက်နှာပေါက်ကွဲမတတ်ပါပဲ။ လုံ့တပ်သားတစ်ယောက်က လုံ့လွတ်ကျပြီး သူ့ခြေထောက်ပေါ် သူစိုက်မိလို့ လူတွေ မိုးခြိမ်းမတတ် ရယ်လိုက်ရပြန်တယ်။ နတ်သူငယ်လည်း ဘုမသိဘမသိ ရောယောင်ရယ်တယ်။ လူသားတွေရယ်တဲ့အခါ ချစ်စရာ သိပ်ကောင်းတာပဲ။

တရားသူကြီးတစ်ယောက်ပဲ မရယ်တာပါ။ သူက နတ်သူငယ်ဘက် လှည့်ပြီး "ဒီမိန်းမနဲ့ ယောက်ျားကို မင်းသိလား. . . ကျုပ်ကိုပြောပြပါ" လို့ဆိုတယ်။

"သိတယ်" နတ်သူငယ် တိတိကျကျဆိုတယ်။

"ခင်ဗျားတို့က နတ်သူငယ်ကိုခေါ် လာတဲ့ စိတ်ပျက်စရာ အပြုအမူအပြင် ကျုပ်တို့ကို လိမ်သေးတယ်။ ကျုပ်တို့မြတ်နိုးတဲ့ ဒီမြို့ထဲထိ နတ်သူငယ်ကို ခေါ် လာကြတယ်။ မသင့်လျော်တဲ့ အဲဒီလုပ်ရပ်နှစ်ခုအပြင် နောက်ထပ် ဘာမကောင်းမှုတွေကို ခင်ဗျားတို့ ကျူးလွန်ကြဦးမလို့လဲ"

". . . ရှိဦးမယ်. . . ရှိလောက်သေးတယ်။ အဲဒီယောက်ျားက အလောင်းတွေ စားတယ်။ ရို့စ်မယ်ရီတောင်ဖြူးသေးတယ်လို့ ကျွန်တော်ထင်တယ်။ နောက်ပြီး အလောင်းရဲ့သားရေကိုလည်း ရောင်းသေးတယ်။ အဲဒီမိန်းမလူသားက အမေနဲ့ အစ်ကိုတချို့ကို ရောင်းဖူးတယ်။ မဟုတ်ဘူး. . . မောင်လေးတချို့. . . အင်း ဟုတ်တယ်. . . မောင်လေးတချို့ အရင်ရောင်းတယ်ထင်တယ်. . ကျွန်တော် မမှတ်မိတော့ဘူး"

အားလုံးတိတ်ဆိတ်သွားကြတယ်။ တစ်ဆက်တည်း အုတ်အုတ်ကျက်ကျက် ဖြစ်သွားတယ်။ ဆူညံလွန်းလို့ ဘာပြောနေမှန်း ဘယ်သူမှ သေချာမကြားရဘူး။

"ငါတော့ ပြဿနာတက်တော့မယ်လို့ နင့်ကို ငါပြောတယ်မဟုတ်လား။ နင် အစကတည်းက ဘာဖြစ်လို့ ကိုယ့်လမ်းကိုယ်မသွားတာလဲ" မွန်ဇာကို ဇာချ်ရာ စိတ်ပျက်လက်ပျက် ပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ငါကြည့်ရတာ ရှေးဘဝတုန်းက ငါ့အဖေကို ရောင်းခဲ့မိတယ်ထင်တယ်" မွန်ဇာက ဖြေတယ်။

နတ်သူငယ်ကို ဆွဲထွက်သွားချိန် ခုနက ကြက်ကို သူမြင်လိုက်တယ်။ ကြက်က ပြတင်းပေါက်ဘောင်ပေါ်က အသိုက်တစ်ခုထဲ ဝပ်နေတယ်။ အထဲမှာ ကြက်ဥနှစ်လုံး ရှိတယ်။ နတ်သူငယ်နဲ့ ကြက်က အချင်းချင်း တစ်ချက်ကြည့်ပြီး နှုတ်ဆက်လိုက်ကြတယ်။ အဲဒီတစ်ခဏ သူတို့မှာ တူညီတဲ့အတွေး ဝင်သွားကြပြီး သူတို့ရဲ့စိတ်ဝိညာဉ်က အတူတကွ အမြဲပေါင်းစပ်သွားတော့တယ်။

"ကြက်ကလေး" ဒါမှမဟုတ် "ကြက်မ" က ခွေးကိုပေးဖို့ သင့်တော်တဲ့ နာမည် ဟုတ်မဟုတ် နတ်သူငယ် မသိဘူး။ သူတို့ရဲ့ပုံစံကမတူဘူး။ ဒါပေမဲ့ ကြက် အမြီးအရောင်နဲ့ ခွေးအမြီး၊ နောက်ခြေသည်းတို့ကတော့ တူနေတယ်။ ခွေးက ဥမဥတတ်ဘူးဆိုတာ နောက်တော့ သူသတိရလိုက်တယ်။ ကြက်က ကိုယ်စိတ် မကောင်းတာကို တွေ့ရင် မျက်နှာလည်း လာမလျက်တတ်ဘူး။ ဒီနာမည်ကလည်း သင့်တော်ပုံမရပါဘူးလေ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၆)

"အကျဉ်းထောင်" လို့ ခေါ်တဲ့နေရာတစ်ခုထဲ သူတို့ ပိတ်လှောင်ခံလိုက်ရတယ်။

အဲဒီနေရာက မဆိုးဘူး။

အဲဒီနေရာက ခိုင်ခံ့တဲ့ကျောက်တုံးတွေနဲ့၊ တိုင်ကြီးနဲ့ထောက်ထားတဲ့ ခုံးတံခါးကြီးလည်း ရှိတယ်။ ဒါက ရူနစ်(Runic) တတိယမင်းဆက်ခေတ်က အဆောက်အအုံဖြစ်ပြီး တံခါးက အဝိုင်းသင်္ကေတမဟုတ်တာကို တွေ့ရတယ်။ စက်ဝိုင်းခြမ်းနှစ်ခုရဲ့ထောင့်ကို တိတိကျကျဆက်ထားတဲ့ တံခါးဖြစ်တယ်။ အဝိုင်းပုံသင်္ကေတံခါးက ရူနစ် ပထမမင်းဆက်ခေတ်က ဖြစ်တယ်။ ရှည်မျောမျောခုံးတံခါးက ရူနစ်ဒုတိယမင်းဆက် အုပ်စိုးစဉ်အခါကဖြစ်တယ်။

ပြီးတော့ ကောက်ရိုးစင်ပေါ် အိပ်လို့ရနိုင်သေးသလို ပြောင်းဖူးနဲ့ ပဲတစ်ခွက်လည်း ရသေးတယ်။ သိပ်စားလို့ကောင်းတယ်။ တကယ် ကောင်းတယ်။ တကယ့်ကို အများကြီးကောင်းတယ်။ နတ်သူငယ်က ပြောင်းဖူးနဲ့ ပဲတချို့ကို အမွှေးပြောင်ချောချော၊ ဝတုတ်တုတ် ချစ်စရာကြွက်တွေကို ခွဲပေးလိုက်တယ်။ အနံ့ရတာနဲ့ ကြွက်တွေက အခန်းရဲ့ထောင့်တွေကနေ ထွက်လာကြပြီး ကျောက်ပြားပေါ် လျှောက်ပြေးနေတော့တယ်။

ဒီအခန်းက တကယ့် ကောင်းကင်ဘုံပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီနေရာမှာ မိုးရေလည်း မရှိဘူး။ ဇာချ်ရာရဲ့မျက်နှာက ထူးဆန်းနေပြီး သူ့တစ်ယောက်တည်းရဲ့မျက်နှာမှာပဲ မိုးကွက်ရွာနေတယ်။

"ဘာဖြစ်လို့ တစ်ချိန်လုံး ခင်ဗျားမျက်နှာ ရေစက်ကျနေတာလဲ" ဇာချ်ရာကို နတ်သူငယ် မေးလိုက်တယ်။

"ဒါကို မျက်ရည်လို့ခေါ်တယ်။ ငါတို့က ဒီလိုငိုကြတယ်" ဇာချ်ရာအစား မွန်ဇာ ဖြေလိုက်တယ်။

"ဟုတ်လား. . . သူ့နှာခေါင်းကနေထွက်လာပြီး တစ်ချိန်လုံးလက်မောင်းနဲ့ သူသုတ်နေတဲ့အရာကရော ဘာလဲ"

"အဲဒါကလည်း ငိုတဲ့အပိုင်းအစထဲက တစ်ခုပါ"

"ကျွန်တော်တို့နတ်သူငယ်တွေက စိတ်မကောင်းဖြစ်တဲ့အခါ အော်ညည်းတတ်တယ်။ ဒီလိုမှ အခြားနတ်သူငယ်တွေက ကျွန်တော်တို့ရဲ့ဝမ်းနည်းမှုကိုသိပြီး ဝမ်းနည်းမှုလျော့သွားအောင် စဉ်းစားပေးကြတယ်။ မြေကြီးပေါ် ထိုင်ပြီး မျက်စိနဲ့ နှာခေါင်းထဲကနေ အရည်တွေထွက်လာရင် မျက်စိကိုနီစေတယ်။ ပါးစပ်နဲ့ပဲ အသက်ရှူရတယ်။ ဒါဟာ ကိုယ့်ကိုယ်ကိုယ် အအေးမိအောင် တမင်လုပ်တာနဲ့ အတူတူပဲ မဟုတ်လား" နတ်သူငယ်က သူသိသူတတ်မှုကို မဖုံးနိုင်ဘဲ ပြောတယ်။

"မင်းပြောတာလဲ မှန်ပါတယ်" မွန်ဇာက အလိုက်သင့် ပြန်ပြောလိုက်တယ်။

"ခင်ဗျား ဘာဖြစ်လို့ငိုရတာလဲ" ဇာချ်ရာကို နတ်သူငယ်မေးလိုက်တယ်။

"မနက်ဖြန်မနက်ကျရင် သူတို့က ကျုပ်တို့ကို တွဲလဲချိတ်ထားတော့မှာ" ဒီတစ်ကြိမ်မှာလည်း မွန်ဇာက အစားဝင်ဖြေတယ်။

"ဟုတ်လား. . . အဲဒါ ဘာအဓိပ္ပာယ်လဲ"

"မပြောနဲ့ မွန်ဇာ. . . တောင်းပန်ပါတယ်။ မပြောပါနဲ့တော့။ မဟုတ်ရင် သူပါလိုက်ငိုတော့မယ်။ သူငိုတာကို ငါနားမထောင်ချင်တော့ဘူး" ဇာချ်ရာက ပြောတယ်။

"ဟုတ်ပါပြီ. . . ဒီမှာကောင်လေး မင်းနားထောင်။ မနက်ဖြန် သူတို့က ကျုပ်တို့ကို တွဲလဲချိတ်ထားတော့မယ်။ အဲဒါက သိပ်ပျော်စရာကောင်းတာနော်။ သူတို့က ကျုပ်တို့ကို တွဲလဲချိတ်ထားရင် ကျုပ်တို့က အပေါ်စီးကနေ လူတွေကိုကြည့်လို့ရပြီ။ အိမ်တွေရော၊ အိမ်ခေါင်မိုးတွေရော ကြည့်လို့ရပြီ။ ငှက်လိုပျံနေတာမျိုးပါ"

"ဟုတ်လား. . . ဒါနဲ့ သူက ဘာလို့တစ်ချိန်လုံး ငိုနေရတာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"သူ့ငိုတာက သူက အမြင့်ကြောက်လို့။ မြင့်တဲ့နေရာကိုရောက်ရင် သူက နေလို့ထိုင်လို့ မကောင်းဘူး။ တစ်ခါတစ်ခါ အန်တတ်သေးတယ်။ မနက်ဖြန်က သူ့အတွက် သိပ်ကြောက်စရာကောင်းတယ်။ အိပ်မက်ဆိုးတစ်ခုလိုပဲ"

"ဟုတ်လား" နတ်သူငယ်ဆွံ့အသွားတယ်။ သင်ယူလို့ကိုမပြီးနိုင်ပါလား။

"မလုပ်နဲ့. . . မလုပ်နဲ့. . . မလုပ်နဲ့ . . မလုပ်နဲ့. . . မလုပ်နဲ့. . . မလုပ်နဲ့. . . မလုပ်နဲ့. . . ဇာချိရာကို မသက်မသာဖြစ်စေတယ်ဆိုရင် တွဲလဲ မချိတ်ပါနဲ့" နတ်သူငယ်က ပြတ်ပြတ်သားသား ဆိုတယ်။ အိမ်ခေါင်မိုးပေါ်မှာ တွဲလဲချိတ်ထားနိုင်တာမျိုးက ပေါ့သေးသေးတော့ မဟုတ်ဘူး။ ဒါပေမဲ့လူကို မသက်သာစေဘူးဆိုရင်. . .

"မလုပ်နဲ့ ဟုတ်လား" မွန်ဇာမေးလိုက်တယ်။

"မလုပ်နဲ့"

"ဒါဆို ကျုပ်တို့ဘယ်လိုလုပ်မလဲ။ သူတို့က ကျုပ်တို့ကိုချိတ်ထားဖို့ ဆုံးဖြတ်ပြီးပြီ"

"ကျွန်တော်တို့ ထွက်သွားလို့ရတာပေါ့"

"မိုက်တယ်. . . သိပ်ကောင်းတဲ့အကြံပဲ" မွန်ဇာက လေးစားဟန် ပြလိုက်တယ်။

"သိပ်ကောင်းတဲ့အကြံပါ။ မင်းတွေးတတ်တယ်နော်. . . သော့ကို ဖျက်နိုင်တဲ့နည်း မင်းမှာရှိလား"

"ကျွန်တော်တို့ ဖွင့်လိုက်လို့ရတယ်လေ" နတ်သူငယ်က တက်တက်ကြွကြွ ပြောတယ်။

"အေး. . . အေး. . . သိပ်တော်တယ်ကွာ။ ဒါနဲ့ သော့ကိစ္စ ဘယ်လိုဖြေရှင်းမလဲ"

"သော့ဆိုတာ ရှည်ရှည်အရာတစ်ခုနဲ့ လှည့်လိုက်ရင် ကချပ်လို့အသံမြည်ပြီး တံခါးပွင့်သွားတဲ့အရာမျိုးလား"

"သိပ်ဟုတ်တာပေါ့. . . လှည့်လိုက်တာနဲ့ ကချပ်လို့မြည်ပြီး တံခါးပွင့်သွားတဲ့ ရှည်ရှည်အရာမျိုးလေ"

"ဟိုထောင့်နေရာကိုတွေ့လား။ သော့က အဲဒီဘက်နဲ့ သိပ်မဝေးဘူး။ သံတိုင်ကြားထဲကနေ ကြည့်လိုက်ရင် အဲဒီထောင့်ကို ခင်ဗျားတွေ့လိမ့်မယ်"

လဲလျောင်းနေရာက မွန်ဇာ ရုတ်တရက် ထထိုင်လိုက်တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဒူးခေါင်းကိုဖက်ပြီးထိုင်နေတဲ့ ဇာချ်ရာလည်း မျက်ရည်သုတ်ပြီး ထရပ်လိုက်တယ်။

"နင် ဘယ်လိုသိတာလဲ" နတ်သူငယ်ကို သူမေးလိုက်တယ်။

"သူတို့ရဲ့ဦးနှောက်ထဲကနေ သိတာ" နတ်သူငယ်က ကြွက်တွေကို ညွှန်ပြတယ်။

"သူတို့က အဲဒီသော့တွေပေါ် နေ့တိုင်းအကြိမ်ကြိမ်ဖြတ်နေတယ်။ သူတို့က သော့ဆိုတာ ဘာလဲမသိဘူး။ ဒါပေမဲ့ သူတို့ရဲ့ဦးနှောက်ထဲမှာ သော့ရဲ့ပုံသဏ္ဍာန်ကရှိနေတယ်"

"သော့ကို နင်ဘယ်လိုနည်းနဲ့ ယူလို့ရနိုင်မလဲ။ ဥပမာ သော့ကို ပျံလာစေတာမျိုး"

"မရဘူး. . . မရနိုင်ပါဘူး။ ဒါက မဖြစ်နိုင်ပါဘူး။ ကမ္ဘာမြေရဲ့ဆွဲအားကို ဆန့်ကျင်လို့ မရနိုင်ပါဘူး"

"အဲဒါ ဘာလဲ"

"အရာဝတ္ထုအားလုံး အောက်ကိုပြုတ်ကျတဲ့ နိယာမပါ။ ဒီမှာကြည့်" နတ်သူငယ်က ရှင်းပြရင်း သူ့လက်ထဲ နောက်ဆုံးကျန်နေတဲ့ ပဲစေ့နှစ်စေ့ကို လွှတ်ချလိုက်တယ်။ ကြွက်တွေ တစ်ဟုန်ထိုး ပြေးလာတယ်။

မွန်ဇာနဲ့ ဇာချ်ရာ ထိုင်ချလိုက်တယ်။

"မနက်ဖြန် ငါတို့ရဲ့ခန္ဓာကိုယ်က အောက်ကိုပြုတ်ကျပြီး ခေါင်းက ကြိုးကွင်းထဲမှာ ကျန်နေခဲ့မယ့်နိယာမပေ့ါ" ဇာချ်ရာက ရှင်းပြရင်း ငိုလာပြန်တယ်။

"ဒီကောင်လှလှလေးတွေကို အဲဒီသော့သွားယူလာခဲ့ဖို့ ကျွန်တော် ခိုင်းလို့ရတယ်။ အဲဒီသော့တွေက ထိုင်ခုံနောက်ကနံရံမှာ ချိတ်ထားတာပါ။ ဒီကောင်လှလှလေးတွေ အဲဒီကိုသွားပြီး လွယ်လွယ်ကူကူ ယူလို့ရပါတယ်"

မွန်ဇာနဲ့ ဇာချ်ရာ ထရပ်လိုက်ကြပြန်တယ်။

"တကယ်လား" နှစ်ယောက်သားပြိုင်တူမေးလိုက်တယ်။

"တကယ်ပေ့ါ. . . တကယ်ယူလို့ ရတာပေ့ါ။ သူတို့က ကျွန်တော့်သူငယ်ချင်းဖြစ်သွားပြီ" ကြွက်တွေကို သူအားရဝမ်းသာထိုးပြပြီး "ကြွက်လှလှလေးတစ်ကောင်ကို သော့သွားယူခိုင်းဖို့ ကျွန်တော်အားစိုက်ပြီး တွေးလိုက်မယ်။ အဲဒီအတွေးက နိမိတ်ပုံတစ်ခုပါ။ အဲဒီနောက် ကျွန်တော့်ဦးနှောက်ကနေ ကြွက်လှလှတစ်ကောင်ရဲ့ ဦးနှောက်ထဲပို့လိုက်ရင် သူက အဲဒီအတိုင်း လိုက်လုပ်လိမ့်မယ်"

mgyoe.com

mgyoe.com SAMPLE BOOK

နတ်သူငယ်က ရှေ့ကိုကိုင်းပြီး လက်ချောင်းသေးလေးနဲ့ ကြွက်ရဲ့ခေါင်းကို ပွတ်သပ်လိုက်တယ်။ ကြွက်တွေ အားရဝမ်းသာ တစ်ဟုန်ထိုး ထွက်သွားကြတယ်။ အကျဉ်းခန်းကိုကာထားတဲ့ သံတိုင်တွေကို ဖြတ်ပြီး ဂလောက်ခနဲ ချွင်ခနဲမြည်သံတွေ ထွက်ပေါ်လာပြီးတဲ့နောက်မှာ သော့တွဲကြီးတစ်တွဲနဲ့ ကြွက်တွေပြန်ရောက်လာတယ်။ နတ်သူငယ်က သော့တွဲကိုယူပြီး သော့တစ်ချောင်း ရွေးလိုက်တယ်။ အဲဒီနောက် ကချပ်သံတစ်သံမြည်ပြီး တံခါးပွင့်သွားတယ်။

"ရပြီဟ"

မွန်ဇာနဲ့ ဇာချဲရာ ပြေးထွက်လိုက်တယ်။

"အခု ငါတို့ဘယ်ဘက်ကိုသွားရမလဲ" ဇာချဲရာ မေးလိုက်တယ်။

"ဒီဘက်လာ. . . ဒါတွေအားလုံး ဟိုကောင်လှလှလေးတွေရဲ့ ဦးနှောက်ထဲမှာရှိတယ်။ ဘယ်ဘက်ကို ၁၀ မီတာလျှောက်၊ ပြီးရင် ဘယ်ဘက်ကိုချိုးလိုက်၊ လှေကား၀ ရှိတယ်။ တံခါးတစ်ချပ်ရှိတယ်" နတ်သူငယ်က နောက်ထပ် သော့တစ်ချောင်းကို ရွေးလိုက်တယ်။ "ပြီးရင်လှေကားရှိမယ်။ နောက်တံခါးတစ်ချပ်။. . . ရပြီ" ဆက်သွားတော့ လှေကားတွေ့တယ်၊ တံခါးတွေ့တယ်၊ သော့ထုတ်တယ်၊ ကချပ်. . .

"ဒီဘက်လာ" နတ်သူငယ်ကဆက်ပြီး လမ်းပြတယ်။ "မြေအောက်လမ်းကနေ မြစ်ဘေးကို ကျွန်တော်တို့တောက်လျှောက်သွားမယ်။ ဒီနေရာ မိုက်တယ်နော်၊ ကြည့်စမ်း. . . ရှုနစ် ပထမမင်းဆက်လက်ထက်က တံခါးဝိုင်းကြီး"

"မိုက်တယ်ကွာ. . . ငါတို့ နောက်တစ်ကြိမ်လာမှ သေချာကြည့်တော့မယ်။ အခုတော့ မြန်မြန်သွားရအောင်။ ငါတို့ကို သူတို့တွဲလဲချိတ်မထားရရင် သူတို့ဒေါသထွက်လိမ့်မယ်" ဇာချဲရာပြောတယ်။

"ဟော. . . ခင်ဗျားတို့ကြည့်" နတ်သူငယ်အော်လိုက်တယ်။

"အဲဒါ ပုံတွေလား"

"အဲဒါပုံမဟုတ်ဘူး. . . စာလုံးတွေ"

"ပုံတွေပါ. . . တန်ဆာဆင်ထားတာ" မွန်ဇာ အခိုင်အမာဆိုတယ်။

"မဟုတ်ဘူး. . . စာတွေ။ ရှုနစ်ပထမမင်းဆက်က ရှေးခေတ်စာတွေ။ ကျွန်တော်ဖတ်တတ်တယ်။ အဘွားသင်ပေးဖူးတယ်။ အဘွား ဖတ်တတ်တယ်။ "ဤ. . . နေ. . . ရာ. . . ဤနေရာသည် မြစ်ဖြတ်သန်းစီးဆင်းရာအောက်တွင် ဆောက်ထား" ကံကောင်းလို့ ကျွန်တော် ဖတ်တတ်သေးတယ်။ မဟုတ်ရင် ကျွန်တော်

mgyoe.com

mgyoe.com
SAMPLE BOOK

တို့ ဒီကနေဖြတ်သွားရင် ရေနစ်ပြီး သေသွားနိုင်တယ်။ အပေါ်ကနေ ပတ်တက်မယ်. . . ရောက်ပြီ။ ကြည့်. . . ဒါ နောက်ဆုံးတံခါးပေါက်. . . နောက်ဆုံးသော့တစ်ချောင်း. . . ဒါဆို ကျွန်တော်တို့အပြင်ရောက်ပြီ။ ကချပ်. . . အသံက နားထောင်လို့ကောင်းလိုက်တာ။ နာရီသံ ဟုတ်တယ် မဟုတ်လား. . . အဲဒါ နာရီသံမဟုတ်လား"

"စစ်သားရဲ့ချပ်ဝတ်အသံ။ သူတို့ပေါက်ကွဲနေပြီလို့ ကျုပ်ထင်တယ်။ သူတို့ဒေါသထွက်နေလောက်ပြီ" မွန်ဇာကပြောတယ်။

"ဟာ. . . ခင်ဗျားတို့ကြည့် တံခါးခုံးပေါ်ကဟာတွေကို ကြည့်" နတ်သူငယ်က တိုင်တစ်တိုင်ကို ညွှန်ပြီးပြောတယ်။

"အဲဒါ ဆင်ဝင်" ဇာချ်ရာက အမှန်ပြင်ပေးတယ်။

"ဆင်ဝင်အပေါ်မှာ ရှည်မျောမျောခုံးတံခါး။ ဒါက ရှုနစ်ဒုတိယမင်းဆက်ခေတ်က ခုံးတံခါး။ ကျွန်တော်တော့ ပထမဆုံးအကြိမ်တွေ့ဖူးတာပဲ"

"လေးစားပါတယ်။ ကျုပ်တို့သွားလို့ရပြီလား" မွန်ဇာမေးလိုက်တယ်။

"ဒါတွေက ရှုနစ်ဒုတိယမင်းဆက်ခေတ်က ရှေးစာတွေ။ ကြည့်လိုက်တာနဲ့သိတယ်။ စာလုံးတစ်လုံးတိုင်းရဲ့အပေါ်မှာ ဝက်အူရစ်လေးလိုဟာမျိုးပါတယ်"

"သိပ်စိတ်ဝင်စားဖို့ ကောင်းတာပဲ။ မင်းခြေထောက်နှစ်ချောင်းက ဒီလောက်မြန်မြန်ပဲ လျှောက်နိုင်တာလား။ ဒီထက်နည်းနည်းမြန်လို့ မရဘူးလား" မွန်ဇာကမေးတယ်။

"ဒီလိုဝက်အူရစ်လေးက ထာဝရတည်မြဲခြင်းသင်္ကေတ. . . မဟုတ်သေးဘူး. . . အချိန်ရဲ့သံသရာလည်ပတ်မှုပါ။ ဒါက အနာဂတ်ဟောကိန်းတစ်ခု" နတ်သူငယ် တဖွဲ့တသြဆိုတယ်။

"ဟုတ်လား. . . ထူးဆန်းလိုက်တာ။ မင်းကို ကျုပ်ပွေ့ခေါ်ရမလား။ ဒါမှ ကျုပ်တို့ ခပ်မြန်မြန်ပြေးလို့ရမှာ" မွန်ဇာမေးလိုက်ပြန်တယ်။

"ရေ. . . က. . . ကမ္ဘာမြေကြီး. . . ကို. . . လွှမ်း. . . ရေက ကမ္ဘာမြေကြီးကို လွှမ်း" နတ်သူငယ် ရွတ်ဖတ်နေတယ်။

"အခုတော့ ကျုပ်တို့မြန်မြန်သွားရအောင်။ သူတို့ တကယ် ဒေါသထွက်နေတယ်။ မင်းကို ကျုပ်ပွေ့ခေါ်မယ်။ ပြေးပြီးကြည့်ရင် ခင်ဗျား ပိုအဆင်ပြေပြေကြည့်ရမှာပါ" မွန်ဇာ အားမရတော့ဘူး။

"ဟင်း. . . ဒီမှာပြောထားတာက နတ်သူငယ်အကြောင်း။ ရေက ကမ္ဘာ

mgyoe.com

mgyoe.com SAMPLE BOOK

မြေကြီးကိုလွှမ်းမယ်၊ နေမင်းပျောက်သွားမယ်၊ အမှောင်နဲ့အေးခဲမှုတွေ ရောက်လာမယ်။ နောက်ဆုံးနဂါးနဲ့ နောက်ဆုံးနတ်သူငယ်တို့က သံသရာလည်ပတ်မှုကိုဖြိုခွဲပြီး အတိတ်နဲ့အနာဂတ် တွေဆုံကြမယ်။ နွေသစ်ရဲ့ နေရောင်က ကောင်းကင်တစ်ခွင် ထွန်းတောက်လာမယ်။ အင်း. . . ဖြည်းဖြည်းပြေးပါ။ တခြားဟာ ရှိသေးတယ်။ ကျွန်တော် သေချာ မမြင်တော့ဘူး။ ဘာတဲ့. . . မြင့်မြတ်. . . ခွန်အားရှိတဲ့လူ. . . မြင့်မြတ်ပြီးခွန်အားရှိတဲ့ နောက်ဆုံးနတ်သူငယ်က. . . အနာဂတ်ကို ကြိုသိနိုင်စွမ်းရှိတဲ့. . . မိန်းကလေးနဲ့. . . . ရလိမ့်မယ်။ သူ့နာမည်မှာ အရုဏ်အလင်းပါတယ်။ သူ့. . . မိဘ. . . သူက ဘယ်သူ့သမီးလဲဆိုတာကို ကျွန်တော် သေချာ မမြင်ရတော့ဘူး"

"ဘာအရေးလဲ" မွန်ဇာက လေသံပြတ်ပြတ်ပြောတယ်။ အာခေါင်က နေလည်း နောက်ဆုံးလေတစ်ချက်ကို မှုတ်ထုတ်လိုက်တယ်။

"ကျုပ်တို့သမီးတော့ မဖြစ်နိုင်ဘူး။ ဘုရင်တစ်ပါးပါ၊ ဒါမှမဟုတ် အောက်လမ်းဆရာတစ်ယောက်ရဲ့ သမီးပဲဖြစ်ရမယ်။ ကျုပ်တို့လို ပြည်သူလူထုတွေက ဘယ်သောအခါမှ နံရံပေါ် မှတ်တမ်းတင်ခံရမှာ မဟုတ်ဘူး"

အဲဒီအဆောက်အအုံထဲကနေ သူတို့ထွက်ပြေးလွတ်မြောက်လာခဲ့တယ်။ မွန်ဇာက နတ်သူငယ်ကိုပွေ့ထားပြီး ဇာချ်ရာက နောက်ကနေ ထက်ကြပ်မကွာ လိုက်လာတယ်။ လမ်းက ကျဉ်းပြီး ကွေ့ကောက်တယ်။ ကံကောင်းတာက လမ်းရှင်းနေပြီး ယောက်ျားရယ်၊ မိန်းမရယ်၊ နတ်သူငယ်ရယ်နဲ့. . . ပြီးတော့ နောက်ကနေ ပြေးလိုက်လာတဲ့ စစ်သားတွေပဲ ရှိတယ်။

သူတို့ကို တွဲလဲခိုတ်မထားရလို့ စစ်သားတွေ တကယ်ဒေါသထွက်နေကြတယ်။ သူတို့ရှိရာဘက် မြားတွေနဲ့ပစ်ခတ်ကြတယ်။ ဒီလိုမျိုးက လုံးဝ မကောင်း. . . မကောင်း. . . မကောင်း. . . မကောင်း. . . မကောင်းပါဘူး။ အင်မတန် နာတတ်ပါတယ်။

အဲဒီလူတွေကလည်း အလွယ်တကူ ဒေါသထွက်နေလိုက်ကြတာ. . . သူတို့က ငါတို့ကို တွဲလဲခိုတ်ထားချင်ရုံပဲ မဟုတ်လားလို့ နတ်သူငယ်ထင်တယ်။

စစ်သားတစ်ယောက် သူတို့ရှေ့ပေါ်လာပြီး သူတို့ကို မြားနဲ့ချိန်ထားလိုက်တယ်။ ဒီလိုအဖြစ်မျိုး မဖြစ်ပျက်ပါဘူးလို့ နတ်သူငယ်က အားစိုက်တွေးလိုက်တယ်။ နိမိတ်ပုံက သူ့ခေါင်းမှာပေါ်လာပြီး အရင်တုန်းက သူနဲ့အတူရှိခဲ့တဲ့ သက်ရှိသတ္တဝါတွေရဲ့ခေါင်းထဲ လွင့်ပျံဝင်ရောက်သွားတယ်။ ကျူပင်ကြားထဲပြေးလွှားနေတဲ့

mgyoe.com

mgyoe.com SAMPLE BOOK


ယုန်ကလေး ရုတ်တရက် ရပ်သွားတယ်။ စစ်သားခေါင်းအထက်နားက အသိုက်ထဲဝပ်နေတဲ့ကြက်က ကောက်ရိုးကြားကနေ ထခုန်လာတယ်။ တောင်ပံကို အားကုန်ခတ်ပြီး စစ်သားမျက်နှာပေါ် ခုန်အုပ်လိုက်တယ်။ စစ်သားကခြေလှမ်းယိုင်သွားပြီး နောက်ဆုတ်လဲကျသွားတယ်။ လမ်းရှင်းသွားတယ်။

ရင်ပြင်တစ်ဖက်စွန်း လှောင်အိမ်ထဲမှာ ဖမ်းဆီးထားတဲ့ တိရစ္ဆာန်တွေရှိတယ်။ ဇာချ်ရာရဲ့ခွေးက အားကုန်ဟောင်နေတယ်။ ကံကောင်းတာက လှောင်အိမ်ကို သော့ခတ်မထားဘူး။ ချိတ်ကြီးတစ်ခုနဲ့ ပိတ်ထားတယ်။ ဇာချ်ရာက ချိတ်ကို အမြန်ဖြုတ်ပြီး ဖွင့်လိုက်တယ်။

လမ်းတစ်လမ်း၊ အကွေ့တစ်ခု၊ နောက်လမ်းတစ်လမ်း၊ မြို့စည်းရိုး၊ ကြိုးတံတား. . . ပြီးရင် အားလုံးဘေးကင်းပြီ။

မဟုတ်ဘူး. . . မပြီးသေးဘူး. . . . ဆွဲတင်ထားတဲ့ ကြိုးတံတားက ရှေ့မှာ ကာဆီးနေတယ်။ နတ်သူငယ်ကို ပွေ့ထားတဲ့မွန်ဇာက မြို့စည်းရိုးမှာထောင်ထားတဲ့ လှေကားပေါ် ပြေးတက်လိုက်တယ်။ ရုတ်တရက်ပေါ်လာတဲ့ စစ်သားတစ်ယောက်က သူတို့ရှေ့ ပြေးနေတဲ့ခွေးကို ခလုတ်တိုက်ပြီး လဲသွားတယ်။ စည်းရိုးထိပ်သူတို့ရောက်တော့ လက်တစ်ဖက်နဲ့ နတ်သူငယ်ကိုပွေ့ထားတဲ့ မွန်ဇာက ကျန်လက်တစ်ဖက်နဲ့ ဇာချ်ရာခါးကို စွေ့ခနဲပွေ့ပြီး မြို့သရဲခိုပေါ် တက်လိုက်တယ်။ အဲဒီနောက် အေးစက်နေတဲ့ကျုံးရေထဲ ခုန်ချလိုက်တယ်။ ခွေးကလည်း သူတို့နဲ့ ထက်ကြပ်မကွာ ခုန်ချလိုက်တယ်။

"ခဏလောက် တွဲလဲချိတ်ထားရင်တောင် ဒီလောက်ကြောက်စရာ ကောင်းမယ် မထင်ဘူး" နတ်သူငယ်က ကန့်ကွက်တယ်။

သူတို့အားလုံး ရေညစ်ညစ်ထဲ ပြုတ်ကျသွားတယ်။

"ကမ္ဘာ့ဆွဲအား" လို့ ခွေးကိုနာမည်ပေးရင် မကောင်းဘူးလားလို့ နတ်သူငယ်တွေးတယ်။ ဒီနာမည်ကလည်း သိပ်မတိုပါဘူး။ ပြီးတော့ ဘယ်လိုဆော့ကစားရမှန်းသိတဲ့ ပျော့စိစိအရာနဲ့ ဒီနာမည်က ဆက်စပ်မှုမရှိပါဘူး။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၇)

သူတို့ပါးစပ်နဲ့ နားထဲ ရေဝင်ကုန်တယ်။ အရာအားလုံးအေးခဲနေပြီး စိတ်ပျက်စရာကြီးလို့ နတ်သူငယ်ထင်တယ်။ စိတ်ပျက်စရာနဲ့ ကြောက်ရွံ့မှုတွေ ဦးနှောက်ထဲပြည့်သွားရင် မှော်အစွမ်းက နစ်မြုပ်ခံရတတ်တယ်။

အဲဒီနောက် ငါးတစ်ကောင်ဖြစ်ဖို့ ရုတ်တရက် သူတွေးလိုက်တယ်။ ဘယ်လိုပြောရမလဲ. . . ငါးပုံစံကိုတွေးဖို့၊ ရေထဲက သက်ရှိကိုတွေးဖို့ အဓိက အချက်က ဘာလဲ သူစဉ်းစားလိုက်တယ်။

ပါးဟက်ရှိတဲ့ခံစားချက်ကို သူတွေးလိုက်တယ်။ ရေအေးကိုထိတွေ့ရတဲ့ ပျော်ရွှင်မှုကို သူတွေးလိုက်တယ်။ ရေလှိုင်းတွေကြားမှာ ကူးခတ်နေတဲ့ပျော်ရွှင်မှုကို သူတွေးလိုက်တယ်။ တိမ်တိုက်ထဲမှာ ငှက်ပျံနေသလိုမျိုးပေါ့။

သူ့အဆုတ်ထဲ လေရလာတယ်။ ရေရဲ့အေးခဲမှုကလည်း ပျော်ရွှင်တဲ့ ခံစားချက် ဖြစ်သွားတယ်။

ရေထဲမှာ သူကူးခတ်နေတယ်။ ဒယ်လီဂါလေးသမားတွေ ပစ်လိုက်တဲ့ မိုးစက်မိုးပေါက်လို ရေထဲထိုးဆင်းလာတဲ့ ချွန်ထက်ထက်တုတ်ချောင်းတွေကို သူ ရှောင်ရှားပြီး ကူးခတ်နေတယ်။ မွန်ဇာတို့နား သူကူးသွားတယ်။ ခွေးရဲ့ရုပ်သဏ္ဍာန် က ကြည့်ရမဆိုးဘူး။ ဒါပေမဲ့ မွန်ဇာနဲ့ ဇာချ်ရာက ခါတိုင်းလိုပဲ တုံးအ,တဲ့အပြုအမူ ကို ပြုလုပ်ပါတော့တယ်။ ဇာချ်ရာက ခေါင်းကို တတ်နိုင်သမျှ ရေထဲထိုးထည့်

mgyoe.com

mgyoe.com

ထားတယ်။ မွန်ဇာက တတ်နိုင်သမျှ သူ့ခေါင်းကို ရေပေါ် ပေါ် စေတယ်။ အခုအချိန်က ရန်ဖြစ်တမ်းဆော့ကစားတဲ့အချိန် မဟုတ်ဘူးလို့ သူတို့ကို နတ်သူငယ် ပြောချင်လိုက်တာ။ နည်းမှန်လမ်းမှန်က ခေါင်းထဲမှာ ငါးပုံစံတွေးနေပြီး ပါးဟက်ပေါ် အာရုံစူးစိုက်နေရမှာလေ။ နတ်သူငယ်ပြောလည်း မွန်ဇာက နားမထောင်ဘဲ ရိုင်းရိုင်းစိုင်းစိုင်း စကားစဖြတ်ပစ်တယ်။

ရေကလမ်းကြောင်းမှန် စီးဆင်းနေလို့သာ ဒယ်လီဂါမြို့နဲ့ ဝေးသထက်ဝေးသထက် ဝေးလာခဲ့တယ်။ စစ်သားတွေနဲ့ဝေး၊ တွဲလဲချိတ်ဆွဲထားမယ့်ဘေးက ဝေးပြီး လွင်ပြင်နဲ့ တောင်ကမ္ဘာက်ကို စီးဆင်းသွားတယ်။

မြေပြင်က တဖြည်းဖြည်းပြေလာတယ်၊ မြစ်ကမ်းနှစ်ဖက်မှာ ကျောက်တုံးတွေနဲ့ ကျူပင်တွေ အများအပြားပေါက်နေတယ်။ ရေက သိပ်မနက်တော့သလို ရေစီးလည်းသိပ်မသန်တော့ဘူး။ နောက်ဆုံး ကမ်းရှိရာဆီ သူတို့ကြိုးစားကူးခပ်လိုက်ကြပြီး ကမ်းပေါ် တက်လိုက်ကြတယ်။

ဇာချ်ရာ့အသက်ရှူသံက သိပ်မပြေပြစ်ဘူး။ အသက်ရှူသံမှာ ရေသံရောနေတယ်။ ပဲတစ်အိုး ဆူပွက်နေသလိုပါပဲ။

မွန်ဇာ စိတ်ပျက်နေပုံရတယ်။ ရေနဲ့ရွှံ့တွေက သူ့ခေါင်းကနေ မျက်နှာပေါ် စီးကျလာတယ်။ သူ့မျက်လုံးထဲ နှာခေါင်းထဲကနေ ရေစက်တွေကျနေတယ် ဆိုတာ နတ်သူငယ် ကျိန်ပြောရဲတယ်။

"လုပ်ပါဦး. . . မင်းလုပ်နိုင်ရင် မြန်မြန်လေးလုပ်ပါဦး။ တောင်းပန်ပါတယ်။ မင်းမှာ နည်းရှိတယ် ဟုတ်တယ်မဟုတ်လား။ သူ သေရပါတော့မယ်" မွန်ဇာ အော်လိုက်တယ်။

ဇာချ်ရာ့မျက်နှာကို နတ်သူငယ် တအံ့တဩ ကိုင်ကြည့်လိုက်တယ်။

ရေသံတွေကြားနေတယ်လို့ နတ်သူငယ် ခံစားလိုက်ရတယ်။ တုတ်ချွန်ချွန်တစ်ချောင်း ဖောက်သွားသလိုမျိုး ဇာချ်ရာရဲ့လည်ပင်းက ပူလွန်းနေတယ်။ ပိုကြောက်စရာကောင်းတာက ဇာချ်ရာ့ခေါင်းထဲက ခံစားချက်ပါ။ နောက်မိနစ်အနည်းငယ်အကြာမှာ အရာအားလုံး နိဂုံးချုပ်သွားတော့မယ်ဆိုတဲ့ ခံစားချက်ပါ။

နတ်သူငယ် အစွမ်းကုန်အားထုတ်ပြီး လေကို ရှူသွင်းရှူထုတ်လုပ်တယ်၊ အဲဒီနောက် မြက်စိုနံ့၊ ကြံနဲ့မှိုနံ့တွေကို အာရုံစိုက်တွေးတောလိုက်တယ်။

လေကို ရှူသွင်းလိုက်တယ်။ အနံ့အသက်ကောင်းလိုက်တာ။ ခင်ဗျားအဆုတ်ပွင့်သွားပြီ။ လေကို ရှူထုတ်လိုက်တယ်။ ခင်ဗျားဦးနှောက်ထဲ လေထုအနံ့

mgyoe.com

mgyoe.com SAMPLE BOOK

အသက်ပြည့်သွားတယ်။ ဒါဟာ ခင်ဗျားနောက်ဆုံးအကြိမ် အသက်ရှူတာ မဟုတ်ဘူး။ ဒီတစ်ကြိမ်ပြီးရင် နောက်တစ်ကြိမ်ရှိတယ်၊ နောက်တစ်ကြိမ် ရှိသေးတယ်။ ပြီးတော့ နောက်တစ်ကြိမ် ထပ်ရှိသေးတယ်။

ရွံ့ရေတွေကို ဇာချ်ရာ ချောင်းဆိုးထုတ်လိုက်တယ်။ အဲဒီနောက် မျက်လုံးပွင့်လာပြီး အသက်ရှူနေတယ်။ နတ်သူငယ်လည်း ချောင်းဆိုးသွားတယ်။ သူတို့နှစ်ယောက်စလုံး တုန်ယင်ပြီး မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေတယ်။ မွန်ဇာ ဝမ်းသာအားရ ရယ်တယ်။ အဲဒီနောက် ကျူပင်နဲ့ သစ်ကိုင်းခြောက်တွေရှာပြီး အပုံကြီးပုံလိုက်တယ်။ နတ်သူငယ်ရဲ့လက်ညှိုးတစ်ချက်ထိလိုက်တာနဲ့ မီးတောက်မီးညွန့်က မြူးထူးခုန်ပေါက်လာတယ်။ သူတို့ချမ်းပြီး မောနေကြတယ်။ မွန်ဇာက ထင်းတွေထပ်ရှာလာတယ်။ မီးက အဆက်မပြတ် တောက်လောင်နေတယ်။ အေးခဲမှုနဲ့ စွတ်စိုမှုက တဖြည်းဖြည်း ပျောက်ကွယ်သွားတယ်။ ဇာချ်ရာ အိပ်ပျော်သွားတယ်။ မွန်ဇာက ရှဉ့်သိုက်ထဲကနေ သစ်မာသီးတချို့ရှာလာပြီး နတ်သူငယ်နဲ့ ခွဲဝေစားလိုက်တယ်။

"ကျုပ်တို့ လက်နက်တွေဆုံးရှုံးသွားပေမယ့် ကံကောင်းလို့ တွဲလဲခိုတ်ဆွဲ မခံခဲ့ရတာပါ" မွန်ဇာက ပြောတယ်။

"ကြိုးနဲ့ လေထဲ တွဲလဲခိုတ်ခံရမယ့် အခွင့်အရေးကို ကျွန်တော်တို့ ဆုံးရှုံးသွားရတာ သိပ်နှမြောစရာကောင်းတယ်။ ဒါဟာ ပျော်စရာသိပ်ကောင်းမှာပဲ"

မွန်ဇာ အော်ရယ်လိုက်တယ်။

"တကယ်လို့ မင်းလုပ်ချင်ရင် ကျုပ်လုပ်ပေးလို့ရတယ်။ ကျုပ်ကြိုးကို သူတို့သိမ်းမသွားဘူး။ အခုပဲ မင်းကိုကျုပ်လုပ်ပေးမယ်။ ဒီသစ်ကိုင်း ခိုင်လောက်ပါတယ်။ ကြိုးတစ်စကို ဒီမှာအရင်ချည်ပြီး နောက်ကြိုးတစ်စကို ဒီမှာထပ်ချည်လိုက်မယ်။ ကြိုးနှစ်စကို ဟောဒီလို ပြန်ချည်လိုက်မယ်။ ကဲ. . . မင်းစမ်းကြည့်မလား. . . မြဲမြဲကိုင်ထားနော်. . . မင်းကိုကျုပ်တွန်းလိုက်မယ်"

သိပ်ပျော်စရာကောင်းတယ်။ အပေါ်တက်လိုက် အောက်ဆင်းလိုက်။ ကြံခင်း. . . မြစ်ချောင်း. . . ကောင်းကင်. . . အဲဒီနောက် ကောင်းကင်. . . မြစ်ချောင်း. . . ကြံခင်း. . .

ဟိုးအဝေးမှာ တောင်ကမူ၊ အဲဒီထက်ခပ်ဝေးဝေးမှာက ဆည်းဆာနေရောင်။ တိမ်တွေ အမြဲထူနေတာကြောင့် နေဝင်တာကို နတ်သူငယ် တစ်ခါမှ မမြင်ဖူးခဲ့ဘူး။ အခုတော့ အရာအားလုံးက ပန်းရောင်သန်းနေတယ်။ ပြီးတော့

mgyoe.com

သေးသွယ်သွယ်တိမ်တချို့က ရွှေချိန်းကြိုးလို လက်နေတယ်။ နောက်ဆုံးလက်ကျန်အလင်းတန်းက ယာတောထဲက သစ်အယ်ပင်ကြီးတွေပေါ် ထိုးကျနေတယ်။

ဒါဟာ ခင်ဗျားမြင်ယောင်ကြည့်နိုင်တဲ့ အလှဆုံးအရာပါ။ ပျံနေသလိုမျိုး ထူးဆန်းလှပါတယ်။ နတ်သူငယ့်ရင်ထဲ ပျော်ရွှင်ကြည်နူးမှုတွေ ပြည့်နေတယ်။

ဇာချ်ရာ ပြုံးပြီး နိုးလာတယ်။

နတ်သူငယ်က ရှူးရှူးသွပ်သွပ်ရယ်ရင်း ဇာချ်ရာကို ဝမ်းသာအားရပြောတယ်။

"ကြည့်. . . ကျွန်တော် တွဲလဲချိတ်ခံထားလိုက်ရပြီ"

"အင်း. . . ဒါက တွဲလဲချိတ်ထားတာမဟုတ်ဘူး။ ဒါကို ဒါန်းလို့ခေါ်တယ်" ဇာချ်ရာပြောလိုက်တယ်။ တစ်ဆက်တည်းမှာပဲ သူ့အပြုံးပျောက်သွားပြီး "တွဲလဲချိတ်ခံရတာက သိပ်ကြောက်စရာကောင်းတဲ့အရာပါ။ သူတို့က ကြိုးကွင်းနဲ့လည်ပင်းကို စွပ်ထားမယ်။ ပြီးရင်ခန္ဓာကိုယ်ရဲ့ အလေးချိန်အတိုင်း ကြိုးကိုတင်းတင်းဆွဲထားမယ်။ ကြိုးတင်းတင်းဆွဲလိုက်ရင် အသက်ရှူလို့ မရတော့ဘူး။ အဲဒီအခါ သေသွားမှာ. . . ခုနက ငါရေမွန်းသွားသလိုပေါ့"

နတ်သူငယ်လန့်ပြီး ငေးကြောင်သွားတယ်။

ယာယီလုပ်ထားတဲ့ ဒါန်းပေါ်ကနေ သူပြုတ်ကျသွားတယ်။

အကြောက်လွန်ပြီး သူ့မျက်လုံး ပြူးကျယ်နေတယ်။

မျက်နှာဖြူဖပ်ဖြူရော်နဲ့ သူအသက်ရှူကျပ်နေတယ်။

မြေပြင်ပေါ်သူထိုင်ချလိုက်တာနဲ့ ငိုညည်းသံက ဆက်တိုက် တရစပ်ထွက်လာတယ်။ မွန်ဇာနဲ့ ဇာချ်ရာရဲ့ခန္ဓာကိုယ်လည်း အေးစက်လာတယ်။

"ခင်ဗျားဘာလို့ သူ့ကိုပြောပြရတာလဲ။ သူပျော်နေတယ်လေ။ ဒါသူ့တစ်သက်မှာ ပထမဆုံးအကြိမ် ဒီလောက်ပျော်ဖူးတာ" မွန်ဇာစိတ်တိုတိုနဲ့အော်တယ်။

"နောက်ပိုင်း တခြားလူသားတွေနဲ့ သူဆုံနိုင်တယ်။ သူဆုံတဲ့လူက သူ့ကိုနတ်သူငယ်ဆိုပြီး ကြိုးကွင်းစွပ် သတ်ချင်သတ်နိုင်တယ်။ ဒါကိုပျော်စရာထင်ပြီး သူသေမှာကို ငါတော့မလိုလားဘူး။ ကြိုးကွင်းကို ဒါန်းလို့မထင်စေချင်ဘူး။ မပျော်ရွှင်တာဟာ သေသွားတာထက်တော့ ကောင်းနေပါသေးတယ်"

နတ်သူငယ်ကို ဇာချ်ရာ ဖက်လိုက်တယ်။ တင်းတင်းလေး ဖက်ထားလိုက်တယ်။ အော်ငိုသံ တဖြည်းဖြည်း တိတ်သွားတယ်။ ကောင်းကင်မှာ ကြယ်တွေထွက်လာပြီ။ နီလာနဲ့တူတဲ့ ပြာလဲ့လဲ့မိုးကုပ်စက်ဝိုင်းထက်မှာ မည်းနက်နက်

mgyoe.com

mgyoe.com SAMPLE BOOK

တောင်ရိပ်က ထင်ဟပ်နေတယ်။

နတ်သူငယ်ကို ဒါန်းပေါ်တင်ပြီး သူညင်ညင်သာသာ လွှဲလိုက်တယ်။

"ပျော်ချင်တယ်ဆိုရင် ထပ်ပျော်လို့ရတယ်နော်။ ဒါပေမဲ့ တကယ်လို့ နင့်ကို လူသားတွေမြင်သွားရင် နင့်ကိုကြိုးကွင်းနဲ့ ချိတ်ပြီး သတ်နိုင်တယ်ဆိုတာကို တော့ သေချာမှတ်ထားနော်-

"ပြီးရင် သူတို့က ရှို့စ်မယ်ရီဖြူးပြီး ကျွန်တော့်ကိုစားလိုက်မှာလား"

"မစားဘူး"

"ရှို့စ်မယ်ရီမဖြူးဘူးလား"

"လူသားတွေက နတ်သူငယ်ကိုမစားဘူး. . . လုံးဝမစားဘူး"

"ကျွန်တော့်ကို သူတို့မစားဘဲ ဘာလို့ ကျွန်တော့်ကို သတ်ရတာလဲ။ ဒီလိုလုပ်တာ မကောင်းဘူး. . . မကောင်းဘူး. . . မကောင်းဘူး. . . မကောင်း ဘူး. . . သူတို့ ဘာလို့ ဒီလိုလုပ်တာလဲ"

ဒါန်းက ညင်ညင်သာသာ လွှဲနေတယ်။

"လူသားတွေက နတ်သူငယ်ကို မုန်းလို့"

"ဘာလို့လဲ"

အဲဒီနောက် နှုတ်ဆိတ်သွားကြတယ်။ ဒါန်းက သာသာလေးလွှဲနေတယ်။ ခွေးက တစ်ချက်သမ်းလိုက်တယ်။

"အဲဒါ နင်တို့အမှားကြောင့်ပေါ့"

"ကျွန်တော်တို့ရဲ့အမှားက ဘာလဲ"

"အရာအားလုံးပေါ့"

"အရာအားလုံး. . ."

"အင်း. . . အမှားမျိုးစုံပေါ့။ မှောင်မိုက်တာ၊ မိုးကြိုးတာ၊ ရေမြုပ်တာ၊ ဆာလောင်ငတ်မွတ်တာ၊ ငါတို့ရဲ့ကလေးတွေ အစာရေစာငတ်ပြတ်ပြီးသေတာ တွေက နင်တို့ရဲ့အမှားတွေ။ ပြီးတော့ ရွာတွေ ရေစီးထဲမျောပါတာတွေ. . ."

"မိုးကို ကျွန်တော်တို့က ဖန်တီးလိုက်လို့လား။ ဘယ်လိုဖြစ်ရတာလဲ. . . ဘယ်လိုဖြစ်ရတာလဲ" နတ်သူငယ် ဒေါသတကြီးဆိုတယ်။

"ငါ ဘယ်သိမှာလဲ. . . နင်တို့တွေးလိုက်တာနဲ့ မိုးရွာလာလို့နေမှာပေါ့"

"တကယ်လို့ မိုးကိုတွေးလိုက်တာနဲ့ မိုးကြီးရွာလာနိုင်တယ်ဆိုရင် ကျွန်တော့်ခြေထောက်လှန်းဖို့ နေထွက်လာအောင်လည်း ကျွန်တော်တွေးနိုင်တာ

mgyoe.com

mgyoe.com SAMPLE BOOK

ပေါ့။ ပြီးတော့ မိုးရွာဖို့ကို ကျွန်တော်တို့တွေးတယ်ဆိုရင် ကျွန်တော်တို့အ,လို့ပဲ။ ရေနဲ့ နာကျင်ဝမ်းနည်းတဲ့အရာတွေက ခင်ဗျားတို့ကို ထိခိုက်နစ်နာစေတယ်ဆိုရင် ကျွန်တော်တို့ကိုလည်း ထိခိုက်နစ်နာစေတာပဲ။ ပိုဆိုးတာက ရေများပြီး ရေတက်လာတဲ့အချိန်တုန်းက ကျွန်တော့်အဘွားဟာ ဘာဖြစ်လို့ နေရောင်ခြည်ကို မတွေးခဲ့တာလဲ။ မေမေဟာ မပြန်လာနိုင်တဲ့နေရာဆီ ထွက်သွားခဲ့ပြီး ဘာဖြစ်လို့ ကျွန်တော်တို့ဆီ ပြန်လာဖို့ မတွေးခဲ့တာလဲ"

နတ်သူငယ် ငိုလာပြန်တယ်။ အသံတိုးတိုးနဲ့ တရှုပ်ရှုပ်ငိုတယ်။

"မင်းတို့ရဲ့ အမှားတွေကြောင့်လို့ အားလုံးကပြောကြတယ်" မွန်ဇာ စိတ်ရှုပ်သွားပြီး ဇာချ်ရာဘက်လှည့် အကူအညီတောင်းလိုက်တယ်။

ဒါန်းဘေးမှာ ဇာချ်ရာ မျက်မှောင်ကြုတ်ပြီး ရပ်နေတယ်။ သူစိတ်တိုတာ မဟုတ်သလို ဝမ်းနည်းတာလည်း မဟုတ်ဘူး။

"နင်တို့နတ်သူငယ်ကို ငါတို့မုန်းရတာက နင်တို့က ငါတို့ထက် ထူးချွန်ထက်မြက်လို့ပဲဖြစ်မယ်။ နင်တို့က မုန်းစရာကောင်းပေမယ့် သိပ်ထူးချွန်တယ်။ နင်တို့မှာ မှော်အစွမ်းရှိတယ်။ ကိစ္စတော်တော်များများကို နင်တို့မြင်နိုင်တယ်။ ငါတို့က ရုပ်ပုံလို့မြင်တဲ့အရာကို နင်တို့က စာလုံးအဖြစ်မြင်တယ်။ ငါတို့ကြောက်တယ်ဆိုတာက နင်တို့ဘယ်အချိန် မှော်အစွမ်းထုတ်သုံးမလဲဆိုတာကို မသိလို့ကြောက်တာ။ နင်တို့ သိပ်အစွမ်းရှိတယ်လို့ ငါတို့ထင်ကြတယ်။ ငါတို့မှာ မှော်အစွမ်း နည်းနည်းမှတောင် မရှိဘူး"

နတ်သူငယ် အငိုရပ်သွားတယ်။

"ဘယ်အချိန်မှာ ဘာလုပ်မယ်ဆိုတာကို နင်ဘယ်လိုသိလဲ. . . ဘယ်သော့တံနဲ့ ဘယ်သော့အိမ်ကို ဖွင့်မယ်ဆိုတာကို နင်ဘယ်လိုရွေးလဲ" ဇာချ်ရာ ဆက်ပြောတယ်။

နတ်သူငယ် ခေါင်းရှုပ်သွားတယ်။

"ဘယ်သော့ကို ရွေးသင့်တယ်ဆိုတာ ဘာလဲ" သူ စိတ်ဝင်တစား မေးတယ်။

ဇာချ်ရာ ခေါင်းရှုပ်တဲ့အလှည့် ဖြစ်သွားတယ်။

"အင်း. . . သော့အိမ်ထဲထိုးထည့်ပြီး သော့အိမ်ကိုဖွင့်နိုင်တဲ့ သော့အမှန်ကိုရွေးတာလေ"

"သော့အိမ်ထဲ ထိုးထည့်တာ. . . ဟုတ်လား. . . အား တကယ်လား

mgyoe.com

mgyoe.com SAMPLE BOOK

. . . သော့တံကို သော့အိမ်ထဲထိုးထည့်ရတာလား" နတ်သူငယ်ထူးဆန်း အံ့ဩသွားတယ်။

"အဲဒီတော့"

"သော့နဲ့ သော့အိမ်ကိုက်ရင် အဲဒီအပေါက်လေးထဲ ထိုးထည့်လို့ရတယ်ဟုတ်လား" နတ်သူငယ် အစွမ်းကုန်ပြန်စဉ်းစားတယ်။ နဖူးတွန့်သွားတဲ့အထိ စဉ်းစားပြီးနောက် ရယ်လိုက်တယ်။

"ကျွန်တော်သဘောပေါက်ပြီ။ သော့တိုင်းမှာ သော့တံတစ်ချောင်း ရှိတယ်။ သော့တံကို ထိုးထည့်တဲ့အချိန် အဲဒီသော့က သော့အိမ်ရဲ့ သော့တံဆိုရင် ထိုးထည့်လို့ ရတယ်။ ပြီးရင် လှည့်လိုက်တာနဲ့ တံခါးကိုခတ်ထားတဲ့ သံတုံးကြီးက ပွင့်သွားတယ်။ ဝါး. . . သိပ်မိုက်တာပဲ။ လူသားတွေ သိပ်ထူးချွန်လွန်းတယ်။ အဘွားပြောတော့ ခင်ဗျားတို့က တိုင်တွေပေါ်မှာပဲ မြို့တည်တတ်တာတဲ့။ တကယ်တော့ ခင်ဗျားတို့လည်း ထူးချွန်သားပဲ. . . မိုက်တယ်"

"ကျေးဇူးတင်ပါတယ်" မွန်ဇာက ယဉ်ယဉ်ကျေးကျေး ဆိုတယ်။

နတ်သူငယ်က ဒါန်းကို ရှေ့နောက်ပျော်ပျော်ရွှင်ရွှင် လွှဲနေတယ်။ သူရလိုက်တဲ့ ဗဟုသုတအသစ်အတွက် ကျေနပ်အားရနေတယ်။

"သော့တံရဲ့ သုံးနည်းကို နင်မသိဘဲ သော့အိမ်ကို ဘယ်လိုဖွင့်ခဲ့တာလဲ" ဇာချရာ မေးလိုက်တယ်။

"သော့အိမ်ပေါ် သော့တံတင်ပြီး ခေါင်းထဲမှာ တံခါးပွင့်ပြီလို့ ကျွန်တော်တွေးလိုက်တာနဲ့ တံခါးက ပွင့်သွားတယ်လေ"

"သဘောက သော့အိမ်ကိုဖွင့်ဖို့ နင်သော့တံမလိုဘူး။ ကြွက်မလိုဘူး။ ဘာမှ မလိုဘူးဆိုတာလား" ဇာချရာ မေးပြန်တယ်။

နတ်သူငယ်က ရှေ့နောက် ပျင်းပျင်းရိရိ လွှဲနေရင်း မျက်မှောင်ကြုတ်လိုက်ပြန်တယ်။ "အေးလေ. . . ရယ်ရတယ်နော်။ နဂိုကတည်းက ကျွန်တော်သော့ဖွင့်တတ်သားပဲ။ တော်သေးတယ်. . . ကြိုးကွင်းစွပ်သတ်ခံရခါနီးလေးပဲ" သူအော်ရယ်လိုက်တယ်။

"အရမ်းရယ်ရတယ်. . . ရယ်ရလွန်းလို့ ကျုပ်တောင်ဗိုက်ကျောပြတ်တော့မယ်" ပြောင်းဖူးစားချိန် သီးသွားတဲ့အသံမျိုးနဲ့ မွန်ဇာပြောလိုက်တယ်။

တစ်ဖက်က ဒါန်းလွှဲရင်း တစ်ဖက်က ထွက်ပြေးလာပုံကို နတ်သူငယ် စဉ်းစားနေတယ်။ အဲဒီနောက် တစ်ခုခုကို သူရုတ်တရက် သတိရလိုက်တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

"ဟိုနိမိတ်ဟောကိန်း"

"ခုံးတံခါးပေါ်က ဟိုပုံတွေလား"

"ဟုတ်တယ်. . . ဝက်အူရစ်နဲ့စာလုံးတွေ ရှုနစ်ဒုတိယမင်းဆက်ခေတ်က စာလုံးတွေ ကျွန်တော်ပြန်သတိရလာပြီ။

ကမ္ဘာမြေကို ရေလွှမ်းမယ်၊

နေမင်း ပျောက်ကွယ်မယ်၊

အမှောင်နဲ့အအေး ကျရောက်မယ်၊

နောက်ဆုံးနဂါးနဲ့ နောက်ဆုံးနတ်သူငယ်တို့က သံသရာလည်ပတ်မှုကို ဖြိုခွဲမယ်၊

အတိတ်နဲ့အနာဂတ် တွေ့ဆုံမယ်၊

နွေသစ်ရဲ့နေမင်းက ကောင်းကင်တစ်ခွင် ထွန်းတောက်မယ်။

ပြီးတော့ ဘာတဲ့. . . နောက်ဆုံးနတ်သူငယ်က ဘယ်လူသားနဲ့ယှူ. . ."

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၈)

"အဲဒါတွေက ဘာအဓိပ္ပာယ်လဲ" ဇာချ်ရာ မေးလိုက်တယ်။

"ကျွန်တော်လည်း မသိဘူး။ ကျွန်တော်ထင်တာက. . ."

နတ်သူငယ် စကားရပ်လိုက်တယ်။ ခွေးခုန်ထလာပြီး အဝေးကအရာဝတ္ထု တစ်ခုဘက် လှည့်ဟောင်လိုက်တယ်။

"ဟောကြည့်. . . လှုပ်တတ်တဲ့သစ်ပင်တစ်ပင်" နတ်သူငယ် အော်ပြော လိုက်တယ်။

"အဲဒါ သစ်ပင်မဟုတ်ဘူး. . လူဘီလူးကြီး" ဇာချ်ရာ အသံနှိမ့်အော် တယ်။

"တကယ်လား. . . အဲဒါက လူဘီလူးလား. . . ကျွန်တော်တစ်ခါမှ မမြင်ဖူးဘူး" နတ်သူငယ် သိပ်ဝမ်းသာနေပုံရတယ်။ "လူဘီလူးကြီးနောက်က နှစ်ခု က ဘာလဲ။ သူ့ကလေးလေးလား။ လူဘီလူးလည်း ကလေးမွေးတတ်တာလား"

"အဲနောက်က လူနှစ်ယောက်က ကျုပ်တွေ့ဖူးတဲ့လူတွေထဲမှာ အရှည်ဆုံး။ ပြီးတော့ လက်နက်အများဆုံးလူပဲ" မွန်ဇာက ပြောရင်းနောက်ဆုတ်လိုက်တယ်။

ဒါပေမဲ့ ထွက်ပြေးဖို့ အချိန်မမီတော့ဘူး။ နောက်က လူကြီးနှစ်ယောက် က သူတို့ကို ဝိုင်းထားလိုက်ကြပြီ။

လူကြီးနှစ်ယောက်ရဲ့ဝတ်စားဆင်ယင်ပုံက မွန်ဇာနဲ့ခပ်ဆင်ဆင်တူတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အင်္ကျီကို ပိတ်စစုတ်၊ တိရစ္ဆာန်သားရေနဲ့ ချုပ်ထားတယ်။ မားမြှောင်တချို့ ချိတ်ထားသေးတယ်။ တကယ့်ကြောက်စရာကောင်းတာကတော့ သူတို့ရဲ့ပုဆိန်ပါ။ အနက်ရောင် အသေးဆုံးပုဆိန်ကတောင် လက်ဖဝါးလောက်ကြီးတယ်။ သစ်သားလက်ကိုင် ပုဆိန်ကြီးကို ဝှေ့ယမ်းလိုက်ရင် ခေါင်းတိခနဲ ပြတ်သွားနိုင်တယ်။ အခြားသစ်သားလက်ကိုင် အသွားနှစ်ဖက်ပုဆိန်ကတော့ ပြောမနေပါနဲ့. . . သွေးထားတာ အကုန်လုံးမြည့်နေတာပဲ။

လူကြီးနှစ်ယောက်က အရပ်ရှည်ပေမယ့် နောက်က လူဧရာမကြီးက ထွားကျိုင်းသန်မာတယ်။ အလင်းဖျော့ဖျော့အောက်မှာ သူ့အရိပ်က သစ်ပင်၊ ဒါန်းနဲ့ ဒါန်းပေါ် လွဲနေတဲ့ နတ်သူငယ်ကို အုပ်မိုးသွားပါတယ်။ ခွေးဟောင်သံက ကြောက်ရွံ့တဲ့ညည်းသံ ပြောင်းသွားတယ်။

"မင်းတို့ ရှေ့မတိုးနဲ့။ သူက နတ်သူငယ်နော်. . . တကယ့် နတ်သူငယ်စစ်စစ်" မွန်ဇာ ခပ်မာမာပြောလိုက်တယ်။ နတ်သူငယ်ကိုထိုးပြပြီး သူဆက်ပြောပြန်တယ်။ "သူ့မှော်အစွမ်းနဲ့ ခင်ဗျားတို့ကို အမှုန့်ကြိတ်ပစ်မယ်၊ ဂျင်လိုလှည့်ပစ်မယ် သိလား။ ကြိုးပေးသလို ခင်ဗျားတို့အသက်ရှုရပ်သွားအောင် လည်မျိုကို ညှစ်ပစ်လိုက်လို့ရတယ်"

"အဲဒါတွေက တကယ်မဟုတ်ဘူး။ အမှန်မဟုတ်ဘူး. . . အမှန်မဟုတ်ဘူး. . . အမှန်မဟုတ်ဘူး. . . အမှန်မဟုတ်ဘူး. . . အမှန်မဟုတ်ဘူး. . . မဟုတ်ဘူး. . . မဟုတ်ဘူး. . . မဟုတ်ဘူး. . . မဟုတ်ဘူး. . . မဟုတ်ဘူး. . . မဟုတ်ဘူး. . . မဟုတ်ဘူး. . . မဟုတ်ဘူး" နတ်သူငယ် ငြင်းလိုက်တယ်။

ဘာဖြစ်လို့ အဲဒီလောက်ကြောက်စရာ၊ ထိတ်လန့်စရာ၊ ရွံစရာစကားကို မွန်ဇာပြောရတာလဲ။

"ကျွန်တော်တို့ လုပ်တတ်တယ်ဆိုတာတွေက မဟုတ်မမှန်စကားတွေပါ။ လူတွေကို အနာတရဖြစ်အောင် ကျွန်တော်တို့ မလုပ်ပါဘူး။ ဘယ်သူ့ကိုမှ ထိခိုက်အောင် ကျွန်တော်တို့ မလုပ်ပါဘူး။ လူတွေထိခိုက်နာကျင်အောင် ကျွန်တော်တို့ လုပ်လို့မရပါဘူး။ တကယ်လို့ လူတွေကိုနာကျင်အောင် ကျွန်တော်တို့လုပ်တဲ့အခါ ကျွန်တော်တို့ရဲ့ ဦးနှောက်ပြင်ပမှာရှိတဲ့ ကျွန်တော်တို့ပြုလုပ်လိုက်တဲ့ အနာတရက ကျွန်တော်တို့ရဲ့ဦးနှောက်ထဲ ဝင်လာပြီး ကျွန်တော်တို့ကိုယ်တိုင်ကို အရင်ဆုံး ထိခိုက်နာကျင်စေပါတယ်။ ဦးနှောက်ပြင်ပမှာရှိတဲ့အရာတွေ ကျွန်တော်တို့ ဦးနှောက်ထဲဝင်လာရင် ဦးနှောက်ထဲရှိနေတာတွေအားလုံးက အပြင်ဘက်ကို ထွက်

mgyoe.com

mgyoe.com SAMPLE BOOK

သွားတတ်ပါတယ်"

လူတွေ အထင်အမြင်သေးခံရတာကို နတ်သူငယ် ရွံမုန်းနေပါပြီ။ သူနဲ့ သူ့မျိုးနွယ်ရဲ့ မမှန်သတင်းတွေ လျှောက်လွင့်နေတာကို သူ သည်းမခံနိုင်တော့ ပါဘူး။

ဒီတစ်ကြိမ်မှာတော့ မွန်ဇာ ဆွံ့အ,သွားတယ်။

လူကြီးနှစ်ယောက်လည်း ဆွံ့အ,သွားတယ်။

မွန်ဇာကိုကြည့်လိုက်၊ နတ်သူငယ်ကိုကြည့်လိုက်. . . အဲဒီနောက် မွန်ဇာကိုကြည့်လိုက်၊ နတ်သူငယ်ကိုကြည့်လိုက်. . . ဆက်ပြီး မွန်ဇာကို ကြည့်လိုက်၊ နတ်သူငယ်ကိုကြည့်လိုက် သူတို့လုပ်နေပါတယ်။

"ထူးဆန်းလိုက်တဲ့ကောင်. . . ခင်ဗျားရှေးဘဝက ဘာမဟုတ်တာ လုပ်ခဲ့လို့ အခုအချိန်မှာ ဝင့်လိုက်နေရတာလဲ။ ဒါမှမဟုတ် အကြောင်းတစ်ခုခုရှိလို့ နတ်သူငယ်တစ်ကောင်နဲ့ ခင်ဗျားလျှောက်ပြေးနေရတာလား" အရပ်ပုပုနိမ့်တဲ့ လူကြီးတစ်ယောက်က နားမလည်ဟန်နဲ့ မွန်ဇာကိုပြောတယ်။

"ကျုပ်အဖေကို ကျုပ်ရောင်းခဲ့မိတယ်ထင်ပါရဲ့" မွန်ဇာ ထောက်ခံလိုက်တယ်။

"လူဘီလူးက နတ်သူငယ်စားတယ်" ရောမလူကြီးက သွားရည်တမြမြနဲ့ လျှောက်လာတယ်။

ခွေးက အော်ညည်းနေပြီး ပိုကြောက်လာပေမယ့် ခပ်ရဲရဲနှစ်ချက် ဟောင်လိုက်သေးတယ်။

"သူ့ကို စားလို့မရဘူး။ သူက ကလေးပဲရှိသေးတယ်" မွန်ဇာ ပြောလိုက်တယ်။

"ကလေးသေးသေးလေးတစ်ယောက်ပါ" ဇာချ်ရာလည်းပြောတယ်။

"မွေးတာ သိပ်မကြာသေးဘူး" နတ်သူငယ်က သူ့ဘာသူရှင်းပြတယ်။

"လူဘီလူးက နတ်သူငယ်စားတယ်" လူရောမကြီးက ပြောပြန်တယ်။ နတ်သူငယ် ရယ်လိုက်တယ်။

"ဟုတ်တာပေါ့။ တကယ်ဟုတ်တာပေါ့။ ရိုးစ်မယ်ရီလည်းဖြူးဦးမှာ။ ဒါကို 'သရော်တယ်၊ လှောင်တယ်' လို့ခေါ်တယ်" နတ်သူငယ် မျက်နှာတစ်ပြင်လုံး ပြုံးနေတယ်။

လူဘီလူးကြီး မှင်တက်သွားပြီး နတ်သူငယ်ရဲ့အရယ်မျက်နှာကို ကြည့်

mgyoe.com

mgyoe.com
SAMPLE BOOK

လိုက်တယ်။ ပျံနေတဲ့မြည်းတစ်ကောင်ကို ကြည့်နေသလိုမျိုး ဒါမှမဟုတ် ကောင်းကင်ပေါ်ကနေ လမင်းကြီးပြုတ်ကျပြီး ဘောလုံးလို အကန်ခံလိုက်ရသလိုမျိုးပါ။

လူဘီလူးကြီးနား နတ်သူငယ် ကပ်လိုက်တယ်။ လူဘီလူးရဲ့မျက်နှာပေါ်မှာ ဘာခံစားချက်မှ မပေါ်ဘူး။ ကျောက်မျက်နှာဖုံး စွပ်ထားသလိုပါပဲ။ မျက်မှောင်ကြုတ်၊ ဒေါသထွက် ဒါမှမဟုတ် စိုးရိမ်ပူပန်တဲ့မျက်နှာထားမျိုးကို နတ်သူငယ်မြင်နေကျပါ။ ခုလို ခံစားချက်ဗလာနဲ့ မျက်နှာကိုမြင်ရတော့လည်း စိတ်မှာငြိမ်းချမ်းသွားသလိုပဲ။

လူဘီလူးရဲ့အရေပြားမှာ အကြေးခွံတွေပါတယ်။ ပုတ်သင်ညိုရဲ့ အရေပြားလိုပဲ။ ကြည့်လိုက်ရင် တိရစ္ဆာန်နဲ့တူနေလို့ နတ်သူငယ် အရမ်းဝမ်းသာသွားတယ်။ ပုတ်သင်ညိုက နေရောင်ထဲမှာရှင်သန်ပြီး နေရောင်က သိပ်လှပါတယ်။ လူဘီလူးရဲ့ မျက်နှာက ပုတ်သင်ညိုနဲ့တူသလို အရေပြားကလည်း ပုတ်သင်ညိုအတိုင်းပါပဲ။ လူဘီလူးရဲ့အရေပြားပေါ်မှာ အစိမ်းရောင်၊ ခရမ်းရောင် လက်လက်ထနေတဲ့ အကြေးခွံတွေ အပြည့်ပါပဲ။ ဒီအရောင်နှစ်ရောင်က နတ်သူငယ်အကြိုက်ဆုံး အရောင်ဖြစ်တယ်။ စခန်းမှာ နတ်သူငယ်တို့ အိမ်ပြတင်းပေါက်တွေ ခန်းဆီးတပ်ခွင့်ရှိတုန်းက အဘွားရဲ့ပြတင်းခန်းဆီးက အစိမ်းရောင်နဲ့ ခရမ်းရောင်ဖြစ်တယ်။

လူဘီလူးရဲ့ စွယ်နှစ်ဖက်က အပေါ်ကိုကွေးတက်နေပြီး ဆန်းသစ်လခြမ်းနှစ်ခုလို လင်းလက်နေတယ်။ သူ့အစွယ်ကို နတ်သူငယ် နည်းနည်းမှမကြောက်မိဘူး။ အရာဝတ္ထုကို ကိုက်လို့ရတဲ့သွားဆိုတာ ပါးစပ်ထဲမှာပဲရှိပြီး ပါးစပ်အပြင်ဘက်မှာ မရှိဘူးဆိုတာ သူယုံတယ်။ ဒါက တန်ဆာဆင်ထားတဲ့သွားဖြစ်ပြီး ဒိုးနပ်ချိတ်လို့ရတဲ့ ချိတ်အရှင်ဖြစ်မှာပါ။ ဒါမှမဟုတ် ပိုပျော်စရာကောင်းတဲ့ အခြားကစားနည်းအတွက် ကွင်းစွပ်ကစားလို့ရတဲ့ တိုင်ဖြစ်မှာပါ။

ဒီလိုအတွေးက နတ်သူငယ်ရင်ထဲ အပျော်တွေနဲ့ ပြည့်သွားစေတယ်။ အပျော်က အိုးထဲဆူပွက်နေတဲ့ ရေလိုပါပဲ။ ရေငွေ့တွေက ဘေးပတ်လည်ကလူတွေကိုပါ ကူးစက်သွားစေတယ်။

"ခင်ဗျား သိပ်လှတာပဲနော်" လူဘီလူးကို နတ်သူငယ်ပြောလိုက်တယ်။ နူးညံ့သိမ်မွေ့ပြီး အပျော်တွေပြည့်နေတဲ့ သူ့အသံက ကြားရသူတိုင်းရဲ့ ခေါင်းထဲပဲ့တင်ထပ်သွားစေတယ်။

ဒီလိုအချိန်မျိုးမှာ လူတိုင်း အပျော်ကို ခံစားနေရပြီး ဘဝအပေါ် အနှိုင်းမဲ့ယုံကြည်စိတ်ကို ဖြစ်ပေါ်စေတယ်။ ဒါတွေဟာ လူဘီလူးလို လှပတဲ့သက်ရှိ ရှိနေခဲ့လို့ပဲဖြစ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ခင်ဗျား အရပ်အမြင့်ကြီးပဲနော် သိလား။ ခင်ဗျားက ကျွန်တော်တွေ့ဖူးတဲ့ အကြီးဆုံး လူဧရာမကြီးပါ။ ခင်ဗျားက မယုံနိုင်စရာပဲ။ ဟုတ်တယ် အံ့ဩစရာဖို့ကောင်းတယ်။ ဧရာမလူကြီး ဒီလောက်လှကြောင်း အဘွားကတောင် ကျွန်တော့်ကို မပြောဖူးဘူး"

"ဟား. . . ဟား. . . ဟား. . . လှတယ် ဟုတ်လား" လူဘီလူးက မှင်တက်နေရာကနေ ပုံမှန်အနေအထား ပြန်ဖြစ်လာတယ်။

သူ အသက်ရှူ ရပ်တန့်သွားမတတ်ဘဲ။ ခဏတာအတွင်းမှာ ခံစားချက်ပြောင်းနေသလို ဒါမှမဟုတ် တိတိကျကျပြောရရင် ခံစားချက် အမူအရာတစ်မျိုးကို သူကြိုးစားပြီး လုပ်နေတယ်လို့ ဆိုရပါမယ်။

"ဟုတ်တယ် သိပ်လှတယ်။ အဘွားကတောင် တစ်ခါမှ မမြင်ဖူးဘူးလို့ ပြောတယ်။ ကျွန်တော်ဆိုလိုတာက လူဘီလူးကို သူတစ်ခါမှ မမြင်ဖူးတာပါ။ အရင်တုန်းက အဘွားက ဒီလိုပြောခဲ့ဖူးတယ်. . . မင်းတွေ့ဖူးတဲ့ ပထမဆုံးဧရာမလူကြီးက မင်းနောက်ဆုံးတွေ့တဲ့ ဧရာမလူကြီးဖြစ်သွားမယ်တဲ့။ ဒီစကားက ဘာအဓိပ္ပာယ်လဲတော့ မသိပါဘူး။ ဒါပေမဲ့ ကမ္ဘာကြီးမှာ ဧရာမလူကြီးများများ မကျန်တော့ဘူးဆိုတာကိုတော့ သံသယဖြစ်စရာ မလိုဘူး။ တကယ်လို့ မင်းတစ်သက်မှာ တစ်ကြိမ်တစ်ခါလောက်မြင်ဖူးရင် မဆိုးဘူးတဲ့။ သဘောက ကံကောင်းတဲ့လူကမှ လူဧရာမကိုမြင်ဖူးတာပါ။ ကျွန်တော် သိပ်ဝမ်းသာတယ်. . . သိပ်ပျော်တယ်. . . ကျွန်တော်က ရိုးရိုးလူဧရာမတစ်ယောက်ကို မြင်လိုက်ရတာမဟုတ်ဘဲ သိပ်လှတဲ့ လူဧရာမတစ်ယောက်ကို မြင်လိုက်ရတာပါ. . . သိပ်လှတာပဲ"

"ဟား ဟား လှတယ် ဟုတ်လား" လူဘီလူးက အင်အားမဲ့စွာပြောတယ်။

"ကြားဖူးတာက ခင်ဗျားတစ်ချိန်လုံး ခရီးသွားနေတယ်၊ လုံးဝ ရပ်မနေခဲ့ဘူးဆို။ ကမ္ဘာအနှံ့ ခင်ဗျားရောက်ဖူးတယ်ဆို ဟုတ်လား။ တစ်ကမ္ဘာလုံး တောင်ကမူလေးတောင် အလွတ်မပေးခဲ့ဘူး။ ပင်လယ်ကြီးကိုလည်း ခင်ဗျားမြင်ဖူးတယ်တဲ့။ ပင်လယ်တကယ်ရှိတာလား။ အဘွားပြောတာက ပင်လယ်ဆိုတာ ရေပြင်ကြီးတစ်ပြင်ပြီးတစ်ပြင်တဲ့။ လယ်ကွက်လိုပဲတဲ့။ အပေါ်မှာမြက်ပေါက်မနေဘဲ ရေတွေပြည့်နေတာတဲ့။ လူဧရာမကြီးတစ်ယောက်ဖြစ်ရတာ သိပ်မိုက်မှာပဲနော်။ အမြင့်ကြီးပြီးတော့လှတယ်။ တကယ်မိုက်တာပါ"

"အင်း အင်း လှတယ်ဟုတ်လား" လူဘီလူး ညည်းလိုက်တယ်။

"ဟုတ်တယ် တကယ်လှတယ်။ တွေ့ရတာ အရမ်းဝမ်းသာပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်နာမည်က Yorshkrunsquarklejolnerstrink ပါ"

"မင်း ဒီလောက်နှာချေနေတာ ကျုပ်စိတ်မကောင်းဘူးကွာ။ ကျုပ်လှတယ်လို့ မင်းနောက်တစ်ခေါက် ထပ်ပြောပါ"

"ခင်ဗျား သိပ်လှတယ်. . . အရမ်းလှတယ်. . . အရမ်းကိုလှတယ်။ ဒီလောက်လှတဲ့ ရုပ်ရည်ပိုင်ဆိုင်ထားတာ သိပ်ကောင်းတယ်" နတ်သူငယ် တကယ်ကို ရှုးသွပ်နေပါပြီ။ သူ့အသံမှာ တပ်မက်မှုတွေ ဖုံးနေပါတယ်။

"နတ်သူငယ်က စားလို့ကောင်းတယ်။ ဒါပေမဲ့ ဒီနတ်သူငယ်က ကျုပ်ကို ဟား ဟား ဟား လှတယ်တဲ့"

"အဲဒီစကားတွေကို ကျွန်တော် မယုံပါဘူး။ ခင်ဗျား ကျုပ်ကိုမစားဘူးဆိုတာ ကျုပ်သိတယ်။ ခင်ဗျားစကားကို ပြောင်းပြန်ပြောနေတာပါ"

ဇာချ်ရာမျက်နှာ ဖြူရော်နေတယ်။ ခါတိုင်း ရယ်လိုက်ဒေါသထွက်လိုက်ဖြစ်တဲ့ မွန်ဇာလည်း အခုအခါမှာ မျက်နှာဖြူရော်နေပါပြီ။

"ဒယ်လီဂါမြို့မှာနေပြီး ကြိုးကွင်းစွပ်သတ်ခံရတာကမှ ကောင်းဦးမယ်။ အနည်းဆုံးတော့ မသေခင် နောက်ဆုံးညစာတစ်နပ်တော့ စားရသေးတယ်" မွန်ဇာ ညည်းလိုက်တယ်။

"ခင်ဗျားအဖေကို ခင်ဗျား ဘယ်လောက်နဲ့ ရောင်းခဲ့တာလဲ" လူထွားကြီးနှစ်ယောက်ထဲက ခပ်မြင့်မြင့်တစ်ယောက်က မွန်ဇာကိုမေးတယ်။

"စျေးနည်းနည်းလေးနဲ့ ရောင်းခဲ့တယ်ထင်ပါရဲ့" မွန်ဇာစိတ်ပျက်လက်ပျက် ပြန်ဖြေတယ်။

လူထွားကြီးနှစ်ယောက်ဆီ နတ်သူငယ် ကပ်သွားလိုက်တယ်။

ဒိုးနပ်စွပ်ဖို့ ကွင်းစွပ်ဖို့ သွားစွယ်ပါတဲ့ လူဘီလူးကြီးနဲ့ အတူရှိနေတဲ့လူဆိုတော့ သူတို့ကလည်း အကြင်နာတရားရှိသူတွေဖြစ်လိမ့်မယ်။ ဟိုမုဆိုးကြီး မွန်ဇာကတော့ တစ်ချိန်လုံး လေးမြှားနဲ့ဓားဆောင်ထားပြီး စိတ်ရင်းစေတနာကလည်း မကောင်းဘူး။

"ခင်ဗျားတို့က သစ်ခုတ်သမားတွေထင်တယ်" နတ်သူငယ် မေးလိုက်တယ်။

"ဘာ. . ."

"ဘယ်သူလဲ. . . ငါတို့ကလား. . ." လူထွားကြီးနှစ်ယောက် ပျာယာခတ်သွားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"သစ်ပင်ကိုခုတ်တဲ့ သစ်ခုတ်သမားလေ" နတ်သူငယ်က အားရဝမ်းသာ သူ့လက်ကလေးနဲ့ ပုဆိန်ကြီး၊ ပုဆိန်သေး၊ ဓားတွေ ပြီးတော့ ထက်မြတဲ့ဓားသွားတွေကိုပွတ်ပြီး "ခင်ဗျားတို့က ညှိုးခြောက်နေတဲ့ သစ်ပင်တွေကိုခုတ်ပြီး ရှင်နေတဲ့လူတွေအတွက် ပစ္စည်းတွေ လုပ်ပေးတယ်။ ပုခက်တို့၊ လှုပ်လို့ရတဲ့ကုလားထိုင်တို့ပေါ့။ ကျွန်တော့်အဘွားမှာ လှုပ်လို့ရတဲ့ကုလားထိုင်တစ်လုံးရှိတယ်။ အဲဒီကုလားထိုင်က ကျွန်တော့်ပုခက်နဲ့ ဆက်ထားတယ်။ ကုလားထိုင်လှုပ်တဲ့အခါ ကျွန်တော့်ပုခက်လည်း လှုပ်တယ်။ အဲဒီလို ကုလားထိုင်မျိုး ခင်ဗျားတို့လုပ်လား"

လှုပ်ရတဲ့ကုလားထိုင်နဲ့ ကစားစရာတွေကို သတိရလိုက်တဲ့အခါ နတ်သူငယ်ရင်ထဲ နူးညံ့မှုတွေ ပြည့်သွားတယ်။ နေ့စဉ်ဘဝတစ်ခုကို ဖြတ်သန်းဖို့အတွက် အိမ်တစ် လုံးရှိဖို့ သူတောင့်တမိတယ်။ မမြင်ဖူးခဲ့တဲ့မေမေနဲ့ ဝေးကွာနေတဲ့အဘွားကို ပြန် လည်တွေ့ဆုံရဖို့ သူတောင့်တမိတယ်။

အဆုံးမရှိတဲ့ နူးညံ့မှုတွေက သူ့ရင်ထဲကနေ ပြည့်လျှံထွက်လာပြီး သူ့အသံထဲ စီးဆင်းပျော်ဝင်နေတယ်။

အခြားလူတွေလည်း သူတို့ရဲ့သွေးကြောထဲမှာ ပျားရည်တွေ စီးဆင်းသွားသလို ခံစားလိုက်ရတယ်။ ဒီလိုပဲဖြစ်နေဖို့ သူတို့မျှော်လင့်ကြတယ်။ သွေးကြောထဲ ပျားရည်တွေ အမြဲစီးဆင်းနေပြီး ဒီလိုပဲ အမြဲအချစ်ခံနေရတဲ့ ခံစားချက်ရှိဖို့ သူတို့ လိုချင်ခဲ့ကြတယ်။

"အင်း. . . အနည်းအများတော့ လုပ်ခဲ့ပါတယ်" လူထွားကြီးနှစ်ယောက် ယောင်ချာချာဖြစ်နေတယ်။

"ကစားစရာရော လုပ်လား. . . ခင်ဗျားတို့ ကစားစရာလုပ်လား. . . အရုပ်မတို့၊ သစ်သားရုပ်တို့လေ" နတ်သူငယ် မေးလိုက်ပြန်တယ်။

"က. . . ကစားစရာ" ပထမလူထွား ကြောင်သွားတယ်။

"ဘာရယ်. . . ငါတို့က. . . အရုပ်မ" ဒုတိယလူထွား ရယ်ချင်သွားတယ်။

"ခင်ဗျားတို့က လှုပ်ကုလားထိုင်တို့၊ ပုခက်တို့ တစ်ခါမှ မလုပ်ဖူးဘူးပေါ့" နတ်သူငယ် ထပ်မေးတယ်။

"အင်း. . . မ. . . မလုပ်ဖူး. . . မလုပ်ဖူးဘူး။ မလုပ်ဖူးသေးဘူး။ တစ်ခါမှ မတွေးခဲ့ဖူးဘူး" ဒုတိယလူထွားကြီးက ပြောတယ်။

"လုပ်ကြည့်လို့ရတယ်။ ဒါက စိတ်ကူးကောင်းပါ။ အရမ်းကောင်းတဲ့ စိတ်

mgyoe.com

mgyoe.com SAMPLE BOOK

ကူးပါ" နတ်သူငယ်က အကြံပြုတယ်။

"အင်း ဟုတ်တယ်. . . သိပ်ကောင်းတဲ့စိတ်ကူးပါ" ပထမလူထွားကြီး ထောက်ခံလိုက်တယ်။

"မသေသေးတဲ့ သစ်ပင်ကို ခင်ဗျားတို့တစ်ခါမှ မခုတ်ခဲ့ဘူးထင်တယ်"

"အင်း မခုတ် မခုတ်ခဲ့ဘူး။ တစ်ခါမှ မခုတ်ခဲ့ဘူး" ဒုတိယလူထွားက ပြောတယ်။

"သူတို့ကိုသေအောင် ငါတို့အရင်လုပ်ပစ်တယ်။ ဒါမှ သူတို့မနာမှာ" ပထမလူထွားက အတည်ပြုတယ်။

"သစ်ခုတ်သမားလုပ်ရတာ သိပ်ကောင်းမှာပါ။ လယ်သမားတစ်ယောက်ဖြစ်ရတာကလည်း အလုပ်ကောင်းတစ်ခုပါပဲ။ ပထမဦးဆုံး မြေတစ်ကွက်ရှိရမယ်။ ပြီးတော့ ပေါက်ပြားရှိရမယ်။ ခင်ဗျားတို့နဲ့သိခွင့်ရတာ သိပ်ကောင်းပါတယ်။ သူသိပ်လှသလို ခင်ဗျားတို့လည်း စိတ်ကောင်းရှိကြတယ်"

"စိတ်ကောင်းရှိတယ်. . . ဟုတ်လား" ပထမလူထွားကြီးက မေးတယ်။

"ဟား ဟား ဟား လှတယ်ဟုတ်လား" လူဘီလူးကြီးဆီက အသံထွက်လာတယ်။

လူထွားကြီးနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ပခုံးတွန့်ပြကြတယ်။

ညအရောင်က ပိုနက်လာခဲ့ပြီ။ မိုးဖွဲလေး တစ်ပြိုက်နှစ်ပြိုက်ရွာချလာတယ်။

အဲဒီညက သူတို့အားလုံးအတူစုပြုံပြီး နတ်သူငယ်မွေးတဲ့ မီးဖိုလေးဘေးမှာ ဝိုင်းဖွဲ့နေကြတယ်။ ယာယီအမိုးကတော့ ဟို သစ်ခုတ်သမားနှစ်ယောက်ပုဆိန်နဲ့ ခုတ်ချလိုက်တဲ့သစ်ကိုင်းခြောက်တွေနဲ့ မိုးထားတာပါ။

ခွေးနဲ့နတ်သူငယ်တို့က တစ်ခုနဲ့တစ်ခုချိတ်နေတဲ့ ကောက်ချိတ်လေးလိုပဲ အချင်းချင်းဖက်ပြီး အိပ်ပျော်နေကြပြီ။ သူတို့ရဲ့ဘေးမှာ တောင်ကြီးသုံးတောင်ရှိတယ်။ အစဉ်လိုက်ပြောရရင် သိပ်မကြီးတဲ့လူထွား၊ နည်းနည်းကြီးတဲ့လူထွားနဲ့ နောက်ဆုံးတောင်က လူထွားကြီးနှစ်ယောက်လုံးထက် တစ်ဆလောက်ကြီးတဲ့ လူဘီလူးကြီးဖြစ်တယ်။

မီးဖိုရဲ့တစ်ဖက်ခြမ်းမှာ မွန်ဇာနဲ့ဇာချီရာ အိပ်တယ်။

လူထွားကြီးနှစ်ယောက်က ဟောက်နေပြီ။ လူဘီလူးကြီးကအိပ်မက်မက်ပြီး ကယောင်ကတမ်း ပြောနေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟား ဟား ဟား ဟား ဟား ဟား ဟား"

"သူက တစ်ညလုံးရယ်နေမှာလား" မွန်ဇာစိုးရိမ်တကြီးမေးတယ်။

"သူ မရယ်တော့မှ ငါတို့ကစိုးရိမ်ရမှာပါ။ ငါသာ နင်ဆိုရင် ခုလိုမကျေမနပ် ညည်းမနေတော့ဘူး" ဇာချ်ရာ ပြောလိုက်တယ်။

မွန်ဇာ ပါးစပ်ပိတ်သွားတယ်။

လူဘီလူးရဲ့ရယ်သံနဲ့ လူထွားကြီးနှစ်ယောက်ရဲ့ဟောက်သံက ရောနှောပျံ့လွင့်နေတယ်။

ဇာချ်ရာက အိပ်နေရာကနေ ကိုယ်ကိုလှည့်လိုက်တာ မွန်ဇာ့ပေါ် တစ်ကိုယ်လုံး ဖိထားမတတ်ပဲ။ မွန်ဇာလည်း သူနိုးမှာစိုးလို့ မှိုးလင်းတဲ့အထိ မလှုပ်တမ်းနေနေ လိုက်တယ်။

နတ်သူငယ်က ခွေးရဲ့လက်သည်းကြား ကွေးကျုံ့နေပြီး "လူဘီလူးလေး" က ခွေးအတွက် အကောင်းဆုံးနာမည်ဖြစ်မလားလို့ တွေးနေတယ်။ ဒီနာမည်က မဆိုးဘူး။ ဒါပေမဲ့ ခွေးပါးစပ်နှစ်ဖက်မှာ ဒိုးနပ်ချိတ်လို့ရတဲ့အချိတ်မပါဘူးလေ။

အဲဒီနောက် သူအိပ်ပျော်သွားတယ်။ ပင်လယ်က သူ့အိပ်မက်ထဲ ဝင်ရောက်လာခဲ့တယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၉)

မိုးလင်းပြီ။ ရွှေရောင်သန်းတဲ့ အနီရောင်အလင်းတွေ ပြည့်နှက်နေတယ်။ ညအမှောင်နဲ့ နောက်ဆုံးကြယ်ကလေး ပျောက်ကွယ်သွားပြီ။ မိုးကောင်းကင်က ကြည်လင်ပြီး ကမ္ဘာလာလွှမ်းတဲ့တောင်လေးက နေရောင်အောက်မှာ တောက်ပနေတယ်။ ချိုင့်ဝှမ်းငယ်လေးမှာ မနက်ခင်းမြူတွေ ပျံ့လွင့်နေတယ်။

ငှက်ကလေးတစ်ကောင် တေးသီနေတယ်။

ပထမဆုံးနိုးလာသူက လူဘီလူးပါ။ အဲဒီနောက် နတ်သူငယ်လည်း နိုးလာတယ်။ မျက်လုံးဖွင့်တာနဲ့ လူဘီလူးဘယ်လောက်လှကြောင်း၊ အားဘယ်လောက်ကြီးကြောင်း၊ ဘယ်လောက်ထွားကျိုင်းသန်မာကြောင်းပဲ မနားတမ်းပြောနေတယ်။

လူဘီလူးကြီးရဲ့ လည်ပင်းအောက်က ခရမ်းရောင်အမွေးက ဘယ်လောက်အုံ့သြဖို့ကောင်းကြောင်း ချီးကျူးနေတယ်။ အခု အဲဒီအမွေးပေါ်မှာ နှင်းစက်တွေပြည့်နေပြီး နေရောင်အောက်မှာ လက်လက်ထနေတယ်။ အဲဒီနောက် လူဘီလူးရဲ့ မျက်လုံးဟာ နွေညမှာ ထွန်းတောက်တဲ့ လခြမ်းနဲ့တူကြောင်း သူချီးကျူးပြန်တယ်။ ပြီးတော့ ဝိုင်းစက်စက် နီရဲရဲနှာခေါင်းက ဆောင်းညရဲ့လပြည့်နဲ့တူကြောင်း ချီးကျူးနေတယ်။ အဲဒီနောက် ထလာတဲ့ လူထွားကြီးနှစ်ယောက်ကိုလည်း သူတို့ဟာ စိတ်ရင်းစေတနာကောင်းလှကြောင်း၊ ညှိုးသေသွားတဲ့သစ်ပင်နဲ့ သေခါနီးသစ်ပင်တွေကို သုံးပြီး သူတို့က ပုခက်၊ စားပွဲနဲ့ကစားစရာတွေလုပ်ကြောင်း စိတ်သဘော

mgyoe.com

mgyoe.com

ထားကြီးစွာ ချီးကျူးပြန်တယ်။ လူဘီလူးနဲ့ သစ်ခုတ်သမား နှစ်ယောက်က စိတ်လှုပ်ရှားလွန်းလို့ မျက်ဝန်းမှာ မျက်ရည်တွေလဲ့နေတယ်။

လူထွားကြီးတစ်ယောက်က ကျောပိုးအိတ်ထုတ်ပြီး အားလုံးကိုမနက်စာကျွေးတယ်။

အံ့အားသင့်နေတဲ့ မွန်ဇာက လူထွားကြီးကို နားမလည်စွာငေးနေတယ်။ သူ့အဖေရဲ့ဝိညာဉ်ကို တွေ့လိုက်သလိုမျိုး ငေးနေတယ်။ ကျောပိုးအိတ်ထဲမှာ ပြောင်းဖူး ၆ ဖူး ပါတယ်။ တစ်ယောက်ကိုတစ်ဖူး ကွက်တိပဲ။ ပြီးတော့ ဝက်ပေါင်ခြောက် တစ်ချောင်းလည်း ပါတယ်။

နတ်သူငယ်က ဝက်ပေါက်ခြောက်ကို ဝမ်းနည်းစွာကြည့်ရင်း ညည်းသံတိုးတိုးပြုတယ်။ ယုန်အတွက် အော်ငိုခဲ့တဲ့အသံနဲ့စာရင် သူတော်တော်လေး ထိန်းချုပ်ထားတယ် ပြောရပါမယ်။ ဒီဝက်က သေသွားတာကြာပြီဖြစ်တာကြောင့် မနာကျင်တော့သလို သေရဖို့လည်း ကြောက်နေတော့မှာ မဟုတ်လို့ပါ။

"ကျုပ်တို့စားလို့ရလား" မွန်ဇာက မျှော်လင့်ချက်အပြည့်နဲ့ မေးတယ်။

"လုံးဝမရပါဘူး" နတ်သူငယ်ဖြေလိုက်တယ်။ လူဘီလူးနဲ့ လူထွားကြီးနှစ်ယောက်ကိုကြည့်ပြီး သူက "တစ်ချိန်က အသက်ရှင်ခဲ့တဲ့အရာတွေကို ခင်ဗျားတို့မစားတတ်ဘူး မဟုတ်လား။ ခင်ဗျား. . . ခင်ဗျားတို့က ဒီလောက်လှပြီး ဒီလောက်စိတ်ရင်းကောင်းတာ"

"အင်း ဘယ်သူ ငါတို့ဟုတ်လား"

"အင်း မစားဘူး ငါတို့မစားပါဘူး"

"ဒီဟာကြီးက ငါတို့ကျောပိုးအိတ်ထဲ ဘယ်လိုလုပ်ရောက်နေသလဲ မသိပါဘူး"

"ငါတို့ လှလည်းလှတယ်။ စိတ်လည်းကောင်းတယ်။ မင်း မကြိုက်တဲ့ဟာ လုံးဝမစားဘူး"

မွန်ဇာ ပိုနားလည်ရခက်လာပြီး စိုးရိမ်စိတ်လည်းဖြစ်လာတယ်။ ဒါတွေဟာ နတ်သူငယ်ပြောနေကျ ပုံမှန်စကားတွေဆိုပေမယ့် သူကြက်သီးမွေးညင်းထသလို ခံစားလိုက်ရတယ်။

ပြောင်းဖူးကင်နေချိန်အတွင်းမှာ နတ်သူငယ်က တွင်းတစ်တွင်းတူးပြီး ဝက်ပေါင်ခြောက်ကို မြှုပ်လိုက်တယ်။ မြေမဖို့ခင် သူက အလှဆင်လိုက်ပါသေးတယ်။ ပန်းမရှိလို့ ဝက်ပေါင်ပေါ် အနီရောင်အသီးတစ်ခက် သူတင်လိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်စဉ်တစ်လျှောက်လုံးမှာ မွန်ဇာက ဝက်ပေါက်ခြောက်ကိုပဲ မမိုတ်မသုန်ကြည့်နေပြီး မျက်နှာအမူအရာက ကိုယ့်ညီအစ်ကိုရင်း အမြုပ်ခံလိုက်ရသလို ဖြစ်ပျက်နေတယ်။ အရင်တုန်းက ဒီဝက်နဲ့ သူရင်းနှီးကောင်းရင်းနှီးခဲ့ပြီး အတိတ်အမှတ်တရကြောင့် ဝမ်းနည်းတာလည်း ဖြစ်နိုင်ပါတယ်။

လူတိုင်း ပြောင်းဖူးတစ်ယောက်တစ်ဖူးရမယ်လို့ ထင်ခဲ့တဲ့အထင်ကတကယ်တော့ စိတ်ကူးမျှပါ။ လူဘီလူးကြီးက သုံးဖူးစားပြီး လူထွားကြီးနှစ်ယောက်က တစ်ယောက်တစ်ဖူးနဲ့ မွန်ဇာ၊ ဇာချ်ရာနဲ့နတ်သူငယ်က ကျန်တစ်ဖူးကို ဝေစားရတယ်။ ဒါပေမဲ့လည်း ဒါဟာ စားကောင်းသောက်ဖွယ်တစ်နပ်လို့ ဆိုရပါမယ်။

ကောင်းကင်ယံထက် နေမင်းကြီးတက်လာပြီးနောက် နေရောင်စစ်စစ်ကကောင်းကင်ပြာပြာပေါ် အမှန်တကယ်ထွန်းလင်းနေချိန်မှာ သူတို့အုပ်စုနှစ်စုအချင်းချင်းနှုတ်ဆက်ပြီး လမ်းခွဲလိုက်ကြတယ်။

မွန်ဇာ၊ ဇာချ်ရာနဲ့ နတ်သူငယ်တို့က ကြည်လင်တဲ့နေရောင်အောက်မှာရှေ့ဆက်သွားနေကြပြီး ခွေးက သူတို့နောက်လိုက်နေတယ်။ တောအုပ်အလယ်ကကွက်လပ်ငယ်တစ်ခုဆီအရောက် သစ်ပင်ပေါ်မှာ သတိပေးစာတစ်ခုကပ်ထားတာကို သူတို့တွေ့လိုက်တယ်။ အပေါ်မှာရေးထားတာက အန္တရာယ်ရှိတဲ့ ဓားပြနှစ်ယောက်နဲ့ ရုပ်အဆိုးဆုံး လူဘီလူးကြီးတစ်ကောင်ကို သတိထားဖို့ဖြစ်တယ်။ ပြီးတော့ ဆုကြေးလည်း ထုတ်ထားတယ်။ ဒီလူဆိုးတွေနဲ့ သူတို့မတွေ့ခဲ့တဲ့အတွက်အရမ်းကံကောင်းတယ်လို့ နတ်သူငယ်က ပြောတယ်။ သစ်ခုတ်သမားနှစ်ယောက်နဲ့စကြဝဠာမှာ အလှဆုံးဧရာမလူကြီးကိုပဲ သူတို့တွေ့ခဲ့တယ်လို့ ဆိုတယ်။ ဒီအနီးအနားတစ်ဝိုက်မှာ လူဘီလူးဘယ်လောက်ရှိနေသလဲ မသိပါဘူး။

"ဘယ်လိုဖြစ်ပြီး ကျုပ်တို့ကောင်းကောင်းမွန်မွန် အသက်ရှင်နေသေးတာလဲ။ တစ်ယောက်ယောက်ကများ ကျုပ်ကိုပြောပြနိုင်မလား" မွန်ဇာမေးလိုက်တယ်။

ဇာချ်ရာတစ်ချက်ပြုံးပြီး "နတ်သူငယ်စိတ်ထဲ တွေးသမျှ အပြင်ကို တကယ်ရောက်လာပြီး သူ့အသံကြားသူတိုင်းရဲ့ ရင်ထဲ ဝင်သွားတတ်တယ်။ သူစိတ်ပျက်တဲ့အချိန် ငါတို့လည်း ခံရခက်သလိုမျိုးပေါ့။ သူကြောက်တဲ့အချိန် ငါတို့လည်းကြောက်စိတ်ဖြစ်မိတယ်။ ဒါနဲ့တောင် ငါတို့ဦးနှောက်က ငါတို့ကိုယ်တိုင်ရဲ့ကိစ္စကိုပဲ တွေးနေတတ်တယ်။ ဟုတ်တယ်. . . နည်းနည်းတုံးတဲ့ဦးနှောက်အတွက်နတ်သူငယ်ပြောသမျှက ရေလှိုင်းလို သူတို့ခေါင်းထဲ တိုးဝင်သွားတယ်။ သူက

mgyoe.com

mgyoe.com SAMPLE BOOK

"လှတယ်"၊ "စိတ်ရင်းကောင်းတယ်" ဆိုတာနဲ့ သူတို့ကလည်း အင်း. . . ဘယ်လို ပြောရမလဲ. . . နတ်သူငယ်ထင်တဲ့အတိုင်း ဖြစ်သွားကြတာပဲ" ဇာချီရာက ရှင်းပြတယ်။

"နည်းနည်းတုံးတဲ့ဦးနှောက် ဟုတ်လား" မွန်ဇာအံ့သြသွားတယ်။

"နည်းနည်းတုံးတဲ့ဦးနှောက် ဟုတ်တယ်" ဇာချီရာ ခေါင်းညိတ်ပြတယ်။

"နည်းနည်းတုံးတဲ့ဦးနှောက်" လို့ မွန်ဇာထပ်ပြောပြန်တယ်။ အဲဒီနောက် ထရပ်ပြီး သူ့နဖူး သူရိုက်လိုက်တယ်။

"ဟာ ကျုပ်ကြိုးမေ့ခဲ့ပြီ။ သစ်ပင်ပေါ် ချိတ်ပြီး ဒါန်းလုပ်ခဲ့တဲ့ကြိုးလေ။ မင်းတို့ ဒီမှာစောင့်နေ ကျုပ်ပြေးပြီး သွားယူမယ်"

ဇာချီရာ၊ နတ်သူငယ်နဲ့ ခွေးတို့က တောအုပ်အလယ်ကွက်လပ်မှာ ထိုင်ချလိုက်တယ်။ နေပူစာလှုံရတာ သက်သောင့်သက်သာရှိလိုက်တာ။

မွန်ဇာက လေလိုအပြေးသန်လှတယ်။ စခန်းချခဲ့တဲ့နေရာကိုရောက်တော့ ဝက်ပေါက်ခြောက်မြှုပ်ထားတဲ့နေရာက အတူးခံထားရပြီး အထဲမှာ ဘာမှမရှိတော့ဘူး။ နည်းနည်းတုံးတဲ့ဦးနှောက်ကလည်း အကန့်အသတ်ရှိနိုင်တယ်။ ဝက်ပေါင်ခြောက်ကိုတူးချင်တဲ့လူက သူတစ်ယောက်တည်းမဟုတ်ဘူးဆိုတာ တွေးကြည့်ရုံနဲ့ သိတယ်။

ကြိုးကိုဖြည်ပြီး သူရှုတ်လိုက်တယ်။ အဲဒီနောက် ကျောပိုးအိတ်ထဲထိုးထည့်ပြီး လာလမ်းအတိုင်း ပြန်လျှောက်ခဲ့တယ်။

တစ်ဖက်ကလျှောက်ရင်း တစ်ဖက်က သူတို့ပြောခဲ့တဲ့ စကားတစ်ဝက်တစ်ပျက်ကို သူပြန်တွေးနေမိတယ်။ ဟိုနိမိတ်ဟောကိန်းက ဘာများပါလိမ့်။

မြေကွက်လပ်က အဖော်တွေဆီ သူပြန်ရောက်တော့ အဲဒီအကြောင်းကို သူမေးလိုက်တယ်။

နတ်သူငယ်က တစ်အောင့်လောက်စဉ်းစားပြီး အလွတ်ရွတ်ဆိုတယ်။

"ကမ္ဘာမြေကို ရေလွှမ်းမိုးမယ်၊ နေပျောက်ကွယ်သွားမယ်၊ အမှောင်နဲ့ အအေး ရောက်လာလိမ့်မယ်။ နောက်ဆုံးနဂါးနဲ့ နောက်ဆုံးနတ်သူငယ်က သံသရာစက်ဝိုင်းကိုဖြိုခွဲမယ်။ အတိတ်နဲ့အနာဂတ်တွေ့ဆုံပြီး နွေသစ်ရဲ့နေမင်းက ကောင်းကင်မှာထွန်းတောက်မယ်"

"ဒါက ဘာအဓိပ္ပာယ်လဲ"

"ကျွန်တော် မသိဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

"မင်းရဲ့အဘွားက မင်းကိုမိုးရွာတာနဲ့ပတ်သက်ပြီး ဘာမှမပြောခဲ့ဘူးလား"

"မိုးရွာတာနဲ့ပတ်သက်ပြီး ပြောခဲ့တာပေါ့"

"သူ ဘယ်လိုပြောခဲ့တာလဲ"

"အဘွားက ပြောတယ် . . . 'ဒီနေ့မိုးရွာပြန်ပြီ' တဲ့။ 'ကာလိုက်ပါဦး မိုးရွာနေပြီ' တဲ့။ 'စောင်တောင်မှီတက်တော့မယ်' တဲ့။ တစ်ခါက သူပြောတာက 'အိမ်ခေါင်မိုး မိုးယိုနေတယ်' တဲ့။ တစ်ခါကလည်း 'ဖားတွေတောင် ဒီမှာနေကြတော့မယ်' တဲ့။ နောက်ဆုံး ကျွန်တော် တတိယအကြိမ် အအေးမိတုန်းက . . . ကျွန်တော်တတိယအကြိမ် အအေးမိတုန်းက အဖြစ်ကို ကျွန်တော်ပြောပြဖူးလား။ အဲဒီတုန်းက နှပ်ချေးတွေ နှာခေါင်းမှာပိတ်နေတာ. . . နောက်တော့. . . "

"အဲဒါတွေ မဟုတ်ဘူး။ ကျုပ်ပြောတာက နောက်ပိုင်းနှစ်တွေမှာ ဘာဖြစ်လို့ ဒီလောက်အေးရတာလဲ၊ ဘာဖြစ်လို့ ဒီလောက်မိုးများရတာတဲ့ဆိုတာကို ခင်ဗျားအဘွား မပြောခဲ့ဘူးလားလို့ ပြောတာပါ။ မိုးက မကြာခင်ရပ်သွားမယ် ဒါမှမဟုတ် ဘယ်လောက်ကြာမှာ ရပ်မယ်ဆိုတာကို သူပြောခဲ့သလား။ ဒါမှမဟုတ် ဘယ်လို နည်းလမ်းနဲ့ မိုးရပ်အောင် ကျုပ်တို့လုပ်နိုင်မလဲ. . . ဒီလိုအကြောင်းတွေပါ"

"သြော်. . . ဒါလား. . . မပြောဘူး။ သူ မပြောခဲ့ဘူး"

"သေချာလား"

"ဟုတ်ပါတယ်"

"အင်း ဟုတ်ပါပြီ။ နဂါးအကြောင်း နင်ဘယ်လောက်သိလဲ" ဇာချံရာကပြောတယ်။

"သူတို့က အကောင်သိပ်ကြီးတယ်။ အတောင်ပံပါတယ်။ ပျံတတ်တယ်။ ဒေါသထွက်တဲ့အချိန် ပေါင်းရခက်တယ်။ အထူးသဖြင့် လူတွေရဲ့အသတ်ကို ခံရတဲ့အခါမှာပါ။ သူတို့က ဒီလောကကြီးရဲ့ ရှေးလျှို့ဝှက်ချက်တွေကို ကာကွယ်စောင့်ရှောက်ထားတယ်။ သူတို့က ရှေးစာတွေ ဖတ်တတ်တယ်။ ကျွန်တော်သိတဲ့ လူသားတချို့က. . . ဘယ်သူလဲလို့တော့ ကျွန်တော်မပြောဘူးနော်. . . သူတို့က ရှေးစာကို ရုပ်ပုံလို့ထင်ကြတယ်"

"နောက်ဆုံးနဂါးကို ကျုပ်တို့တွေ့အောင်ရှာမယ်။ အဲဒီနောက် နောက်ဆုံး . . ." မွန်ဇာက တစ်ခုခုကိုသတိရသွားသလို စကားကို ရုတ်တရက် ရပ်လိုက်တယ်။ နတ်သူငယ်ကို သူကြည့်လိုက်ပြီး စကားဆက်မပြောပေ၊ ၇၁၇၊

mgyoe.com

mgyoe.com SAMPLE BOOK

"နောက်ဆုံးနတ်သူငယ်" နတ်သူငယ်က သူ့စကားကို ဆက်ပေးလိုက်တယ်။ "သနားစရာလူသားရေ. . . အဲဒါက နောက်ဆုံးနတ်သူငယ်ပါ။ နောက်ဆုံးနတ်သူငယ်ဖြစ်ရတာ သိပ်ကြောက်စရာကောင်းမှာပဲ။ သဘောက မင်းတစ်ယောက်ပဲကျန်တယ်၊ တခြားနတ်သူငယ် မကျန်တော့ဘူးဆိုတာပဲ။ သိပ်ကြောက်စရာကောင်းတယ်. . . ကြောက်စရာကြီးပါ။ သူ့အစား စိတ်မကောင်းလိုက်တာ။ ဒါက နောက်နတ်သူငယ်တစ်ယောက်ကို ကျွန်တော်တွေ့နိုင်သေးတယ်ဆိုတဲ့ သဘောလည်းဟုတ်တယ်။ အဲဒီနတ်သူငယ်ကို ကျွန်တော်တွေ့တဲ့အချိန် သူကနောက်ဆုံးတစ်ယောက် မဟုတ်တော့ဘူး။ ကျွန်တော်တို့ နှစ်ယောက်ဖြစ်သွားပြီဆိုတော့ ဒါ သိပ်ကောင်း. . . တာ. . . ပဲ" နတ်သူငယ်စကားကို ရပ်လိုက်ပြီး မျက်နှာသုန်မှုန်သွားတယ်။ "ဒါပေမဲ့ ကျွန်တော်ရှိနေရင် သူက နောက်ဆုံးတစ်ယောက် မဟုတ်တော့ဘူး" အသံတိတ်ဆိတ်သွားတယ်။ အကြာကြီး တိတ်ဆိတ်ငြိမ်သက်သွားတယ်။

"ကျွန်တော်က နောက်ဆုံးနတ်သူငယ်" တိတ်ဆိတ်သွားတယ်။ အကြာကြီးတိတ်ဆိတ်သွားတယ်။ နေရောင် ရုတ်တရက်ပျောက်သွားပြီး မြူထလာတယ်။ ငှက်အော်သံ ထမြည်လာတယ်။ ဇာချဲရာက ကိုယ်ကိုညွှတ်ပြီး နတ်သူငယ်ကို ရင်ထဲပွေ့ဖက်ထားလိုက်တယ်။ တစ်ခါမှ မဖက်ခဲ့ဖူးတဲ့လူလို သူ့ကို တင်းတင်းလေး ဖက်ထားလိုက်တယ်။

"အဲဒါက နိမိတ်ဟောကိန်းလေးတစ်ခုပါ။ ဘယ်ခုနှစ်ကို ရည်ညွှန်းမှန်းငါတို့ မသိပါဘူး။ နောင်နှစ်ပေါင်း တစ်ထောင်လောက်မှ ဖြစ်ရင်လည်းဖြစ်မယ်။ အမှန်တကယ်ဟုတ်ချင်မှလည်း ဟုတ်မယ်။ အမှန်ပြောရရင် နိမိတ်ဟောကိန်းတွေက အတုတွေပါ"

နတ်သူငယ့်မျက်နှာ ဖြူရော်နေတယ်။ ပြာလဲ့လဲ့မျက်ဝန်းလည်း အရောင်မဲ့နေတယ်။

"နောင်နှစ်ပေါင်းနှစ်ထောင် နောက်ပိုင်းလည်း ဖြစ်နိုင်တာပဲ။ ဒါမှမဟုတ်ဘယ်တော့မှ ဖြစ်ပျက်လာမှာလည်း မဟုတ်လောက်ဘူး" မွန်ဇာလည်း သဘောတူလိုက်တယ်။ သူလည်း ကိုယ်ကိုညွှတ်ပြီး လက်အစုံနဲ့ နတ်သူငယ်ကို ဖက်ထားလိုက်တယ်။

မြူမှုန်ထဲမှာ သူတို့ အဲဒီလိုပဲ ရပ်နေကြပြီး တစ်ပေါင်းတစည်းတည်း ဖြစ်သွားတယ်။ မိုးဖွဲဖွဲလေး ရွာကျလာပေမယ့် သူတို့ နေရာမရွှေ့ဘူး။

ခွေးလည်းတိုးဝင်လာပြီး လေးယောက်သား မိုးထဲတင်းတင်းကျပ်ကျပ်

mgyoe.com

mgyoe.com

တွယ်ဖက်ထားကြတယ်။

"ငါတို့ သစ်ပင်အောက်မှာ မိုးသွားခိုရအောင်" ပထမဆုံး လှုပ်ရှားလိုက်သူက ဇာချ်ရာပါ။

"ဒီအနီးအနားမှာ မျှော်စင်တစ်ခုရှိတယ်" နတ်သူငယ် အားပြတ်နေပြီး မျက်စိအရောင်မှိန်နေတယ်။ "ကျွန်တော်ရေသံကြားနေရတယ်။ စမ်းချောင်းတစ်စင်းနား ကျွန်တော်တို့ရောက်နေတာပါ။ ဒယ်လီဂါမြို့နဲ့ သိပ်မဝေးသေးဘူး။ မြစ်က ကျွန်တော်တို့ရဲ့နောက်မှာပါ။ ကျွန်တော်တို့ ဘယ်နေရာကို ရောက်နေတယ်ဆိုတာ ကျွန်တော်သိတယ်။ ဒီအနီးအနားမှာ စွန့်ပစ်မျှော်စင်ဟောင်းတစ်ခု ရှိတယ်။ မျှော်စင်ပေါ်မှာ သစ်ပင်တစ်ပင် ပေါက်နေသေးတယ်"

"နင် ဘယ်လိုသိတာလဲ"

"ကျွန်တော် ရေသံကြားတယ်။ ဟိုပုံကိုလည်း ကျွန်တော်ကြည့်ပြီးပြီ။ ဒါကြောင့် ကျွန်တော်တို့ ဘယ်ရောက်နေတယ်ဆိုတာကို ကျွန်တော်သိတယ်"

"ဘာပုံလဲ. . . နင်ဘာတွေပြောနေတာလဲ"

"တစ်အောင့်မှ ခင်ဗျားတို့ကိုပြောပြမယ်။ အခု မိုးခိုဖို့ နေရာအရင်ရှာရအောင်"

ဆူးချုံနွယ်တွေကို သူတို့ပင်ပင်ပန်းပန်း ဖြတ်ကျော်ပြီးနောက် စမ်းချောင်းငယ်တစ်စင်းကို သူတို့တွေ့လိုက်တယ်။ စမ်းရေက ကြည်လင်ပြီး ဘေးနှစ်ချက်မှာ နူးညံ့တဲ့မြက်စိမ်းတွေ ပေါက်နေတယ်။ တောအုပ်ကနေ သူတို့ထွက်လာတဲ့နေရာနဲ့ မနီးမဝေးမှာ မြေကွက်လပ်တစ်ခု ရှိတယ်။ အဲဒီမှာ တစ်ဝက်တစ်ပျက်ပြိုကျနေတဲ့ မျှော်စင်တစ်ခုရှိတယ်။ မျှော်စင်ထိပ်မှာ ဧရာမ ဝက်သစ်ချပင်ကြီးတစ်ပင် တကယ်ပေါက်နေပါတယ်။

မျှော်စင်ထဲ သူတို့ခိုဝင်လိုက်ကြတယ်။ မျှော်စင်အလယ်ခန်းက မပျက်စီးသေးတဲ့အပြင် ထင်းတစ်ပုံပါရှိနေတယ်။ ခြောက်သွေ့နေတာကြောင့် နတ်သူငယ် မီးမွှေးလိုက်တယ်။

မွန်ဇာက စမ်းချောင်းဘေးသွားပြီး ရေဘူးကို ရေအပြည့်ဖြည့်လိုက်တယ်။ ထရောက်(trout) ငါးတစ်ကောင်ပါ ဖမ်းမိလိုက်တယ်။ သူက သူတို့မှာ တခြားရွေးချယ်စရာ မရှိလို့ပါ. . . အဲဒီငါး မသေရင် သူတို့သေရပါလိမ့်မယ်လို့ နတ်သူငယ်ကို ရှင်းပြတယ်။

နတ်သူငယ် ခေါင်းညိတ်လိုက်တယ်။ ခွေးက နတ်သူငယ်နောက် ထက်

mgyoe.com

ကြပ်မကွာလိုက်နေပြီး နွေးထွေး ဆိတ်ငြိမ်နေတယ်။

ငါးအတွက် စိတ်မကောင်းမဖြစ်အောင် ခွေးကိုနာမည်ပေးမယ့်အရေး သူအာရုံစိုက်လိုက်တယ်။ "သစ္စာရှိသော" နာမည်က နာမည်ဆိုးတစ်ခုတော့ မဟုတ်လောက်ဘူး။ ခွေးက ကိုယ့်ကိုဘယ်တော့မှ မစွန့်လွှတ်၊ ဘယ်တော့မှခွဲမသွားဘူး။ အနားမှာအမြဲနေပြီး ခုခံကာကွယ်ပေးတယ်။ နာမည်က နည်းနည်းတိုဖို့ လိုကောင်းလိုမှာပါ။ သစ္စာရှိသော. . . သစ္စာရှိခြင်း. . . အဘွားက သူ့ကိုရှေးစကားလုံးတွေ မသင်ပေးခဲ့ဘူး။ ဟုတ်ပြီ. . ဖီဒို (Fido) ဆိုတဲ့ နာမည်ရလိုက်ပြီ။ ဖီဒို သစ္စာရှိတဲ့ နာမည်ကောင်းတစ်ခုပါ။ နာမည်မှန်တစ်ခုပါ။ ငါ့ရဲ့သစ္စာရှိသော အဖော်မွန်။ ငါ့ရဲ့သစ္စာရှိသောခွေး. . . ဖီဒို။

ခွေးနာမည်ရပြီဆိုပေမယ့် နတ်သူငယ် စိတ်အားငယ်သွားပြန်တယ်။ သူတစ်ယောက်ပဲ ကျန်တော့တယ်။ ကျန်တဲ့နတ်သူငယ်တွေက အဖမ်းခံရ၊ ပြည်နှင်ဒဏ်ခံရ၊ ကဲ့ရဲ့လှောင်ပြောင်ခံရ၊ တစ်ခါတလေ ကြိုးကွင်းစွပ်သတ်ခံရ၊ တစ်ခါတလေ ရိုးရိုးတန်းတန်း ဆာလောင်ငတ်မွတ်ပြီး သေကုန်ကြပြီ။ နေရပ်ကနေနှင်ထုတ်ခံခဲ့ကြရလို့ အားလုံးသေကုန်ကြပြီ။ သူကလွဲပြီး ဘယ်သူမှမရှိတော့ဘူး။ သူက နောက်ဆုံးတစ်ယောက်ဖြစ်တယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁၀)

ယောက်ျားနဲ့ မိန်းမက ကိုယ့်ကိုယ်ကိုယ် လူဆိုးအဖြစ် သတ်မှတ်ပြီး ထောင့်တစ်နေရာမှာ ထရောက်ငါးတစ်ဝက်စီ ထိုင်စားနေကြတယ်။ နတ်သူငယ်က မျက်နှာချင်းဆိုင်ထောင့်မှာထိုင်ပြီး ဆင်းရဲဒုက္ခရောက်နေရှာတယ်။ မွန်ဇာက သူ့အတွက် မှိုအနည်းငယ်ရှာပေးပေမယ့် သူ မစားချင်ဘူး။ စားကြွင်းစားကျန် ငါးရိုးတွေကို အပြင်ထွက်မြှုပ်ပစ်ဖို့ သူတို့ကိုတောင်းဆိုနေတယ်။ ခပ်ဝေးဝေးမှာမြှုပ်ဖို့၊ ပြီးတော့ အုတ်ဂူလှလှလေးတစ်ခုလုပ်ဖို့ ပြောတယ်။ သူတို့နှစ်ယောက်က သူတို့ဟာ ကမ္ဘာပေါ်မှာ ပထမတန်းစားငတုံးကြီး၊ အင်မတန်ရက်စက်ကြမ်းကြုတ်တဲ့ လူဆိုးလို့ မှတ်ယူလိုက်ကြပြီး နတ်သူငယ်ပြောတဲ့အတိုင်း လိုက်နာလိုက်ကြတယ်။

သူတို့ပြန်လာတော့ နတ်သူငယ်က ထောင့်နေရာက ထွက်လာပြီး အဝါရောင်အင်္ကျီထဲကနေ စုတ်ပြတ်ဟောင်းနွမ်းတဲ့ ပန်းထိုးအိတ်တစ်လုံး ထုတ်လိုက်တယ်။ အိတ်ကိုသွန်လိုက်တာနဲ့ အိတ်ထဲကနေ မိုးပြာရောင်နဲ့ အပြာရင့်ရောင် အစင်းခြယ်ထားတဲ့ သစ်သားဂျင်တစ်လုံး၊ မိုးပြာရောင် ကတ္တီပါအဖုံးကို ငွေကြိုးနဲ့ သီထားတဲ့ စာအုပ်ငယ်တစ်အုပ်က အစဉ်လိုက်ထွက်ကျလာတယ်။ စာအုပ်က နတ်သူငယ်ဘာသာနဲ့ရေးထားတယ်။ ပြီးတော့ ပြာဖျော့ရောင်ကြိုးမျှင်နဲ့ ချည်ထားတဲ့ ပုရပိုက်တစ်ခုလည်း ပါတယ်။

"အပြာရောင်က နတ်သူငယ်တို့ရဲ့အရောင်ပါ။ ဒါပေမဲ့ ကျွန်တော်တို့

mgyoe.com

mgyoe.com SAMPLE BOOK

သုံးခွင့်မရှိပါဘူး။ ကျွန်တော်တို့က အဝါရောင်ကိုသိပ်မုန်းပါတယ်" နတ်သူငယ်က ရှင်းပြတယ်။

လူသားမုဆိုးက ခေါင်းညိတ်လိုက်တယ်။

နတ်သူငယ်က ကြိုးကိုဖြေပြီး ပုရပိုက်ကိုဖြန့်လိုက်တယ်။

"ဒါက ဘာလဲဆိုတာ ခင်ဗျားတို့သိလား"

"ပုရပိုက်တစ်ချပ်လေ" မုဆိုးကပြောတယ်။

"ဟုတ်တယ်. . . ဒါပေမဲ့ ဒီအမှတ်အသားတွေက ဘာလဲသိလား"

"ရုပ်ပုံတွေ" လူယောက်ျားက ခန့်မှန်းတယ်။

"စာတွေ" လူမိန်းမက ခန့်မှန်းတယ်။

"မြေပုံတစ်ချပ်ပါ။ ကျွန်တော့်ကို အဘွားထွက်သွားခိုင်းတုန်းက ဒီကဗျာစာအုပ်ကိုပါ ထည့်ပေးလိုက်တယ်။ ပြီးတော့ ဒီမြေပုံတစ်ချပ်လည်း ပါတယ်။ ကဗျာစာအုပ်က ကျွန်တော့်မေမေစာအုပ်ပါ။ မြေပုံက ကျွန်တော့်ဖေဖေမြေပုံပါ။ ဖေဖေက ခရီးသွားသူတစ်ယောက်ပါ။ ဒါကြောင့်လည်း သေသွားတာပါ။ နတ်သူငယ်က နတ်သူငယ်စခန်းမှာပဲ နေရပါတယ်။ တခြားနေရာ လျှောက်မသွားရပါဘူး။ ကျွန်တော်တို့နေတဲ့စခန်းကိုပြန်လာဖို့ သူပြင်ဆင်ချိန် ကင်းလှည့်စစ်သားနဲ့တိုးပြီး အဖမ်းခံလိုက်ရတယ်။ အဖေအသတ်ခံလိုက်ရတယ်။ ဒါကြောင့် ဖေဖေ့ကို ကျွန်တော်တစ်ခါမှ မမြင်ဖူးခဲ့ဘူး။ ဒါက သူ့ရဲ့မြေပုံပါ။ ကျွန်တော်တို့လျှောက်ခဲ့တဲ့နေရာတွေက ဖေဖေဆွဲခဲ့တဲ့ မြေပုံတွေပါပဲ။ ပြီးတော့ ကျွန်တော်တို့ လျှောက်ကိုလျှောက်ရမယ့် လမ်းတွေပါပါတယ်။ ဒါနဲ့ ခင်ဗျားတို့က မြေပုံမကြည့်တတ်ဘူးလား. . သိပ်လွယ်ပါတယ်။ တည်နေရာကို နတ်သူငယ်စာပေ၊ လူသားစာပေနဲ့ ရေးထားတာပါ"

တိတ်ဆိတ်သွားတယ်။ နတ်သူငယ်ခေါင်းထဲ ကြောက်စရာကောင်းတဲ့ သံသယဝင်လာတယ်။

"ခင်ဗျားတို့ စာမဖတ်တတ်ဘူးလား၊ လုံးဝ စာမဖတ်တတ်ဘူးလား။ ရှေးဟောင်းစာတင်မက အခုကျွန်တော်တို့ပြောနေတဲ့ လူသားစာပေကိုလည်း မဖတ်တတ်ဘူးလား-

တိတ်ဆိတ်နေတယ်။ လူယောက်ျားက ပခုံးတွန့်တယ်။ လူမိန်းမက ခေါင်းညိတ်တယ်။

ဒါ သိပ်ကြောက်စရာကောင်းတာပဲ။

ဒီသနားစရာလူသားနှစ်ယောက်အတွက် နတ်သူငယ် စိတ်မကောင်း

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်မိတယ်။ ဘာသာစာပေ အမေ့လျော့ခံထားရတဲ့လောကမှာ လမ်းပျောက်နေတာ တကယ့်ကို ကြောက်စရာကောင်းလှတယ်။

နတ်သူငယ်က သူတို့ကို မြေပုံအကြောင်း ရှင်းပြတယ်။ တစ်ဖက်က မဟူရာတောင်၊ မဟူရာတောင်ရဲ့ဟိုဘက်မှာက ပင်လယ်၊ ဘယ်ဘက်အောက်ထောင့်မှာ အိမ်တွေအများကြီး။ မြစ်ဘေးမှာ အုတ်တံတိုင်းတွေ ကာထားတာက ဒယ်လီဂါမြို့ဖြစ်တယ်။ အဲဒီမြစ်က ဒိုဂုန်(Dogon) မြစ်ဖြစ်ပြီး အခုလက်ရှိ သူတို့ရောက်နေတဲ့စမ်းချောင်းငယ်ကတော့ နာမည်မရှိဘူး။ ဘေးမှာ ဝက်သစ်ချပင်ပေါက်နေတဲ့မျှော်စင်က အခု သူတို့ရောက်နေတဲ့ မျှော်စင်ဖြစ်တယ်။ သိပ်မဝေးတဲ့ တစ်နေရာမှာ စမ်းချောင်းငယ်က ဒိုဂုန်မြစ်ထဲ စီးဝင်သွားတယ်။ အဲဒီမြစ်က ဒယ်လီဂါမြို့ဘေးကမြစ်ဖြစ်တယ်။ နောက်ထပ် ဆက်စီးဆင်းသွားရင် ဒီမြေပုံပေါ်က နောက်ဆုံးရွာတစ်ရွာဖြစ်တဲ့ အာစထရစ်(Arstrid)ရွာကိုဖြတ်တယ်။ အဲဒီနောက် မြစ်ရေက မဟူရာတောင်ဘက် တောက်လျှောက် ဦးတည်စီးဆင်းသွားတယ်။ ဒိုဂုန်မြစ်က မဟူရာတောင်ကိုဖြတ်စီးပြီး မတ်စောက်တဲ့ချိုင့်ဝှမ်းတစ်လျှောက် စီးဆင်းသွားတယ်။ မြေပုံပေါ်မှာ ရှင်းရှင်းလင်းလင်း မြင်နေရတယ်။ လမ်းလေးပေါ်က ထိုးထိုးထောင်ထောင်ထွက်နေတဲ့ ကျောက်တုံးကိုတောင် မြင်နေရတယ်။ ကျောက်တုံးပေါ်မှာ မီးခိုးငွေ့တန်းတစ်ခုရှိပြီး အောက်မှာက ရှုနစ်တတိယမင်းဆက်ခေတ်ကစာနဲ့ "ဤနေရာတွင် နဂါးရှိသည်" လို့ ရေးထားတယ်။

စမ်းချောင်းတစ်လျှောက်ကနေ မြစ်အထိသွားပြီး မြစ်တောက်လျှောက်ရှာမှ နဂါးကိုတွေ့မှာ ဖြစ်တယ်။

သူက နောက်ဆုံးနတ်သူငယ်ပါ။

ဒီကိစ္စကို သူလုပ်မှဖြစ်မှာပါ။

"ဘာဖြစ်လို့ နင်က ဒီလောက်တိတိကျကျ ပြောနိုင်တာလဲ" ဇာချ်ရာမေးလိုက်တယ်။

"ကျွန်တော့်နာမည်ကြောင့်ပါ။ အထဲမှာ ကျွန်တော့်နာမည်ပါတယ်။ ကျွန်တော့်နာမည်က Yorshkrunsquarklejolnerstrink။ Nerstrink ဆိုတာ နတ်သူငယ်ဘာသာစကားနဲ့ 'နောက်ဆုံး' လို့ အဓိပ္ပာယ်ရပါတယ်"

"အဲဒီအဓိပ္ပာယ် ဟုတ်ချင်မှလည်း ဟုတ်မှာပါ။ တခြားနာမည်လိုပဲ အသံထွက်တူတာလောက်ပဲ ရှိမယ်ထင်တယ်။ အဓိပ္ပာယ်အမှန်ရှိတာ မဟုတ်ဘူး။ ငါ့နာမည် ဇာချ်ရာဆိုတာက ငါတို့ရွာစည်းရိုးမှာပေါက်တဲ့ ပန်းတစ်မျိုးရဲ့နာမည်

mgyoe.com